Voice of Burma
Published by Voice of Burma Information Group Issue No. 735, NOVEMBER 8, 2009
1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN
Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com

# ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရေးအရ ဆွေးနွေးမှုတွေဖြစ်ပေါ်ဖို့လိုဟု ပြောဆို

**VOA၊ နိုဝင်ဘာ ၅။** ။ မြန်မာနိုင်ငံအပေါ်မူဝါဒသစ်တွေကျင့်သုံးဖို့ ပြင်ဆင်နေတဲ့ အမေရိကန်ပြည်ထောင်စုက အဆင့်မြင့်သံတမန်တွေရဲ့ခရီးစဉ် မနေ့တုန်းက အဆုံးသတ်ခဲ့တဲ့နေရာမှာ မြန်မာနိုင်ငံရေးအသိုင်းအဝိုင်းက သက်ဆိုင်သူအတော်များများနဲ့ ကျယ်ကျယ်ပြန့်ပြန့်တွေ့ဆုံခွင့်ရခဲ့တယ်လို့ ခရီးစဉ်ကိုဦးဆောင်သူ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက ပြောပါတယ်။

အဆင့်မြင့်သံတမန်ဆက်ဆံမှုတွေမရှိခဲ့တာ ဆယ်စုနှစ်တခုနီးပါးရှိနေရာက အခုလိုစတင်ဆက်သွယ်မှုတွေ ရှိလာနေပေမယ့်လည်း ဒီထက်ပိုတိုးတက်တဲ့ ဆက်ဆံရေးတွေဖြစ်ဖို့အတွက်ကတော့ စစ်အစိုးရဘက်က နောက်ထပ်ဆောင်ရွက်ဖို့ လိုနေသေးတဲ့အကြောင်းလည်း သူကပြောခဲ့ပါတယ်၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနဲ့ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell နဲ့ သူ့ရဲ့လက်ထောက်တဦးဖြစ်တဲ့ Scot Marciel တို့ဦးဆောင်ပြီး သွားရောက်ခဲ့တဲ့ ခရီးစဉ်အတွင်းမှာတော့ ဖမ်းဆီးခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နိုင်ငံရေးအရပိုမိုဆောင်ရွက်ခွင့်ရစေဖို့ကိုလည်း တိုက်တွန်းခဲ့တာဖြစ်ပါတယ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုရည်ရွယ်တဲ့ ဆွေးနွေးပြောဆိုမှုတွေဖြစ်ပေါ်စေဖို့ ဒီလိုလုပ်ဆောင်ဖို့လိုအပ်တဲ့အကြောင်း ခရီးအဆုံးပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီးက ပြောခဲ့တာပါ။

“ဒီလိုဆွေးနွေးပြောဆိုမှုမျိုးက အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ မြန်မာနိုင်ငံထဲက နိုင်ငံရေးလုပ်ငန်းစဉ်မှာ အားလုံးပါဝင်နိုင်တဲ့အခြေအနေကို ဖြစ်ပေါ်စေပါလိမ့်မယ်။ ဒီအခြေအနေကို ဦးတည်စေဖို့အတွက် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ သက်ဆိုင်သူပုဂ္ဂိုလ်တွေ၊ အထူးသဖြင့်ကတော့ သူ့ပါတီက ဗဟိုအလုပ်အမှုဆောင်တွေနဲ့ မကြာခဏထိတွေ့ဆက်ဆံမှုတွေလုပ်ဆောင်နိုင်အောင် မြန်မာစစ်အစိုးရက ခွင့်ပေးဖို့အတွက်လည်း ကျနော်တို့တောင်းဆိုခဲ့ပါတယ်။”

လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက တောင်းဆိုထားတဲ့အတိုင်း ဒေါ်အောင်ဆန်းစုကြည်ကို အာဏာပိုင်တွေက သူ့ရဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေနဲ့ မနေ့တုန်းက တွေ့ဆုံခွင့်ပြုပေမယ့် ဒီအထဲမှာ ပါတီဒု–ဥက္ကဋ္ဌလည်းဖြစ်၊ သူ့လိုဘဲနေအိမ်မှာ အကျယ်ချုပ် ဖမ်းဆီးခံနေရတဲ့ ဦးတင်ဦးမပါဝင်တဲ့အတွက် ငြင်းဆန်ခဲ့တယ်လို့ စစ်အစိုးရအာဏာပိုင်သတင်းတွေကဖော်ပြခဲ့ပါတယ်။ NLD ပါတီအတွင်းရေးမှူးဖြစ်တဲ့ ဦးဝင်းတင်ကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ရပ်တည်ချက်ဟာ နည်းလမ်းကျတယ်လို့ ဆိုပါတယ်။

“ကျနော့်သဘောပြောရရင် ကျနော်က ဒေါ်စုနဲ့မတွေ့တာလည်း နှစ်ပေါင်း ၂၀ ကျော်ပြီ။ ကျနော်အကြာဆုံးပေါ့ဗျာ၊ မတွေ့ရတဲ့လူထဲမှာ။ ဦးတင်ဦးနဲ့လည်း နှစ်ပေါင်း ၂၀ ကျော်ပြီ မတွေ့ရဘူး။ အဲဒီတော့ ဒီပုဂ္ဂိုလ်နှစ်ယောက်နဲ့ ကျနော် မတွေ့လိုက်ရတဲ့အတွက်တော့ ကျနော့်အဖို့ကတော့ အများကြီးကိုစိတ်မကောင်းဖြစ်စရာကိစ္စဘဲ။ သို့သော် ဒေါ်စုလုပ်တာ Morally မှန်တယ်ဗျ။ ဒီလိုလုပ်ရမယ်”။

“ဆိုပါတော့ဗျာ၊ NLD မှာ ကျနော်နဲ့ ဦးခင်မောင်ဆွေဆိုရင် စစ်အစိုးရက တရားဝင် CEC မဟုတ်ဘူးဆိုပြီး အမြဲတမ်းပယ်ပယ်ချတယ်။ ဂမ်ဘာရီနဲ့ခေါ်တယ် ကျနော်တို့မပါဘူး။ မစ္စတာဘန်ကီမွန်းနဲ့တွေ့တယ်၊ ကျနော်တို့မပါဘူး။ ဂျင်မ်ဝဘ်နဲ့တွေ့တယ်၊ ကျနော်တို့မပါဘူး။ ကျနော်တို့ စစ်အစိုးရလုပ်တိုင်းခံခဲ့ရတာတွေ အများကြီးရှိတယ်။ နေရာတိုင်းမှာကျနော်က ငုံ့မခံနိုင်ဘူး။ သည်းညည်းခံတာကတမျိုးဗျာ၊ ငုံ့မခံနိုင်ဘူး။ ဒေါ်စုလုပ်တာ ကျနော်ထောက်ခံတယ်၊ ဒီနည်းကို ယူရမယ့်ကိစ္စဖြစ်တယ်လို့ ကျနော်ပြောချင်တယ်။”

မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးတွေရရှိဖို့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေအားလုံးပြန်လွှတ်ပေးဖို့၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေဖြစ်ပေါ်ဖို့ စတာတွေအတွက် အမေရိကန်ပြည်ထောင်စုက ပြင်းပြင်းထန်ထန်ထောက်ခံကြောင်းပြသဖို့ ဒီခရီးစဉ်က ရည်ရွယ်ထားကြောင်းလည်း လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက ခရီးစဉ်အဆုံးမှာ ကြေညာချက်တစောင် ထုတ်ပြန်ပြောဆိုခဲ့တာပါ။ ဒါပေမယ့်လည်း ဒီလိုအမေရိကန်ပြည်

**စာမျက်နှာ ၃ သို့**


| | | | | |
|---|---|---|---|---|
| **အဲန်အယ်လ်ဒီ တိုင်းရုံးပြန်ဖွင့်ရေး ရွေးကောက်ပွဲကော်မ ရှင်တွေ့ဆုံ** | **အမေရိကန် အဆင့်မြင့်အရာရှိအဖွဲ့ နှင့် တိုင်းရင်းသားပါတီ ၈ ဖွဲ့ တွေ့ဆုံ** | **ရွေးကောက်ပွဲဝင်သင့်ဟု ကျောက်ကြီးအမတ် အပြောကို အမ်ပီယူ ဆန့်ကျင်** | **အမေရိကန်အဆင့်မြင့် သံတမန် အဖွဲ့ မြန်မာနိုင်ငံခရီးစဉ် အပေါ် သုံးသပ်ချက်များ** | **ဒေါ်စုနှင့်ဗဟိုအလုပ်အမှုဆောင်တွေဆုံခွင့် ဦးတင်ဦးမပါဝင်တဲ့ အပေါ် အဖွဲ့ချုပ်ဝေဖန်** |
| **စာမျက်နှာ ၂** | **စာမျက်နှာ ၄** | **စာမျက်နှာ ၁၂** | **စာမျက်နှာ ၁၄** | **စာမျက်နှာ ၁၈** |

**VOB အာဘော်**

# ပြစ်ဒဏ်ခတ်ရေး လိုအပ်နေဆဲ

နအဖနဲ့ အမေရိကန်အစိုးရတို့ကြား ဆက်ဆံရေးအခြေအနေပြောင်းလဲလာပြီးနောက် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာအမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကင်မ်ဘဲလ်ဦးဆောင်သော ကိုယ်စားလှယ်တဖွဲ့သည် မြန်မာနိုင်ငံသို့ နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်နေ့များတွင် သွားရောက်ခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့သည် နအဖဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အခြားအစိုးရအရာရှိများနှင့်တွေ့ဆုံခဲ့သလို၊ ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တချို့၊ တိုင်းရင်းသားလူမျိုးစုပါတီများမှ ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံခဲ့သည်။ အဆိုပါခရီးစဉ်မတိုင်မီကပင် မစ္စတာ ကင်မ်ဘဲလ်က အချက်အလက်ရှာဖွေရေးခရီးစဉ်ဖြစ်မည်ဆိုသည်ကို ထုတ်ဖော်ပြောဆိုထားပြီးဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် သမတဘားရက်အိုဘားမားအစိုးရတက်လာပြီးနောက် မြန်မာနိုင်ငံပေါ်ထားရှိသည့်ပေါ်လစီကို ပြောင်းလဲရန်လေ့လာမှုများစတင်ချိန်နှင့် နအဖစစ်အုပ်စုက အမေရိကန်ရဲ့ပြစ်ဒဏ်ခတ်အရေးယူမှုဖယ်ရှားပေးရန် ချဉ်းကပ်တောင်းဆိုမှုနှင့် အချိန်ကိုက်ခဲ့သည်။ အမေရိကန်က မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ပြစ်ဒဏ်ခတ်အရေးယူမှုရုပ်သိမ်းရေးကို ဆက်စပ်ထားသည်။ နအဖစစ်အုပ်စုက စီးပွားရေးတိုးတက်ကောင်းမွန်လာရေးနှင့် ပြစ်ဒဏ်ခတ်အရေးယူမှုရုပ်သိမ်းရေးကို ဆက်စပ်ထားသည်။ ချဉ်းကပ်မှုနှစ်ခုက နီးစပ်မလိုနှင့် အခြေခံခြင်းကွာဟနေသည်။

အမေရိကန်၏ ပြစ်ဒဏ်ခတ်အရေးယူမှုသည် နအဖစစ်ခေါင်းဆောင်များကို အကြီးအကျယ်ထိခိုက်သည်မှာ အမှန်ပင်ဖြစ်သည်။ သမတ ဘီလ်ကလင်လက်ထက်ကစတင်ခဲ့သည့် ပြစ်ဒဏ်ခတ်အရေးယူမှုသည် ယနေ့တိုင်တည်ရှိနေဆဲဖြစ်သည်။ ပြစ်ဒဏ်ခတ်အရေးယူမှုသည် ကနဦးတွင် အမေရိကန်နှင့် မြန်မာပြည်တို့အကြားဆက်နွယ်နေသည့်စီးပွားရေးပမာဏနည်းပါးသည့်အတွက်အကြီးအကျယ်ထိခိုက်မှုမရှိဟု ဆိုခဲ့သည်။ သို့သော် နအဖဗိုလ်ချုပ်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ၎င်းတို့နှင့်နီးစပ်သောစီးပွားရေးနယ်ပယ်မှပုဂ္ဂိုလ်များ၏ခရီးသွားလာမှုနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို သီးခြားပစ်မှတ်ထားလုပ်ဆောင်လာသောအခါ နအဖက ပြစ်ဒဏ်ခတ်အရေးယူမှုများကို ရုပ်သိမ်းပေးရန် အတိအလင်းတောင်းဆိုလာခဲ့သည်။

အမေရိကန်ကိုယ်စားလှယ်အဖွဲ့က ခရီးစဉ်အတွင်းဆွေးနွေးမှုများအပေါ်အခြေခံ၍ ပြစ်ဒဏ်ခတ်အရေးယူမှုများကိုရုပ်သိမ်းရေးမှာ မြန်မာနိုင်ငံတွင်း ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများသိသာသည့်တိုးတက်ပြောင်းလဲမှုရှိမှသာ ရုပ်သိမ်းနိုင်မည်ဟုဆိုလိုက်သည်။ ထို့အပြင် ပြစ်ဒဏ်ခတ်အရေးယူမှုသည် ထိရောက်သော လက်နက်တခုဖြစ်သည်ဟု အတိအလင်းထုတ်ဖော်ပြောဆိုခဲ့သည်။ နအဖစစ်အုပ်စုသည် ယနေ့ထက်တိုင်စစ်မှန်သည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးထက် ၎င်းတို့အလိုရှိသောနိုင်ငံရေးစနစ်၊ ပုံစံ၊ အာဏာဆက်လက်ချုပ်ကိုင်ရေးကို အာရုံထားလုပ်ဆောင်နေဆဲဖြစ်သည်ကို တွေ့မြင်နေရသောကြောင့် အမေရိကန်ပြည်ထောင်စုအပါအဝင်နိုင်ငံတကာအသိုင်းအဝိုင်း၏ နအဖစစ်အာဏာရှင်များအပေါ် ပြစ်ဒဏ်ခတ်အရေးယူမှုသည် ဆက်လက်လိုအပ်နေဆဲဖြစ်သည်။ မြန်မာစစ်အာဏာရှင်များအနေဖြင့် <u>မိမိတို့၏အနာဂတ်အာမခံချက်ရှိရေးမှာ</u> နိုင်ငံရေးအင်အားစုများ၊ ပြည်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက လက်ခံသော စစ်မှန်သည့်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို အားလုံးနှင့်လက်တွဲလုပ်နိုင်ရေးပင်ဖြစ်သည်ကို ယခုအချိန်အခါတွင် သဘောပေါက်လက်ခံကာ လက်တွေ့အကောင်အထည်ဖော်ရန်လိုအပ်နေပြီဆိုသည်ကို သတိပေးရေးသားလိုက်ရပေသည်။

---

# အဲန်အယ်လ်ဒီ တိုင်းရုံးပြန်ဖွင့်ရေး ရွေးကောက်ပွဲကော်မရှင်တွေ့ဆုံ

**RFA၊ နိုဝင်ဘာ ၃။** ။ ၆ နှစ်ကျော်အပိတ်ခံထားရတဲ့ တိုင်းရုံးခန်းပြန် လည်ဖွင့်ပေးဖို့ကိစ္စနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းအလုပ်အမှုဆောင်အဖွဲ့ဝင်တချို့ကို ရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ ၂ ရက်၊ မနေ့က ခေါ်ယူတွေ့ဆုံခဲ့ပါတယ်။

ရန်ကုန်တိုင်း၊ NLD အဖွဲ့ဒုဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်းအဆိုအရ ရုံးခန်းတွေကို ဘယ်အချိန်မှာပြန်ဖွင့်လို့ရမလဲဆိုတာကိုတော့ ကော်မရှင်ရဲ့တာဝန်ရှိပုဂ္ဂိုလ်တွေဘက်က အတိအကျမပြောပြခဲ့ဘူးလို့ ပြောပါတယ်။

“သူတို့ကအခုချက်ချင်းဖွင့်ပေးမယ်၊ မဖွင့်ပေးဘူး ဘာမှတော့မပြောဘူး၊ ဒါပေမယ့်လည်း သူတို့ကျနော်တို့တင်တဲ့စာအတိုင်း သူတို့သွားပြီးတော့ ဒီရုံးကိုလည်းသူတို့ကြည့်ပါတယ်ပေါ့။ ပြီးတော့ ကျနော်တို့ပြောတဲ့အတိုင်းဘဲ ဒီရုံးကပျက်စီးယိုယွင်းနေတာလည်း ဟုတ်ပါတယ်။ အဲဒီတော့ သူတို့ဒါကိုဆက်ပြီးတော့ ဆောင်ရွက်ပေးပါမယ်လို့ အဲလိုပြောတယ်။”

ဒါပေမယ့် အခုလို ရွေးကောက်ပွဲကော်မရှင်က ခေါ်ယူတွေ့ဆုံတာ နိုင်ငံရေးအရတိုးတက်မှုတခုအနေနဲ့ မြင်နိုင်တယ်လို့ ဒေါက်တာသန်းငြိမ်းက ဆိုပါတယ်။

“သူတို့အနေနဲ့ပေါ့လေ၊ ကျနော်တို့တင်ပြတဲ့ဟာကို အရေးတယူလုပ်ပြီးတော့ ဒါကို သူတို့ဆောင်ရွက်ပေးတယ်။ နောက်တခါ ကျနော်တို့ကိုလည်းဘဲ သေသေချာချာဖိတ်ကြားပြီးတော့ စာနဲ့ပေနဲ့ဖိတ်ကြားပြီးတော့ သူတို့လည်းလူတော်တော်စုံပါတယ်၊ ဥက္ကဋ္ဌရော၊ အတွင်းရေးမှူးရော၊ တခြားသူတို့ခေါ်ထားတဲ့ ပတ်သက်တဲ့လူတွေပေါ့နော်။

ကျနော်တို့ကိုတွေ့ဆုံဆွေးနွေးတဲ့အခါမှာလည်း အားလုံးလေးလေးစားစား တဘက်နဲ့တဘက် အဲလို ပြေပြေလည်လည်နဲ့ ကျနော်တို့မွန်မွန်ရည်ရည်ဘဲ စကားပြောလို့ရပါတယ်။ အခြေအနေကတော့ ဒီပုံအတိုင်းဆိုရင်တော့ ကျနော်တို့က ဒါအများကြီးဘဲအားရစရာကောင်းတယ်လို့ဘဲ ပြောရမှာပါ။”

ဒ့ါအပြင် အဖွဲ့ချုပ်ရဲ့ လက်ရှိ ရန်ကုန်တိုင်း၊ စည်းရုံးရေးကော်မတီစာရင်းကိုလည်း ရွေးကောက်ပွဲကော်မရှင်ရုံးကို တင်ပြပေးဖို့ တာဝန်ရှိပုဂ္ဂိုလ်တွေက ပြောဆိုတယ်လို့သိရပါတယ်။ ရန်ကုန်တိုင်း NLD မှာ လက်ရှိ အလုပ်အမှုဆောင်ခြောက်ဦးအပါအဝင် အဖွဲ့ဝင် ၁၆ ဦးရှိပါတယ်။

ရန်ကုန်တိုင်းအတွင်းရှိ NLD ပါတီရုံးခန်းတွေဟာ လွန်ခဲ့တဲ့ ၆ နှစ်ကျော်အချိန်ကတည်းက တနိုင်ငံလုံးမှာရှိတဲ့ NLD ပါတီရုံးများနဲ့အတူ အာဏာပိုင်တွေ ချိတ်ပိတ်တာကိုခံထားရတာဖြစ်ပါတယ်။ အာဏာပိုင်တွေက NLD ရုံးချုပ်တခုတည်းကိုဘဲ ဖွင့်လှစ်ခွင့်ပေးထားတာပါ။

ခုလို ၆ နှစ်ကျော်ကြာအောင် ရုံးခန်းတွေအပိတ်ခံထားရတာကြောင့် ပျက်စီးယိုယွင်းမှု အများအပြားရှိနေပါတယ်။ ရုံးခန်းများကို ပြန်လည်ပြင်ဆင်ဖို့နဲ့ ပြန်လည်ဖွင့်ခွင့်ရဖို့ ရွေးကောက်ပွဲကော်မရှင်ရုံးကို ပြီးခဲ့တဲ့လက အဖွဲ့ချုပ်တိုင်းစည်းအနေနဲ့ တင်ပြခဲ့ပါတယ်။

ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ရုံးခန်းဖွင့်ခွင့်တင်ထားတာနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီကို ခေါ်ယူတွေ့ဆုံတာ ခုတကြိမ်ဟာ ပထမဦးဆုံးအကြိမ်ဖြစ်ပါတယ်။

## ဒေါ်စုဓာတ်ပုံဖော်ပြခွင့် စာပေစိစစ်ရေး အမိန့်ထုတ်

**RFA। နိုဝင်ဘာ ၆॥** ॥ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell ရဲ့ မြန်မာပြည်ခရီးစဉ်နဲ့ ပတ်သက်တဲ့သတင်းတွေကို ပြည်တွင်းထုတ်စာစောင်တွေမှာအပေါ်ယံလောက်ဘဲအနည်းကျဉ်းရေးသားခွင့်ပြုတဲ့အပြင် ဒေါ်အောင်ဆန်းစု ကြည်ရဲ့ဓာတ်ပုံကို ဖော်ပြမယ်ဆိုရင် ဗိုလ်ချုပ်ကြီးသိန်းစိန်ရဲ့ ဓာတ်ပုံကိုပါ တပြိုင်နက် ထည့်သွင်းဖော်ပြရမယ်လို့ စာပေစိစစ်ရေးဌာနက အမိန့်ထုတ်ထားကြောင်း သိရပါတယ်။

Mr. Campbell နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ နိုင်ဝင်ဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့က အင်းယားကန်ဟိုတယ်မှာ တွေ့ဆုံခဲ့ကြပြီးနောက် သတင်းထောက်တွေကို ဓာတ်ပုံရိုက်ခွင့်ပေးခဲ့တဲ့အတွက် ဒီတပတ်ထုတ်ဂျာနယ်အတော်များများက ဒေါ်အောင်ဆန်းစုကြည်ရဲ့ဓာတ်ပုံကို ဖော်ပြဖို့ကြိုးပမ်းခဲ့ကြတာဖြစ်ပါတယ်။ ဒါပေမယ့် ဗိုလ်ချုပ်ကြီးသိန်းစိန်ရဲ့ဓာတ်ပုံမပါရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ဓာတ်ပုံ မဖော်ပြရဆိုတဲ့အမိန့်ကြောင့် ဂျာနယ်တွေအကျပ်ရိုက်သွားခဲ့ကြတာဖြစ်တယ်လို့ သတင်းထောက်တဦးက ပြောပါတယ်။

ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့ Mr. Campbell ဦးဆောင်တဲ့ အမေရိကန်ကိုယ်စားလှယ်အဖွဲ့တို့ နေပြည်တော်မှာတွေ့ဆုံခဲ့စဉ်အတွင်း သတင်းထောက်တွေကို ဓာတ်ပုံရိုက်ဖို့မဖိတ်ကြားခဲ့တဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနရဲ့ သတင်းမီဒီယာတွေလောက်ဘဲ ဗိုလ်ချုပ်ကြီးသိန်းစိန်ရဲ့ဓာတ်ပုံကို ရိုက်ယူနိုင်ခဲ့ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဓာတ်ပုံဖော်ပြချင်တဲ့ဂျာနယ်တွေဟာ ဗိုလ်ချုပ်ကြီးသိန်းစိန်ရဲ့ ဓာတ်ပုံကို အစိုးရသတင်းစာတွေကနေတဆင့် ကူးယူဖော်ပြဖို့ အားထုတ်ကြပေမယ့် ဓာတ်ပုံအရည်အသွေးညံ့တာကတကြောင်း၊ ဂျာနယ်အလျင်မီထုတ်ဝေဖို့ တက်သုတ်ရိုက်ဆောင်ရွက်ရတဲ့အတွက် ဗိုလ်ချုပ်ကြီးသိန်းစိန်ရဲ့ဓာတ်ပုံကို ပြန်ကြားရေးဝန်ကြီးဌာနမှာ အချိန်ကုန်ခံပြီး သွားရောက်မတောင်းယူနိုင်တာတွေကြောင့် နောက်ဆုံးမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဓာတ်ပုံမပါဘဲ ထုတ်ဝေဖို့ဆုံးဖြတ်လိုက်ရတယ်လို့ ဂျာနယ်သမားတဦးကပြောပါတယ်။

Mr. Campbell ရဲ့ခရီးစဉ်သတင်းကို ရေးသားရာမှာလည်း အမေရိကန်ကအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လာရောက်တဲ့အကြောင်း ဘယ်သူတွေနဲ့တွေ့ဆုံတယ်ဆိုတဲ့အကြောင်းတွေလောက်ဘဲ ရေးသားခွင့်ပြုပြီး ဝေဖန်သုံးသပ်ချက်နဲ့ သတင်းအကြောင်းအရာသေးစိတ်ကို ထုံးစံအတိုင်း ရေးသားခွင့်မပြုပါဘူး။ Mr. Campbell ရဲ့ခရီးစဉ်သတင်းကို အခုတပတ်ထုတ် Myanmar Times နဲ့ Bi Weekly Eleven ဂျာနယ်တွေမှာ ဦးဦးဖျားဖျားဖော်ပြထားတာတွေ့ရတယ်လို့ ရန်ကုန်စာနယ်ဇင်းသမားတွေက ပြောပါတယ်။

## ကျော်သူရဲ့အနုပညာပြပွဲကြည့်ရှုသူများမျက်ရည်ကျ

**RFA। နိုဝင်ဘာ ၂॥** ॥ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင်ကျော်သူရဲ့ ပန်းချီပြပွဲကို လာရောက်ကြည့်ရှုသူတချို့ မျက်ရည်ကျတဲ့အထိခံစားရတယ်လို့ ပြပွဲကိုလာရောက်ကြည့်ရှုသူတွေက RFA ကိုပြောပါတယ်။

နိုဝင်ဘာ ၂ ရက်နေ့ဟာ ဦးကျော်သူရဲ့အသက် ၅၀ ပြည့်တဲ့ မွေးနေ့ဖြစ်တာကြောင့် မွေးနေ့ပွဲကိုလုပ်ရင်း ရင်းနှီးခင်မင်သူတွေကိုဖိတ်ကြားပြီး ရေးဆွဲထားတဲ့ ပန်းချီကားများနဲ့ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကိုပြသတာဖြစ်တယ်လို့ ဦးကျော်သူကပြောပါတယ်။ ဒီပွဲကို Art Zone ဆိုတဲ့နာမည်ပေးထားပြီး ရန်ကုန်မြို့က ပန်းချီပညာရှင်တော်တော်များများ လာရောက်ခဲ့တာဖြစ်ပါတယ်။ ပြပွဲကိုလာရောက်ခဲ့သူ အမျိုးသမီးတဦး ပန်းချီကားတွေကိုကြည့်ရင်း မျက်ရည်ကျနေတာတွေ့ရတယ်လို့ ပန်းချီဆရာတဦးကပြောပြပါတယ်။

"အမျိုးသမီးတယောက်ကတော့ ကြည့်ပြီးမျက်ရည်ကျနေတာတွေ့တယ်။ ဘယ်လိုတွေ့သလဲဆိုတော့ ရဟန်းပုဂ္ဂိုလ်တပါး infinity ပေ့ါလေ၊ လ ကြီးထဲကို ဖြတ်ဝင်သွားတဲ့ပုံမှာ အောက်မှာက ဆူးညောင့်ခလုတ်တွေနဲ့ ဖြတ်သန်းခဲ့ရတာပေ့ါလေ။ အဲဒီမှာသူကျင့်လာခဲ့တဲ့အားတွေ ဘယ်လောက်အထိပေ့ါလေ။ လောကကြီးမှာ ဒုက္ခတွေ လှိုင်းတံပိုးတွေ ဘယ်လောက်ခံခဲ့ရပြီးမှ သူဒီလမ်းကိုကျင့်ရသလဲဆိုတဲ့ပုံလေးတွေပေ့ါလေ၊ အဲလိုသဘောမျိုးလေးတွေတော့ တွေ့ရပါတယ်။ အဲဒီပုံလေးတွေကလည်း တော်တော်လေးထိရောက်ပါတယ်။ အမျိုးမျိုးတွေးရင်တော့ ရတာပေ့ါဆရာရယ်၊ ဟုတ်တယ်မဟုတ်လား။"

ပြပွဲမှာပြသထားတာ ပန်းချီကား ၂၃ ကားနဲ့ဓာတ်ပုံ ၃၀ ကျော်တယ်လို့ သိရပါတယ်။ ရိုက်ကူးထားတဲ့ဓာတ်ပုံတွေဟာ နာဂစ်မုန်တိုင်းတိုက်ခတ်ချိန်က ဧရာဝတီတိုင်းကို နာရေးကူညီမှုအသင်းက ကူညီရေးလုပ်ငန်းတွေ ဆောင်ရွက်ချိန်က ရိုက်ကူးထားတဲ့ပုံတွေဖြစ်ကြပါတယ်။ ပြသထားတဲ့ပန်းချီကားများနဲ့ ဓာတ်ပုံတွေကို ထိမိတဲ့နာမည်များပေးထားတာဖြစ်တယ်လို့ ပြပွဲကိုလာရောက်သူ ပန်းချီဆရာက ပြောပါတယ်။

"သူ့ရင်ထဲမှာရှိတဲ့ light တွေပေ့ါ။ တကယ့်အစစ်အမှန်အနုပညာလေးတွေကို ရိုးရိုးယဉ်ယဉ်လေးတွေနဲ့ သူပြသွားတာပေ့ါလေ။ ပြသွားတဲ့အခါမှာ ကျနော်တို့ဘာတွေ့ရသလဲဆိုတော့ ဓာတ်ပုံလေးတွေတွေ့ရတယ်။ ဓာတ်ပုံလေးတွေမှာ ဥပမာက သစ္စာဖောက် ဆိုတဲ့ပုံလေးဆိုရင် တော်တော်လေးထိတယ်။ ဓာတ်ကြိုးပေါ်မှာခိုလေးတွေနားနေတယ် အများကြီး။ အဲဒီအများကြီးနားနေတဲ့ကြားထဲမှာမှ ခိုလေးတကောင်က ပျံပြီးထွက်သွားတယ်။ အဲဒါ သစ္စာဖောက်ဆိုပြီးတော့ နာမယ်ကလှလှလေးပေးထားတာ။"

ပြပွဲကို လူ ၂၀၀ ကျော်လာရောက်ကြည့်ရှုသွားကြောင်း သိရပါတယ်။

---

### မျက်နှာ ဖုံးမှ

ထောင်စုဘက်က လိုက်နာဆောင်ရွက်လာပ့ါမလား ဆိုတာတွေကိုတော့ သံသယတွေရှိနေတာပါ။

အထူးသဖြင့်ကတော့ ထောင်ဂဏန်းချီရှိတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ဆက်လက်ဖမ်းဆီးထားဆဲဖြစ်သလို အတိုက်အခံတက်ကြွလှုပ်ရှားသူတွေကို ဖမ်းဆီးမှုတွေကလည်း မရပ်မနားဖြစ်နေဆဲမို့ အမေရိကန်ရဲ့အားထုတ်မှုတွေ အရာမရောက်ဖြစ်နိုင်တယ်လို့ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးဖြစ်တဲ့ Amnesty International အဖွဲ့ရဲ့ မြန်မာနိုင်ငံဆိုင်ရာ သုတေသီ Benjamin Zawacki က ဆိုပါတယ်။

"ဒါက အခု ကြိုးပမ်းအားထုတ်မှုတွေကို ထိခိုက်နိုင်တဲ့ တကယ့်ကိုစိုးရိမ်စရာကိစ္စပါ။ အမေရိကန်မူဝါဒ ပြန်လည်သုံးသပ်ချက်ရလဒ်တွေကို ကြေညာလိုက်ချိန်ကစလို့ နိုင်ငံရေးအကျဉ်းသားပြန်လွှတ်ပေးလိုက်တာ ၁၂၈ ယောက် ရှိပါတယ်။ ဒါပေမယ့်လည်း တကယ်တမ်းအဖမ်းခံထားရသူ ၂,၁၀၀ ကျော်ရှိနေတဲ့အခြေအနေမှာတော့ ဒါဟာ ရေပေါက်လေး တပေါက်လောက်သာရှိပါတယ်။ ပြီးခဲ့တဲ့ တပတ်တည်းမှာလည်း လူ ၅၀ လောက်ကို လမ်းတွေပေါ်မှာသိမ်းကျုံးဖမ်းဆီးပြီး ထောင်ချလိုက်တာလည်း ရှိပါသေးတယ်။"

လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Campbell ကတော့ အမေရိကန်အ

နေနဲ့ နှစ်နိုင်ငံကြား ဆက်ဆံရေးတွေမှာ တိုးတက်စေဖို့ ခြေလှမ်းတွေလှမ်းဖို့ ပြင်ဆင်ထားတဲ့အကြောင်း၊ ဒါပေမယ့်လည်း ဒီကိစ္စတွေကို တဆင့်ချင်းလုပ်သွားမှာဖြစ်သလို မြန်မာစစ်အစိုးရဘက်က အပြန်အလှန် တုံ့ပြန်ဆောင်ရွက်မှုတွေ ခိုင်မာတဲ့ကြိုးပမ်းမှုတွေအပေါ်မှာ မူတည်မယ့်အကြောင်းလည်း ပြောခဲ့တာပါ။

လူ့အခွင့်အရေးချိုးဖောက်မှုတွေကြောင့် မြန်မာစစ်အစိုးရအပေါ် ပိတ်ဆို့ဒဏ်ခတ်အရေးယူမှုတွေ ချမှတ်ထားတဲ့ အမေရိကန်အစိုးရအနေနဲ့ မြန်မာစစ်အစိုးရဘက်က နိုင်ငံရေးအရတိုးတက်မှုတွေ လုပ်ဆောင်လာမယ်ဆိုရင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်တဲ့အထိ ဆက်ဆံရေးတွေကို တိုးမြှင့်သွားနိုင်တဲ့အကြောင်း နိုင်ငံခြားရေးဝန်ကြီး Hillary Clinton ကလည်း ဒီနှစ်ထဲမှာတုန်းက သူ့ရဲ့ အရှေ့တောင်အာရှခရီးစဉ်အတွင်းမှာ ပြောခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့်လည်း ဆက်ဆံမှုတွေ ဒီလိုအဆင့်အထိရောက်ဖို့ကတော့ မြန်မာစစ်အစိုးရဘက်က သိသာတဲ့ပြုပြင်ပြောင်းလဲမှုတွေ ရှိဖို့လိုတယ်။ လတ်တလောမှာတော့ အရေးယူဒဏ်ခတ်မှုတွေ ဆက်လက်ထားရှိရင်း အခြေအနေတွေကို စောင့်ကြည့်သွားဦးမှာဖြစ်တယ်လို့လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မနေ့တုန်းကဘဲ ပြောခဲ့ပါသေးတယ်။

# အမေရိကန် အဆင့်မြင့်အရာရှိအဖွဲ့နှင့် တိုင်းရင်းသားပါတီ ၈ ဖွဲ့ တွေ့ဆုံ

**DVB | နိုဝင်ဘာ ၄ ။** ။ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာကာ့တ်ကမ့်ဘဲလ်ဟာ တွေ့ဆုံမှု ဒုတိယပိုင်းအဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ အတွင်းရေးမှူးအဖွဲ့ဝင် စိုင်းစိုးအောင်၊ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အတွင်းရေးမှူးဦးအေးသာအောင်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနိုင်ထွန်းသိန်း၊ ဇိုမီးအမျိုးသားကွန်ဂရက်ပါတီ ဥက္ကဋ္ဌပုကျင့်ရှင်းထန်တို့အပါအဝင် တိုင်းရင်းသားပါတီ ၈ ဖွဲ့တို့နဲ့ ဒီနေ့ နေ့လည်ပိုင်းမှာ တွေ့ဆုံခဲ့ပါတယ်။

တိုင်းရင်းသားတဖွဲ့စီမှာ ကိုယ်စားလှယ်တဦးသာ တက်ရောက်ခွင့်ရပြီး ၁နာရီကျော်ကြာတွေ့ဆုံချိန်မှာ တိုင်းရင်းသားဘက်က သုံးပွင့်ဆိုင်ဆွေးနွေးရေး ဖြစ်မြောက်ရေးနဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးကို အဓိကတင်ပြတယ်လို့ ရှမ်းအဖွဲ့ချုပ်၊ ရခိုင်အဖွဲ့ချုပ်နဲ့ ဇိုမီးကွန်ဂယက်ပါတီတို့က ပြောပါတယ်။

"ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အဓိက တင်ပြတောင်းဆိုတာက ၂၀၀၈ အခြေခံဥပဒေကနေ အတည်ပြုပြီး ဆက်လက်ကျင်းပသွားမယ့် ၂၀၁၀ ရွေးကောက်ပွဲဟာ အဓိကအရေးကြီးတဲ့အချက် မဟုတ်ဘူး။ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီလွတ်လပ်ခွင့်တွေ အပြည့်အဝရဖို့ဆိုတာက တိုင်းရင်းသားတွေရဲ့ သဘောဆန္ဒအစစ်အမှန်ကို ဖော်ထုတ်ဖို့လိုအပ်တယ်။ တိုင်းရင်းသားတွေရဲ့သဘောဆန္ဒနဲ့ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းက တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့တွေ့ဆုံဆွေးနွေးမှသာ တိုင်းရင်းသား ပြည်သူတရပ်လုံး မျှော်မှန်းထားတဲ့ လွတ်လပ်ခွင့်တွေ၊ တရားမျှတခွင့်တွေ ရရှိမယ်ဆိုတာကို အဓိကထားပြီးတော့ ကျနော်တို့တင်ပြခဲ့ပါတယ်"။

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ ပြောခွင့်ရသူ ဦးစိုင်းလိတ် ပြောပြတာဖြစ်ပါတယ်။ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးအေးသာအောင်ကလည်း အခုလိုပြောပါတယ်။

"အမေရိကန်ကိုယ်စားလှယ်တွေနဲ့ နအဖစစ်အုပ်စုကိုယ်စားလှယ်တွေ၊ အန်အယ်လ်ဒီ၊ တိုင်းရင်းသားကိုယ်စားလှယ်တွေ တွေ့ရာကတဆင့် နအဖအာဏာပိုင်တွေအနေနဲ့ အန်အယ်လ်ဒီ၊ တိုင်းရင်းသားတွေနဲ့ တွေ့နိုင်မှ နိုင်ငံအတွက် အကျိုးရှိမယ်၊ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ အနောက်နိုင်ငံတချို့က ၂၀၁၀ ရွေးကောက်ပွဲဟာ တရားမျှတရင် လက်ခံမယ့်သဘောရှိတယ်။ ပြည်တွင်းနိုင်ငံရေးပါတီတွေ အနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို တရားမျှတရုံ၊ လွတ်လပ်ရုံနဲ့ မပြီးဘဲ ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်နိုင်မှ တိုင်းပြည်အတွက် အကျိုးရှိနိုင်မယ်ဆိုတာကိုဆွေးနွေးပါတယ်"။

"၂၀၁၀ ရွေးကောက်ပွဲကို ဒီအချိန်မှာ လိုအပ်တာတွေ မပြည့်စုံသေးဘူး။ ပြည်တွင်းမှာလည်း ပြဿနာပေါင်းစုံ ရှိနေသေးတယ်။ ရွေးကောက်ပွဲလုပ်မယ်ဆိုရင် ရွေးကောက်ပွဲဥပဒေဆိုတာ ကျနော်တို့က လက်မခံနိုင်သေးဘူး။ အဲ့ဒါကြောင့် ဒါတွေက အချိန်နည်းနည်းစောတယ်ဆိုတဲ့ အမြင်မျိုးကို ပြောတယ်။" လို့ ဇိုမီးကွန်ဂရက်ပါတီ ဥက္ကဋ္ဌ ပုကျင့်ရှင်းထန်ကလည်း ပြောပါတယ်။

"အခု တွေ့ဆုံမှုဟာ တိုင်းရင်းသားတွေဘက်က ဆန္ဒအမှန်ကို ထုတ်ဖော်ပြောပြခွင့်ရတဲ့အတွက် ဒါဟာ တိုးတက်မှုတခုလို့ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဇိုမီးကွန်ဂရက်ပါတီတို့က မျှော်လင့်ထားပေမယ့် ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ လက်တွေ့မှာ သုံးပွင့်ဆိုင်တွေ့ဆုံ ဆွေးနွေးတာ မရှိသေးတဲ့အတွက် တိုးတက်မှုအလားအလာမမြင်ရသေးဘူးလို့ ဦးအေးသာအောင် က ပြောပါတယ်။

"နအဖ အာဏာပိုင်တွေအနေနဲ့ အန်အယ်လ်ဒီ၊ တိုင်းရင်းသားတွေအဖွဲ့ တွေ့ပြီး၊ ညှိနှိုင်းပြီး တိုင်းပြည်အတွက် ဆောင်ရွက်မှ တိုင်းပြည်အကျိုးရှိမှာကိုး။ အခု အမေရိကန်ကိုယ်စားလှယ်တွေနဲ့ နအဖအာဏာပိုင်တွေ တွေ့တယ်။ တိုင်းရင်းသားတွေနဲ့တွေ့တယ်။ ဒီကတဆင့် နအဖအာဏာပိုင်တွေအနေနဲ့ အန်အယ်လ်ဒီ၊ တိုင်းရင်းသားအဖွဲ့တွေနဲ့ တွေ့ဖို့လိုတယ်။ အခုအထိ ဒီလိုအခြေအနေတွေ မမြင်ရသေးဘူး။"

"ဒီနေ့ တွေ့ဆုံဆွေးနွေးမှုအပေါ် အခြေခံပြီး ပြောရရင် ရှေ့အလားအလာ ဒီထက် ပိုကောင်းလာမယ်လို့ ကျနော်တို့ မျှော်လင့်တယ်။ အရင် မစ္စတာဂျင်မ်ဝက်ဘ်တို့၊ မစ္စတာဘန်ကီမွန်း၊ မစ္စတာဂမ်ဘာရီ အစရှိတဲ့ပုဂ္ဂိုလ်တွေ လာတုန်းကဆိုရင် တိုင်းရင်းသားတွေ ဒီလိုစုံစုံစေ့စေ့မတွေ့ရဘူး။ တွေ့တယ်ဆိုတဲ့ပုဂ္ဂိုလ်တွေကလည်း မယ်မယ်ရရ တင်ပြခွင့်မရဘဲ တွေ့ရုံတွေ့ပြီး ပြီးသွားတာရှိတယ်" လို့ ဦးစိုင်းလိတ်က ပြောပါတယ်။

"အခု တွေ့ခွင့်ပေးတယ်၊ နအဖလည်း လက်ခံတယ်၊ ဟိုဘက်ကလည်း လာပြီး အချက်အလက်တွေ စုဆောင်းတယ်ဆိုတော့ နည်းနည်းလေးတော့ ကျနော်တို့ မျှော်လင့်ချက်ရှိတယ်။ ကျနော်တို့ တင်ပြတဲ့ အချက်အလက်တွေ အားလုံးကြည့်ပြီးတော့ ကောင်းမယ့်အချိန်တော့ ရှိရင် ရှိမယ်လို့ ယူဆကြတယ်" လို့ ပုကျင့်ရှင်းထန်က ပြောပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ရေးနဲ့ပတ်သက်လို့ နအဖအနေနဲ့ ပြင်ဆင်ပေးမယ်လို့ မျှော်လင့်သလားလို့ မစ္စတာကာ့တ်ကမ့်ဘဲလ်က မေးခွန်းထုတ်ခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲထက် ၂၀၀၈ ဖွဲ့စည်းပုံက ပိုအရေးကြီးလို့ ဒါကို အသေအချာ လေ့လာသုံးသပ်ဖို့ လိုကြောင်း ရှမ်းအဖွဲ့ချုပ်က ပြောသွားတယ်လို့ ဦးစိုင်းလိတ်က ပြောပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အမေရိကန် အဆင့်မြင့်ကိုယ်စားလှယ်ကတောင် မေးခွန်းထုတ်နေတဲ့အတွက် အခုတွေ့ဆုံမှုဟာ ဘာရည်ရွယ်ချက်နဲ့ ခွင့်ပြုတာလဲဆိုတာနဲ့ပတ်သက်ပြီး "အဓိက က အမေရိကန်နဲ့ ဆက်ဆံရေးကောင်းမွန်ဖို့၊ စီးပွားရေးပိတ်ဆို့မှုကို ရုပ်သိမ်းဖို့။ အမေရိကန်ကသာ ၂၀၁၀ ရွေးကောက်ပွဲကို လက်ခံမယ်ဆိုရင် ကမ္ဘာကပါ လက်ခံလာနိုင်မယ့်အခြေအနေရှိတဲ့အတွက် အဲ့ဒါကို မျှော်ပြီးတော့ အခုလို တွေ့ဆုံဆွေးနွေးခွင့်ပေးတယ်လို့ မြင်ပါတယ်" လို့ ဦးအေးသာအောင် က ပြောပါတယ်။

---

# ဝန်ကြီးဟောင်း ဦးဝင်းအောင်ကွယ်လွန်

**DVB | နိုဝင်ဘာ ၄ ။** ။ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဦးဝင်းအောင် ဒီမနက် အင်းစိန်ထောင်တွင်းမှာ ကွယ်လွန်သွားတယ်လို့ သိရပါတယ်။

အသက် ၆၅ နှစ်အရွယ် ထားဝယ်ဇာတိဖြစ်တဲ့ ဦးဝင်းအောင်ဟာ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ခင်ညွန့်နဲ့ ရင်းနှီးသူဖြစ်ပြီး အဲဒီလို ရင်းနှီးမှုအတွက် ဗိုလ်ချုပ်ခင်ညွန့်ဖမ်းဆီးခံရချိန်မှာ သူလည်း ဖမ်းဆီးထောင်ချခံရပြီး ဒီမနက် ၂ နာရီဝန်းကျင်မှာ အင်းစိန်ထောင်မှာ ကွယ်လွန်သွားတာလို့ ထောင်နဲ့ နီးစပ်သူတွေက ပြောပါတယ်။ ဒီမနက်ပိုင်းမှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းက နာရေးကူညီမှုကားတစီးနဲ့ ထောင်ကိုသွားတာ တွေ့ရပြီး အရေးကြီးအလောင်းတခုကို လုံခြုံရေးအစောင့်တွေနဲ့ ပြန်သယ်ထွက်လာတာ မြင်ရတယ်လို့ မျက်မြင်တွေ့သူ တဦးက ပြောပါတယ်။

ဝန်ကြီးဟောင်း ဦးဝင်းအောင်ရဲ့ အလောင်းဖြစ်ပြီး လူကြီးရောဂါနဲ့ ကွယ်လွန်သွားတယ်လို့ စုံစမ်းသိရကြောင်း အဲဒီပုဂ္ဂိုလ်က ပြောပါတယ်။ ယူကေ သံအမတ်အဖြစ်ကနေ နိုင်ငံခြားရေးဝန်ကြီးဖြစ်လာတဲ့ ဦးဝင်းအောင်ဟာ မီဒီယာနဲ့ ဆက်ဆံရေးပြေလည်သူဖြစ်တဲ့အပြင် ဝါဒဖြန့် ဆောင်းပါးတွေ အများအပြားရေးခဲ့သူလို့လည်း သိရပါတယ်။ သူဟာ ၂၀၀၄ ခုနှစ် ဗိုလ်ချုပ်ခင်ညွန့် အဖမ်း မခံရခင် အချိန်အထိ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့ပြီး နောက်ပိုင်းမှာ သူနဲ့သူ့လက်ထောက် ဦးခင်မောင်ဝင်းတို့ကို တာဝန်က အနားပေးတယ်ဆိုပြီး စစ်အစိုးရကကြေညာခဲ့ပါတယ်။ ဝန်ကြီးချုပ် ဗိုလ်ချုပ်ခင်ညွန့်နဲ့ စစ်ထောက်လှမ်းရေးတွေကိုဖမ်းဆီးပွဲအပြီးမှာ ဦးဝင်းအောင်ကိုလည်း ဖမ်းဆီးပြီး အင်းစိန်ထောင်မှာ ထည့်ထားလိုက်ပြီလို့ သတင်းတွေထွက်ပေါ်ခဲ့ပေမယ့် စစ်အစိုးရဘက်က ဒီသတင်းကို တခါမှ အတည်ပြုချက်မပေးဘဲနဲ့ ဒီနေ့မှာ ကွယ်လွန်သွားတာလို့သိရပါတယ်။

# အမေရိကန်သံအဖွဲ့ခရီးစဉ်ကို အကောင်းမြင်ကြိုဆိုသော်လည်း နအဖကိုစိုးရိမ်
# တွေ့ဆုံဆွေးနွေးမှုများအချိန်ကာလပိုင်းခြားရန်လိုအပ်ဟု ဦးဝင်းတင်ပြောဆို

**NEJ၊ နိုဝင်ဘာ ၅။** ။ အမေရိကန်ပြည်ထောင်စုမှ အဆင့်မြင့်သံတမန်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်တွေ့ဆုံဆွေးနွေးမှုများကို အကောင်းမြင်ကြိုဆိုသော်လည်း စစ်အစိုးရရဲ့နဲ့ပတ်သက်၍ စိုးရိမ်မိကြောင်း အဲန်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တဦးဖြစ်သူ ဦးဝင်းတင်က ပြောကြားလိုက်ပါတယ်။

"ကျနော်ပြောချင်တာကတော့ အခုလို အမေရိကန်ကိုယ်စားလှယ်တွေလာတာ နိုင်ငံရေးအားဖြင့် တွက်မယ်ဆိုရင်တော့ အကောင်းမြင်ပါတယ်။ အခုလို အမေရိကန်အနေနဲ့ ဗမာပြည်နဲ့ဆက်ဆံလာတဲ့ကိစ္စ၊ နောက်တခါ စစ်အစိုးရဘက်ကလည်း ဘာဘဲပြောပြော ဒီလိုလာရောက်တဲ့ အမေရိကန်ရဲ့လမ်းဖွင့်လာခြင်းကိုလည်း မကြိုဆိုတောင်မှ လက်ခံတဲ့ဟာမျိုးအတွက်တော့ ကောင်းတဲ့လက္ခဏာ၊ ကောင်းတဲ့အလားအလာ ပွင့်လာနိုင်စရာရှိတယ်လို့ ကျနော်ကတော့ပြောချင်ပါတယ်။ တခုဘဲရှိတာက စစ်အစိုးရနဲ့ပတ်သက်လို့ ကျနော်ကသိပ်အကောင်းမမြင်လှဘူး။ စစ်အစိုးရက အမြဲတမ်းလိမ်တာ၊ ညာတာ၊ ဖုံးတာ၊ ကာတာ သူတို့ရဲ့အကျိုးစီးပွားကို အမြဲတမ်းရှေ့တိုး နောက်ငင် လုပ်တာတွေများတယ်။" လို့ဦးဝင်းတင်က ပြောပါတယ်။

မြန်မာစစ်အစိုးရဘက်က မှန်ကန်တဲ့သဘောထားများကို မပြင်ဆင်တဲ့အတွက် မြန်မာစစ်အစိုးရနဲ့ အမေရိကန်ပြည်ထောင်စုရဲ့ လုပ်ငန်းစဉ်များသည် မြန်မြန်ဆန်ဆန် ချောချောမွေ့မွေ့နှင့် အကျိုးရလဒ်များ၊ အကျိုးသက်ရောက်မှုများရှိပါ့မလားလို့ စိုးရိမ်မိကြောင်း ဦးဝင်းတင်ကပြောပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာကာ့တ်ကမ်ဘဲလ်နဲ့ ဒု–လက်ထောက် နိုင်ငံခြားရေးဝန်ကြီး စကော့မာရှယ်တို့ပါဝင်တဲ့ အမေရိကန်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့လာရောက်၍ စစ်အစိုးရဝန်ကြီးချုပ်၊ ဒေါ်အောင်ဆန်းစုကြည်၊ အဲန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအပါအဝင် တိုင်းရင်းသားခေါင်းဆောင်တို့နဲ့ ယမန်နေ့ကတွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။

ထိုသို့တွေ့ဆုံရာတွင် အမေရိကန်ကိုယ်စားလှယ်အဖွဲ့သည် အဲန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ပါတီရုံးချုပ်မှာ ၁ နာရီကြာ တွေ့ဆုံဆွေးနွေးခဲ့ကြရာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဦးသန်းထွန်း၊ ဦးဝင်းတင်၊ ဦးစိုးမြင့်၊ ဦးလှဖေ၊ ဦးညွန့်ဝေနဲ့ ဦးခင်မောင်ဆွေတို့ တက်ရောက်ကြပါတယ်။ အဲန်အယ်လ်ဒီအမှုဆောင်အဖွဲ့ဝင်များက ၂၀၁၀ ရွေးကောက်ပွဲနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စ၊ လူ့အခွင့်အရေးပြဿနာများ၊ နိုင်ငံရေးအကျဉ်းသားများကိစ္စ၊ လူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စများကို တင်ပြဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

အခြေခံဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်၍ တောင်းဆိုမှုများမလုပ်ပေးနိုင်သော်ငြားလည်း စစ်အစိုးရကို နားချစေလိုကြောင်း အမေရိကန်ကိုယ်စားလှယ်များကို ပြောကြားခဲ့သော်လည်း ၎င်းတို့က တွေ့ဆုံဆွေးနွေးရေးဖြစ်မြောက်ရန်သာ ဖောင်းပေးလုပ်ဆောင်နေတဲ့အတွက် ကျန်ကိစ္စများကို ခပ်လျော့လျော့သာကိုင်တွယ်ကြောင်း ပြန်လည်ပြောကြားခဲ့တယ်လို့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်ကပြောပါတယ်။

ထို့အပြင် ကိုယ်စားလှယ်များက "သူတို့ဟာ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆွေးနွေးပွဲဖြစ်အောင်၊ အတိုက်အခံအင်အားစုတွေနဲ့ အစိုးရနဲ့ဆွေးနွေးပွဲဖြစ်အောင် လုပ်နေပါတယ်ဆိုတာနဲ့ နောက်တခုက အစိုးရဘက်က မြင်သာထင်သာတဲ့ကိစ္စတွေ မလုပ်သရွေ့ကတော့ ဆန့်ရှင်လိုကိစ္စမျိုးတွေက လျော့ပေါ့မှုတွေဖြစ်မှာမဟုတ်ဘူးလို့ပြောသွားတယ်။" လို့ ဦးဝင်းတင်က တွေ့ဆုံမှုနှင့်ပတ်သက်၍ ဆက်လက်ရှင်းပြပါတယ်။

စစ်အစိုးရအနေနဲ့ အခြေခံဥပဒေပြင်ဆင်ရေးကို လိုက်လျောမည့်အနေအထားမရှိသော်လည်း ပြည်သူများအနေဖြင့် နိုင်ငံရေးစိတ်ဓာတ်ရှိရန် အဓိကလိုအပ်တယ်လို့ ဦးဝင်းတင်ကယူဆပါတယ်။

"အပေါ်ယံကြည့်ရင်တော့ စစ်အစိုးရဘက်ကလည်း ပြင်ဆင်ပြောင်းလဲရေးဆိုတာကို လုံးဝလျှော့မှာမဟုတ်ဘူး။ ကျနော်တို့ဘက်ကလည်း ဒီဟာကို မပြင်ရင်တော့လုံးဝလက်ခံနိုင်တဲ့ အနေအထားမရှိဘူး။ ကျနော်တို့ဆိုတာက အဲန်အယ်လ်ဒီတခုတည်းမဟုတ်ဘူး။ တိုင်းရင်းသားတွေရော၊ တိုင်းသူပြည်သားတွေရော၊ ပြည်ပမှာရောက်နေတဲ့ နိုင်ငံရေးအင်အားစုတွေရော၊ ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေအားလုံးက ဒီဟာကို လက်မခံနိုင်ဘူးဆိုရင် နိုင်ငံရေးကတော့ ပိတ်ဆို့နေတဲ့အနေအထားဘဲရှိမှာဘဲ။ သို့သော် နိုင်ငံရေးဆိုတာ စိတ်ဆန္ဒတွေရှိတယ်၊ အခြေအနေတွေပေးလာမယ်ဆိုရင်တော့ နိုင်ငံရေးပြဿနာဆိုတာ အမြဲတမ်းကျော်သွားလို့ရတာဘဲ။" လို့ပြောပါတယ်။

အမေရိကန်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ တွေ့ဆုံဆွေးနွေးရေးကို ဦးတည်လုပ်ဆောင်ရန်ရည်ရွယ်ကြောင်း ပြောကြားလာတဲ့အတွက် အခြေခံဥပဒေပြင်ဆင်ရေးကိစ္စကို တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းတွင်တင်ကာ ဆွေးနွေးနိုင်တယ်လို့ ဦးဝင်းတင်က သုံးသပ်ပါတယ်။

"ကျနော်တို့ဟာ ဒီအခြေခံဥပဒေကိုသာ ပြင်နိုင်ရင်တော့ လာမယ့်ရွေးကောက်ပွဲဟာလည်း တစုံတရာသော အများပြည်သူတွေ ဆန္ဒနဲ့ကိုက်ညီတဲ့ဖြစ်ရပ်မျိုး လုပ်ရပ်မျိုးတခုအနေနဲ့ ဖြစ်လာမယ်ဆိုရင် နိုင်ငံရေးပြဿနာတွေဟာ ဒီရွေးကောက်ပွဲကနေ နောက်ထပ်အလွန် လာမယ့်လေးငါးနှစ်၊ နောက်တခါ နောက်ရွေးကောက်ပွဲဆိုတာမျိုးတွေပါ အဆင့်ဆင့်နဲ့တော့ပြောင်းသွားနိုင်တယ်လို့ ကျနော်ကယူဆတယ်။" လို့ပြောပါတယ်။

ဦးဝင်းတင်ကဆက်လက်၍ "ဒီကိစ္စနဲ့ပတ်သက်လို့ အမေရိကန်အဖွဲ့နဲ့တွေ့တဲ့အခါလည်းပြောပါတယ်။ ခင်ဗျားတို့တိုက်တွန်းနေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စတွေလုပ်ဖို့၊ တွေ့ဆုံဆွေးနွေးရေးတွေလုပ်ဖို့ဟာ အချိန်ကာလအပိုင်းအခြားတော့ ရှိရလိမ့်မယ်။ ခင်ဗျားတို့ရဲ့လုပ်ငန်းတွေ၊ စစ်အစိုးရက တံခါးလေးဟပေးလိုက်တဲ့ဟာတွေဟာ မြန်မာ့နိုင်ငံရေးပြဿနာတွေကို ရေရှည်သော်၎င်း၊ ရေတိုသော်၎င်း ဖြေရှင်းဖို့ဆိုတာထက် နိုင်ငံရေးပြဿနာလိုဖြစ်တဲ့ သူတို့ရဲ့ရွေးကောက်ပွဲကိစ္စတွေကို ဖြေရှင်းဖို့အတွက်ရည်ရွယ်ပြီးတော့ လုပ်တဲ့လုပ်ငန်းမျှသာဖြစ်တယ်ဆိုရင်တော့ ဘာမှထူးမှာမဟုတ်ဘူး။ တတ်နိုင်သမျှတော့ ဒီကိစ္စတွေကို အချိန်အပိုင်းအခြားကန့်သတ်ပြီး လုပ်ဖို့ကောင်းတယ်လို့ ကျနော်တို့ပြောပါတယ်။" လို့ ပြောပါတယ်။

ထို့ကြောင့် ရွေးကောက်ပွဲမတိုင်မီ တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရန်လိုအပ်ပြီး နအဖ အနေဖြင့် အချိန်ဆွဲနေပါက အကျိုးထူးနိုင်မည်မဟုတ်ဟုလည်း ဦးဝင်းတင်ကပြောပါတယ်။

"ဒါကြောင့် ကျနော်တို့ကတော့ တွေ့ဆုံဆွေးနွေးရေးကို မျှော်လင့်တယ်။ ဖြစ်စေချင်တယ်။ ဖြစ်စေချင်တဲ့နေရာမှာလည်း အချိန်အပိုင်းအခြားနဲ့ဖြစ်စေချင်တယ်။ အချိန်အပိုင်းအခြားဆိုတာလည်း ရွေးကောက်ပွဲကာလကို မကျော်လွန်တဲ့ဒီဘက်ကာလသာဖြစ်သင့်တယ်လို့ ကျနော်ကထင်တယ်။ တွေ့ဆုံဆွေးနွေးပွဲ အကျိုးရလဒ်တွေဟာလည်း ဆွေးနွေးပွဲသဘောတူချက်တွေကနေပြီး ညွှန်ပြတဲ့လမ်းတွေဟာလည်း ရွေးကောက်ပွဲမတိုင်မီသာ ဖြစ်ဖို့ကောင်းတယ်။ ပြဿနာတွေကို တစုံတရာသောဖြေရှင်းမှုနဲ့ ရွေးကောက်ပွဲကာလကို ကျော်ဖြတ်သင့်တယ်လို့ထင်တယ်။" လို့ ဦးဝင်းတင်ကရှင်းလင်းပြောဆိုပါတယ်။

# နိုင်ငံတကာအသိုင်းအဝိုင်းနှင့် မြန်မာ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး

ကျော်ကျော်စိုး

နိုင်ငံတကာအသိုင်းအဝိုင်းသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို မြင်တွေ့လိုသည်ဟု အတိအလင်းထုတ်ဖော်ပြောဆိုချက်များနှင့်အတူ မိမိတို့အစီအစဉ်များ နည်းလမ်းများဖြင့် ချဉ်းကပ်လုပ်ဆောင်လျက်ရှိသည်။ မြန်မာစစ်အစိုးရက ၂၀၁၀ ခုနှစ် တွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်း အတိအလင်းထုတ်ဖော်ပြောဆိုလာသောအခါ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲဖြစ်ရန်နှင့် အားလုံးပါဝင်နိုင်သောရွေးကောက်ပွဲဖြစ်ရန်လိုအပ်သည်ဟု နိုင်ငံတကာအသိုင်းအဝိုင်းက ပြောဆိုလာခဲ့သည်။

ရွေးကောက်ပွဲသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် အစိတ်အပိုင်းတခုအနေဖြင့် မရှိမဖြစ်လိုအပ်သည့်လုပ်ငန်းစဉ်တခုဖြစ်သည်။ အထူးသဖြင့် လွတ်လပ်၍တရားမျှတမှုရှိရန်မှာ အလွန်တရာအရေးကြီးလှပေသည်။ နိုင်ငံရေးအကျပ်အတည်းနှင့်ကြုံနေရသော မြန်မာနိုင်ငံကဲ့သို့သော လူ့အဖွဲ့အစည်းတွင် နိုင်ငံရေးအင်အားစုအားလုံးပါဝင်နိုင်သည့် အခြေအနေရှိရန်လိုအပ်သည်။ ရွေးကောက်ပွဲတွင် လွတ်လပ်စွာပါဝင်ယှဉ်ပြိုင်နိုင်သောအခြေအနေရှိရမည်။

မြန်မာနိုင်ငံ၏လက်ရှိအခြေအနေအရ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံတွင် စစ်မှန်သည့်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် စစ်မှန်သည့် ဒီမိုကရေစီထွန်းကားရေးအတွက် အာမခံချက်ပေးနိုင်သည့်အနေအထားမရှိသော အကြောင်းအချက်များပါဝင်နေသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်သောအကြောင်းအရာများကို စစ်အာဏာပိုင်များနှင့်ပြောဆိုဆွေးနွေးရန် ခက်ခဲသောအခြေအနေများရှိကောင်းရှိနိုင်သည်။

နအဖ က ၂၀၁၀ တွင် ကျင်းပရန်စီစဉ်ထားသော ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ၂၀၀၈ အခြေခံဥပဒေကို အကောင်အထည်ဖော်ရမည့်အနေအထားဖြစ်သည်။ သို့သော်လည်း ထိုအခြေခံဥပဒေထဲတွင် ဒီမိုကရေစီစံနှုန်းများနှင့်မကိုက်ညီသောအကြောင်းအချက်များ၊ အနာဂတ် မြန်မာ့နိုင်ငံရေးတွင် စစ်တပ်က လက်ဝါးကြီးအုပ်စိုးထားနိုင်မှုကို အာမခံချက်ပေးထားသည့် အကြောင်းအချက်များပါဝင်နေခြင်းကြောင့် ၂၀၁၀ ရွေးကောက်ပွဲလွန်ကာလများတွင် မြန်မာနိုင်ငံ၌ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရန် အခက်အခဲအဟန့်အတားများစွာနှင့် ကြုံရမည့်အနေအထားတွင် ရှိသည်။

ထိုသို့သောအခြေအနေကြားတွင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ထိရောက်သောနည်းလမ်းများဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေးသည် အရေးပါသောအခန်း၌ ပါဝင်နေသည်။

လွတ်လပ်မှုမရှိသောတပါတီအာဏာရှင်စနစ်နှင့် စစ်အာဏာရှင်စနစ်အောက်များတွင် ကျင်လည်နေခဲ့ရသည့် မြန်မာ့လူမှုအသိုင်းအဝိုင်းအနေဖြင့် အကျပ်အတည်းပေါင်းစုံကြောင့် အင်အားချိနဲ့လှသောလူမှုအသိုင်းအဝိုင်းဖြစ်နေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအကျပ်အတည်းပေါင်းစုံကြောင့် ပြည်သူအများစုသည် အတွေ့အကြုံအရ၊ အသိပညာပိုင်းအရ၊ စီးပွားရေးအရ၊ ကိုယ့်ကျင့်တရားအရ အင်အားနည်းပါးလှသောအနေအထားတွင်ရှိနေသည်။ တဘက်တွင် အာဏာချုပ်ကိုင်ထားသောစစ်တပ်အသိုင်းအဝိုင်းနှင့် ၎င်းတို့နှင့်နီးစပ်သော စီးပွားရေးနှင့်လူမှုရေးအသိုင်းအဝိုင်းသည် ပြည်သူအများစုထက် ဘက်ပေါင်းစုံတွင် အဆပေါင်းများစွာအင်အားတောင့်တင်းခိုင်မာနေသည်မှာ မျက်မှောက်အခြေအနေမှန်ဖြစ်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် နိုင်ငံရေးနည်းလမ်းနှင့်ရော ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများဖြင့်ပါ ချဉ်းကပ်ရန်လိုအပ်သည်။

## (၁) နိုင်ငံရေးနည်းလမ်း

ကျင်းပမည်ဆိုသော ၂၀၁၀ ရွေးကောက်ပွဲသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ကနဦးခြေလှမ်းဖြစ်သောကြောင့် ထိုခြေလှမ်းစတင်ကတည်းက အားကောင်းခိုင်မာသောခြေလှမ်းဖြစ်ရန်လိုအပ်သည်။ မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် အစကောင်းမှအနှောင်းသေချာ ဆိုသည့်ဆိုရိုးစကားရှိသည်။ လုပ်ငန်းတခုကို စတင်လုပ်ဆောင်သည့်အခါ ကောင်းမွန်ပြည့်စုံမှုမရှိလျှင် ရလဒ်ကောင်းထွက်ပေါ်လာနိုင်သည်၊ နောက်ဆက်တွဲလုပ်ဆောင်ရမည့်အရာများအတွက် အဆင်ပြေချောမွေ့နိုင်မည်ဆိုသည့်သဘောဖြစ်သည်။

ထို့ကြောင့် ၂၀၁၀ ရွေးကောက်ပွဲအား အားလုံးပါဝင်နိုင်သော ရွေးကောက်ပွဲဖြစ်ရန် မြန်မာနိုင်ငံ၌အခြေခံနိုင်ငံရေးဆိုင်ရာ အခွင့်အရေးများနှင့် ပြည်သူ့ရေးရာအခွင့်အရေးများကို လေးစားသည့် အခြေအနေရှိရန်လိုအပ်သည်။ အမျိုးမျိုးသောစွဲချက်များဖြင့် ဖမ်းဆီးထိန်းသိမ်းထောင်ချခံနေရသည့် နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရန် လိုအပ်သည်။ နိုင်ငံရေးပါတီများ၊ လူမှုလူ့အဖွဲ့အစည်းများ Civil Society က ၎င်းတို့အာရုံထားအလေးပေးလုပ်ဆောင်သောအကြောင်းအရာများကို လွတ်လပ်စွာပြောဆိုစည်းရုံးလုပ်ကိုင်လှုပ်ရှားနိုင်သည့် အခြေအနေရှိရန်လိုအပ်သည်။ ထိုအခြေအနေများဖြစ်ထွန်းရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အလေးပေးတိုက်တွန်းပြောဆိုရန်လိုအပ်သည်။

ထိုမျှမကသေး မြန်မာနိုင်ငံ၏လက်ရှိအခြေအနေတွင် အဓိက အကျပ်အတည်းအခက်အခဲဖြစ်နေစေသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါအကြောင်းအချက်များအပေါ် ပြန်လည်သုံးသပ်ရေးကို စစ်အာဏာပိုင်များ၊ နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုများအကြား ကျေလည်မှုများနှင့်သဘောတူညီမှုများရရှိရေးကို ဆောင်ရွက်ရန် အထူးအလေးပေးတိုက်တွန်းရန်လည်း လိုအပ်လှပေသည်။ ဆိုလိုသည်မှာ ၂၀၁၀ ရွေးကောက်ပွဲတွင် မြန်မာ့နိုင်ငံရေးအင်အားစုအားလုံးကျေနပ်လက်ခံပြီး ပါဝင်ယှဉ်ပြိုင်နိုင်မည့် နိုင်ငံရေးပတ်ဝန်းကျင်တရပ်ကို လက်ရှိအုပ်ချုပ်နေသော စစ်အာဏာပိုင်များက ခိုင်ခိုင်မာမာဆောင်ရွက်လာစေရန် နိုင်ငံတကာအသိုင်းအဝိုင်းက ဆောင်ရွက်ရန်လိုအပ်သည်ဆိုသည့်အချက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် လက်ရှိစစ်အာဏာပိုင်များက တာဝန်ရှိသည်မဟုတ်၊ နိုင်ငံရေးအင်အားစုများတွင်လည်း တာဝန်ရှိသည်။ ထို့ကြောင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ကူညီပံ့ပိုးနေသည့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်အစိုးရနှင့်သာ တိုက်ရိုက်ထိတွေ့ ဆက်ဆံလုပ်ဆောင်နေရုံဖြင့် မလုံလောက်ပေ။ အဓိကကျသော နိုင်ငံရေးအင်အားစုများနှင့် အတိအလင်း ခိုင်ခိုင်မာမာထိတွေ့ဆက်ဆံလုပ်ဆောင်ရန်လည်း လိုအပ်သည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုသည့် လုပ်ငန်းစဉ်များတွင် ဒီမိုကရက်များသည် ဒီမိုကရက်မဟုတ်သူများနှင့် လက်တွဲလုပ်ဆောင်ရမည် ဆိုသည့်အချက်ကို ရှင်းလင်းစွာသိမြင် လက်ခံထားရန်လိုအပ်သည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တိုးတက်အောင်မြင်လိုပါက ဒီမိုကရက်များအင်အားကောင်းမွန်တောင့်တင်းမှသာဖြစ်မည်။ ထိုသို့မဟုတ်ပဲ အင်အားချိနဲ့နေပါက အောင်မြင်မှုရရန် အလှမ်းဝေးနေဦးမည်ဆိုသည့်အချက်ကို ပံ့ပိုးမှုများပြုနေသည့် နိုင်ငံတကာအသိုင်းအဝိုင်းက ခိုင်မာစွာလက်ခံထားရန်လိုအပ်ပြီး ဒီမိုကရက်များနှင့် ပြည်သူလူထုကို ကူညီထောက်ပံ့မှုများပေးရန်လိုအပ်သည်။

ကူညီထောက်ပံ့မှုများပေးရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းပေးနိုင်သည်။ ဒီမိုကရေစီနှင့်ပတ်သက်သောအကြောင်းအရာများကို လေ့ကျင့်သင်ကြားပေးခြင်း၊ အကြံပေးခြင်း၊ စိတ်ဓာတ်ပိုင်းဆိုင်ရာပံ့ပိုးပေးခြင်း၊ အကြံပေးခြင်း၊ ငွေကြေးထောက်ပံ့ပေးခြင်းများကို နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များ၊ နိုင်ငံရေးသမားများ၊ နိုင်ငံရေးလှုပ်ရှားသူများ၊ နိုင်ငံရေးကိုဦးစားပေးဆောင်ရွက်သော အဲန်ဂျီအို စသည်များကို တိုက်ရိုက်ပြုလုပ်ပေးနိုင်သည်။

သွယ်ဝိုက်သောနည်းလမ်းများဖြင့် ပံ့ပိုးကူညီမှုများတွင် သီးခြားလွတ်

တဖက်သို့

# အဖွဲ့ချုပ်လူငယ် မောင်ကိုကိုဝင်း နှစ်လည်ဆွမ်းသွတ်ပွဲနှောင့်ယှက်ခံရ

**RFA၊ နိုဝင်ဘာ ၃။** ။ နိုင်ဝင်ဘာ ၃ ရက်နေ့ဟာ ၂၀၀၇ စက်တင်ဘာ၊ ရွှေဝါ ရောင်တော်လှန်ရေးမှာ ခေါင်းဆောင်ပါဝင်ခဲ့လို့ လုံထိန်းရဲတွေရိုက်နှက်တဲ့ဒဏ်ရာ ကြောင့် သေဆုံးသွားခဲ့တဲ့ တောင်ဥက္ကလာပ အဲန်အယ်လ်ဒီလူငယ် မောင်ကိုကိုဝင်း ကွယ်လွန်ခြင်း ၂ နှစ်ပြည့်နေ့ ဖြစ်ပါတယ်။

မောင်ကိုကိုဝင်းရဲ့နှစ်လည်ဆွမ်းသွတ်ပွဲကို နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်တွေနဲ့ ဆွေမျိုးမိတ်သင်္ဂဟတွေ ကြိုတင်ဖိတ်ကြားထားပြီး သံဃာတော်တွေပင့်ဖိတ်ထားတာကို သက်ဆိုင်ရာအာဏာပိုင်တွေက လာရောက်မေးမြန်းနှောင့်ယှက်တယ်လို့ သူ့ရဲ့ညီ ကိုလှိုင်ဝင်းထွဋ်က RFA ကို ပြောပြပါတယ်။

“၃၀ ရက်နေ့က မဝတ က အကြောင်းကြားပြီးတော့ ရယက ဥက္ကဋ္ဌကခေါ်တွေ့တယ်။ ခေါ်တွေ့ပြီးတော့ ဓာတ်ပုံတွေဖြုတ်ခိုင်းတယ်။ နှစ်ပတ်လည်လုပ်မယ်ဆိုတာ ဟုတ်လားလို့မေးတယ်။ အိမ်ကလူတွေက ဟုတ်တယ် လုပ်မယ်၊ ဓာတ်ပုံတွေဖြုတ်ခိုင်းတာလည်း မဖြုတ်နိုင်ဘူးလို့ပြောလိုက်တယ်။ ဒီနေ့ကိုထပ်ပြီးတော့ အကြောင်းကြားတယ်။

ဘယ်ဘုန်းကြီးကျောင်းကပင့်မှာလည်းလို့မေးတယ်။ ကျနော်တို့ကတော့ ကျောင်းကိုပြောလိုက်တယ်။ ဘုန်းကြီးဘယ်နှစ်ပါးဆိုတာလည်းမေးတယ်။ မေးတဲ့အပြင် အဲဒီဘုန်းကြီးတွေ ဘွဲ့တွေ နာမည်တွေကအစ၊ မနက်ကျမှဘယ်လိုမျိုးစီစဥ်မယ်ဆိုတာကို မပြောတတ်သေးဘူးခင်ဗျ။ သံဃာတော်တွေကို ပိတ်ပင်လုပ်ရင်တော့ ကျနော်တို့ဘက်က အကောင်းဆုံးဖြစ်အောင်တော့ ဆောင်ရွက်သွားမှာဘဲ။”

မောင်ကိုကိုဝင်းဟာ ၂၀၀၇ စက်တင်ဘာ ၂၇ ရက်နေ့က သံဃာ့လှုပ်ရှားမှုကို စစ်တပ်ကအကြမ်းဖက်တဲ့အချိန် ဆူးလေမီးပွိုင့်အနီးမှာ နံပါတုတ်တွေနဲ့ အကြိမ်ပေါင်းများစွာ ရိုက်နှက်ခံရပြီး လွတ်မြောက်လာခဲ့ကာ အဖမ်းခံရမှာစိုးရိမ်လို့ အိမ်မှာဘဲကြိတ်ကုရင်းက နောက်ဆုံး ဆေးရုံတင်လိုက်ရကာ သေဆုံးသွားပုံကို ကိုကိုဝင်းရဲ့ညီကဘဲ ဆက်ပြောပါတယ်။

“သူ့ရဲ့ခန္ဓာကိုယ်တကိုယ်လုံးမှာ အရှိုးရာတွေပါလာတယ်။ ခေါင်းကိုထိတာကိုး။ သူကဘာမှမပြောဘဲနဲ့ ဒီအတိုင်းဘဲနေနေသေးတယ်။ နောက်ပြီးကျမှ ဆရာဝန်က ဆေးရုံခင်ဗျားတို့တက်တော့ ကလေးအခြေအနေမကောင်းဘူးဆိုတော့မှ ဆေးရုံစတက်တော့ အဲဒီမှာ ဆေးရုံတက်တဲ့အထိကို အပေါ်ကနေအောက်ကိုဆင်းနိုင်သေးတယ်။

ကျနော်တို့လည်းအဆင်မပြေတော့ အဲန်အယ်လ်ဒီကိုအကြောင်းကြားလိုက်တယ်။ သိပ်မကြာပါဘူး အာဏာပိုင်တွေဆီ သတင်းတွေကရောက်ကုန်ပြီးတော့ အာဏာပိုင်တွေကရောက်လာတယ်။ ဓာတ်မှန်ရိုက်တော့ အဆုတ်မှာ စပေ့ါပ်တွေတွေ့တယ်ဆိုပြီးတော့ တီဘီဆေးတနေ့ကို လေးလုံးထိုးတယ်။ တီဘီဆေးထိုးပြီးနောက်ပိုင်း သုံးရက်အတောအတွင်းမှာဘဲ ကွယ်လွန်သွားတယ်။

၃ ရက်နေ့ည၊ ၁၁ နာရီ ၄၅။ ဦးနှောက်သွေးကြောပိတ်သွားတာလည်းပါတယ်။ သေဆုံးတဲ့အထိ နှာခေါင်းတွေ နားတွေထဲက သွေးတွေထွက်တုန်း။ သူကတော့ ဘုန်းကြီးပွဲတွေပြန်လာမယ်လို့တော့ သူကပြောခဲ့တယ်။ ဆေးရုံပေါ်မှာနေတဲ့အတောအတွင်းမှာတောင် ဂယောက်ခြောက်ခြားမှာတောင် ဒို့အရေး ထလုပ်နေတဲ့ လူတယောက် သူက။ နောက်ပြီးတော့ သူက ကျနော်တို့မိသားစုမှာလည်း အကောင်းဆုံးလူတယောက်ဘဲ၊ ကျနော့ကိုလည်းပညာတတ်တယောက်ဖြစ်အောင် လုပ်သွားပေးခဲ့တယ်။ ဝမ်းနည်းနေပေမယ့် ကျနော်တို့ အကို ကို ကျနော်တို့ပြန်ရတော့မှာမဟုတ်တော့ဘူး။”

---

လပ်သောရွေးကောက်ပွဲကော်မရှင်များ၊ သီးခြားလွတ်လပ်သော တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ သီးခြားလွတ်လပ်သောမီဒီယာများ ခိုင်မာစွာပေါ်ထွန်းလာရေးအတွက် နည်းပညာ၊ အတွေ့အကြုံနှင့် အခြားလိုအပ်ချက်များကို ပံ့ပိုးပေးခြင်းများကို ပြုလုပ်ပေးနိုင်သည်။

ထိုသို့ကူညီပံ့ပိုးပေးမှုများသည် ဒီမိုကရက်များက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် မျှတစွာဖြင့် ပါဝင်လုပ်ဆောင်နိုင်ရေးအတွက် အာမခံချက်ပေးနိုင်မည့် နိုင်ငံရေးအနေအထားနှင့်အင်အားကို တိုးမြှင့်ပေးခြင်းဖြစ်သည်ကို မြန်မာ့နိုင်ငံရေးအင်အားစုများသာမက ပြည်သူလူထုကိုရော စစ်အာဏာပိုင်များကိုပါ သိရှိစေရန်လိုအပ်ပေသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်မည်ဆိုသော နအဖ စစ်အာဏာပိုင်များ၏ အာဏာကျင့်သုံးမှုများကိုလည်း ပြန်လှန်စစ်ဆေးရာရောက်သည်။

## (၂) ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်း

ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများဖြင့် ကူညီပံ့ပိုးရာတွင် ဒီမိုကရက်တစ်အစိုးရတရပ်၏ အခြေခံသွင်ပြင်လက္ခဏာများဖြစ်သော အလွယ်တကူသိမြင် နားလည်နိုင်မှု transparency၊ တာဝန်ခံမှု accountability၊ အသိပေးတုံ့ပြန်မှု responsiveness များရှိရေးအတွက် လုပ်ဆောင်ခြင်းများပါဝင်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ထိုကဲ့သို့သောနည်းလမ်းများဖြင့် ပံ့ပိုးကူညီရာတွင် လက်ရှိအုပ်ချုပ်နေသောစစ်အာဏာပိုင်က ထိုလက္ခဏာများနှင့်အညီ ဆောင်ရွက်လာစေရန်သာမက နောင်တွင်ပေါ်ပေါက်လာမည့် အစိုးရများအတွက်ပါ ရည်ရွယ်လုပ်ဆောင်ရန်လိုအပ်သည်။

ထိုကဲ့သို့သောလက္ခဏာများ တိုးတက်ဖြစ်ထွန်းလာခြင်းသည် မြန်မာနိုင်ငံတွင်း လူမှုရေးနှင့်စီးပွားရေးနယ်ပယ်များ ဟန်ချက်ညီစွာနှင့် မျှတစွာတိုးတက်ရေးကို ခိုင်မာစွာအထောက်အပံ့ဖြစ်စေသည်ဆိုသည့် အချက်ကို လက်ရှိအုပ်ချုပ်နေသူများသာမက နောင် အနာဂတ်အုပ်ချုပ်မည့်သူများကိုပါ သိနားလည်လက်ခံရေးကို နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အထူးအလေးပေးလုပ်ဆောင်ရန်လိုအပ်သည်။ ထိုမှတဆင့် မြန်မာတနိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဘက်ပေါင်းစုံတွင်ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် အားကောင်းစွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

လွတ်လပ်မှုမရှိသော တပါတီအာဏာရှင်စနစ်နှင့် စစ်အာဏာရှင်စနစ်အောက်များတွင် ကျင်လည်နေခဲ့ရသည့် မြန်မာ့လူမှုအသိုင်းအဝိုင်းသည် လတ်တလောအခြေအနေတွင် ဒီမိုကရေစီအတွက် အဆင်သင့်ဖြစ်နေပြီလော ဆိုသည့် မေးခွန်းများလည်း ပေါ်ထွက်လာနိုင်စရာရှိပါသည်။ ထိုမေးခွန်းသည် ကမ္ဘာ့နိုင်ငံတချို့၌ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ၊ နောက်ပြန်ဆွဲမှုများ၊ မအောင်မြင်မှုများနှင့် ရင်ဆိုင်တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များရှိခြင်းကြောင့် ပေါ်ထွက်လာရခြင်းဖြစ်သည်။

အာဏာရှင်စနစ်အောက်တွင် နှစ်ပေါင်းများစွာနေထိုင်ကျင်လည်ခဲ့ရသည့် လူမှုအသိုင်းအဝိုင်းအတွင်း အခြေခံကျသည့်လူမှုရေးနှင့် စီးပွားရေးအခြေအနေများတိုးတက်ရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဒေသန္တရအဆင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာစီမံချက်များ၊ လူထုတိုက်ရိုက်အကျိုးပြုစီမံချက်များ၊ အစီအစဉ်များဖြင့် ပံ့ပိုးကူညီပေးရန်လိုအပ်သည်။ လူထုကျန်းမာရေး၊ အခြေခံပညာရေး၊ အဓမ္မလုပ်အား၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကျေးလက်ဖွံ့ဖြိုးရေး စသည့် အရေးကိစ္စများကောင်းမွန်တိုးတက်လာစေရေးအတွက် ငွေအား၊ လူအား၊ နည်းပညာအားဖြင့် ပံ့ပိုးကူညီမှုများလုပ်ဆောင်ရင်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာ ပညာပေးလုပ်ငန်းများကိုလည်း နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အာဏာပိုင်များနှင့်သာမက နိုင်ငံရေးအင်အားစုများ အဲန်ဂျီအိုများ၊ အောက်ခြေပြည်သူလူထုနှင့်ပါ ပူးတွဲလုပ်ဆောင်ရန်လိုအပ်သည်။ အထူးသဖြင့် လူမှုလူ့အဖွဲ့အစည်းများ Civil Society တိုးတက်ဖွံ့ဖြိုးရေးကို မျက်ခြည်မပြတ်လုပ်ဆောင်ရန်လိုအပ်ပေသည်။

# VB သူ့အမြင်

အမေရိကန်အထူးသံကိုယ်စားလှယ်နှစ်ဦးဟာ မြန်မာနိုင်ငံခရီးစဉ်အတွင်း မြန်မာ့ရေးရာမူဝါဒအပြောင်းအလဲကို ရှင်းလင်းပြောဆိုခဲ့ကြောင်း၊ စစ်ခေါင်းဆောင်များဒီမိုကရေစီပြန်လည်ထူထောင်ရေးအခိုင်အမာခြေလှမ်းပါက ဝါရှင်တန်ကလည်းတိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ဖို့ အသင့်ရှိကြောင်း သတင်းစာရှင်းပွဲမှာ အဆင့်မြင့် သံကိုယ်စားလှယ်များက ပြောဆိုခဲ့ပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီးသုံးသပ်ရေးသားထားတဲ့ MIZZIMA သတင်းစာပါ Larry Jagan ရဲ့ဆောင်းပါးကို ဒီအပတ်သူ့အမြင် ကဏ္ဍအဖြစ်ဖော်ပြလိုက်ပါတယ်။

ဒီမိုကရေစီပြန်လည်ထူထောင်ရေးအတွက် စစ်ခေါင်းဆောင်များက အခိုင်အမာခြေလှမ်းများ လှမ်းလျှင် ဝါရှင်တန်ကလည်း မြန်မာနိုင်ငံနှင့်ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်ရန်အသင့်ရှိတယ်လို့ ဘန်ကောက်မြို့မှာကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ အမေရိကန် အကြီးတန်းသံတမန်တဦးက ဒီကနေ့ပြောဆိုလိုက်ပါတယ်။

“စစ်အစိုးရက ငြိမ်းချမ်းသာယာဝပြောပြီး တည်ငြိမ်စွာ တစည်းတလုံးတည်းရှိသော နိုင်ငံကိုတည်ဆောက်လိုလျှင် စစ်အစိုးရနဲ့နိုင်ငံရေးပါတီများ၊ လူနည်းစုတိုင်းရင်းသားအဖွဲ့အစည်းများနဲ့ တွေ့ဆုံဆွေးနွေးရေးသည်သာ တခုတည်းသောလမ်းဖြစ်သည်။”ဟု မြန်မာနိုင်ငံကိုနှစ်ရက်ကြာသွားရောက်ခဲ့ပြီး အစိုးရနဲ့ရောအတိုက်အခံနဲ့ပါ တွေ့ဆုံစကားပြောခဲ့တဲ့ အမေရိကန် အာရှနဲ့ပစိဖိတ်ရေးရာ ဒုလက်ထောက်နိုင်ငံခြားရေးဝန်ကြီးဖြစ်ပြီး အာဆီယံရေးရာသံတမန်လည်းဖြစ်သူ Scot Marciel က သတင်းထောက်တွေကိုပြောကြားလိုက်ပါတယ်။

“နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ပြင်ပရောက်ကာ အထီးကျန်နေခြင်းကို အဆုံးသတ်နိုင်ရေးအတွက် မြန်မာနိုင်ငံမှာကျင်းပမယ့် ရွေးကောက်ပွဲများသည် အခွင့်အလမ်းတရပ်ဖြစ်လာနိုင်သည်။ သို့သော် အဆိုပါရွေးကောက်ပွဲများသည် အားလုံးပါဝင်နိုင်ရမည်ဖြစ်ပြီး နိုင်ငံရေးပါတီများအားလုံး ပါဝင်ဆင်နွဲနိုင်ရမည်။ ထို့အပြင် ဤရွေးကောက်ပွဲဖြစ်စဉ်တခုလုံးကို အများလက်ခံယုံကြည်နိုင်စေရေးအတွက်လည်း ရွေးကောက်ပွဲမတိုင်မီ အခြေအနေကောင်းများဖန်တီးပေးရမည်။”ဟု သူက ပြောပါတယ်။

“လုံးဝအပြည့်အစုံ ပါဝင်ခွင့်ရှိတဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တရပ်မဟုတ်ပါက အများယုံကြည်လက်ခံနိုင်ပြီး တရားဝင်မှုရှိသည့် ရွေးကောက်ပွဲဖြစ်လာမည်မဟုတ်ပါ။ ဤသို့ဖြစ်စေရန်လည်း တွေ့ဆုံဆွေးနွေးခြင်းနည်းဖြင့်သာ ရရှိနိုင်သည်။”ဟု Marciel ကအလေးပေးပြောကြားခဲ့ပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အားလုံးပါဝင်နိုင်သည့် နိုင်ငံရေးလုပ်ငန်းစဉ်တရပ် ပေါ်ပေါက်ရေးအတွက် သူတို့တွင် တကယ်ရိုးသားမှုရှိသည်ဆိုပါက ထိန်းသိမ်းခံ ဒေါ်အောင်ဆန်းစုကြည်ကို သူမ၏ပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အခြားခေါင်းဆောင်များနှင့် တွေ့ဆုံခွင့်ပေးခြင်း၊ နိုင်ငံတွင်းတွင် တွေ့ဆုံဆွေးနွေးမှုတရပ်ပြုလုပ်ခြင်း၊ နိုင်ငံရေးအကျဉ်းသားများ နောက်ထပ်လွှတ်ခြင်း စသည့် အခိုင်အမာခြေလှမ်းများဖြင့် ပြသရန်လိုသည်ဟုလည်း သူက ဆက်လက်ပြောကြားသည်။

အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးရန်လိုကြောင်းလည်း အမေရိကန်က သူတို့ရဲ့ရပ်တည်ချက်ကို ထပ်လောင်းပြောကြားလိုက်သည်။ သို့သော် ဤအချက်သည် ဝါရှင်တန်ကအစိုးရနှင့် ထိတွေ့ဆက်ဆံမှုများ ဆက်လက်ပြုလုပ်ရာတွင် ရှေးဦးလိုအပ်သည့် ကြိုတင်သတ်မှတ်ချက်တရပ်မဟုတ်တော့ကြောင်းနှင့် သို့သော် ဤအချက်မရှိဘဲနှင့်တော့ ပိတ်ဆို့ဒဏ်ခတ်မှုများလျော့ပါးသက်သာအောင် စဉ်းစားရန်မဖြစ်နိုင်ကြောင်း သူကပြောသည်။

သိုသိပ်စွာပြောဆိုနေသော်လည်း အမေရိကန်မူဝါဒမှာ သိသာစွာပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးရန်ပြောဆိုနေရာမှ စစ်အစိုးရ၊ သူမနှင့်သူမပါတီတို့အကြား စစ်မှန်သောတွေ့ဆုံဆွေးနွေးမှုများစတင်ရန်သာပြောဆိုနေသည်။ ဒီမိုကရေစီခေါင်းဆောင်ကလည်း ဤအချက်ကို လတ်တလောကာလအတွက် ဦးစားပေးလုပ်ငန်းစဉ်တရပ်အဖြစ် မရမက တောင်းဆိုပြောကြားနေသည်။

၂၀၀၃ ခုနှစ်၊ မတ်လတွင် သူမသည် မြန်မာပြည်မြောက်ပိုင်းတွင် စစ်အစိုးရလိုလားသော လူမိုက်များ၏တိုက်ခိုက်ခြင်းခံရပြီး နောက်တကြိမ် နေအိမ်အကျယ်ချုပ် ချမှတ်မခံရမီလေးတွင်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်းတခုမှာ ဒေါ်အောင်ဆန်းစုကြည်က တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် စစ်အစိုးရသည် စိတ်ဝင်စားပုံမရသော်လည်း အလွန်အရေးပါကြောင်း ပြောကြားခဲ့သည်။

“ကျမကိုပြန်လွှတ်ပေးဖို့ ကအရေးမကြီးပါဘူး၊ တကယ်တော့ ကျမဟာ နောက်ဆုံးမှပြန်လွှတ်ရမယ့် နိုင်ငံရေးအကျဉ်းသားဘဲဖြစ်သင့်ပါတယ်။ စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးမှုများကသာ မြန်မာပြည်ရဲ့ပြဿနာများကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။”လို့ သူမကပြောကြားခဲ့ပါတယ်။

သူမသည် အခွင့်အရေးရတိုင်း ဤသို့သောတောင်းဆိုမှုများကို အစဉ်တစိုက်ပြုလုပ်ခဲ့သည်။ ဤအချက်များပါဝင်သည့် စာအများအပြားကို ဦးသန်းရွှေထံသို့၎င်း၊ ကြားခံပုဂ္ဂိုလ်များမှတဆင့် ကုလအထူးကိုယ်စားလှယ် အီဘရာဟင် ဂမ်ဘာရီထံသို့၎င်း၊ မကြာသေးခင်လများက ရံဖန်ရံခါ လာရောက်ခဲ့သော သံတမန်များထံသို့၎င်း ပေးအပ်ခဲ့သည်။ ယခုတော့ ဝါရှင်တန်ကလည်း ဤတောင်းဆိုချက်ကို လက်ခံလိုက်ပြီဖြစ်သည်။

“တွေ့ဆုံဆွေးနွေးမှု မလုပ်ဘဲ ရှေ့ဆက်သွားလို့မရဘူး။”ဟု Scot Marciel က သတင်းစာရှင်းလင်းပွဲတလျှောက်လုံးတွင် ထပ်ခါတလဲလဲ ပြောကြားခဲ့သည်။

Scot Marciel နှင့် သူ့အထက်အရာရှိ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell တို့၏ မြန်မာနိုင်ငံသို့ ၂ ရက်ကြာခရီးစဉ်မှာ ဗုဒ္ဓဟူးနေ့ညနေပိုင်းတွင် ပြီးဆုံးခဲ့သည်။ ယင်းသည် ၁၉၉၅ ခုနှစ်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Madeleine Albright မြန်မာနိုင်ငံသို့ တရားဝင်အလည်အပတ်ခရီးသွားရောက်ကာ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံခဲ့ပြီးကတည်းက အမေရိကန်မှ အဆင့်အမြင့်ဆုံးအရာရှိ၏ ခရီးစဉ်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်က သူမ၏ပထမဆုံးအကြိမ် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွှတ်မြောက်အပြီး လအနည်းငယ်အတွင်း ထိုသို့တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ယခု အမေရိကန်သံတမန်များ၏ခရီးစဉ်မှာ အမေရိကန်က စစ်အစိုးရအပေါ်ထားရှိတဲ့ သူတို့ရဲ့ မူဝါဒပြောင်းလဲရေး လုပ်နေသည်ဟု မကြာသေးခင်က ကြေညာခဲ့အပြီး အပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ အဆိုပါ မူဝါဒသစ်အရ အမေရိကန်သည် စစ်အစိုးရအပေါ်ချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့မှုများကို ဆက်လက်ထားရှိနေသည့် တချိန်တည်းမှာပင် လက်တွေ့ကျသည့် ထိတွေ့ဆက်ဆံမှုများကို ပြုလုပ်သွားမည်ဖြစ်သည်။

ဤခရီးစဉ်အတွင်း ဝန်ကြီးချုပ်ဦးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဦးကျော်ဆန်း၊ စွမ်းအင်ဝန်ကြီးဦးသောင်းတို့အပါအဝင် စစ်အစိုးရအရာရှိအများအပြားနှင့် တွေ့ဆုံခဲ့သည်။ အလားတူပင် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှု

**စာမျက်နှာ ၁၃ သို့**

**သတင်းပြက္ခဒိန်**

**2009**

| | | | | | | |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

**အောက်တိုဘာ ၂၉၊ DVB ။ ။** ကျော်ဇော်လွင်သည် နအဖ စွပ်စွဲသလို မြန်မာနိုင်ငံသားမှတ်ပုံတင်အတုဖြင့် မြန်မာသို့ဝင်လာခြင်းမဟုတ်ဘဲ၊ အမေရိကန်နိုင်ငံသား ပတ်စပို့ဖြင့် ဝင်လာခြင်းဖြစ်ကြောင်း သူ၏ရှေ့နေဦးကြည်ဝင်းမှဆို၏။ သူ့အား ဥပဒေမဲ့လက်ထိပ်ခတ်ထားပြီး ဖောက်ခွဲမှုများနှင့်ဆက်စပ်ကြောင်းဖြင့်စွပ်စွဲ၏။

**နိုဝင်ဘာ ၂၊ Chinland Guardian ။ ။** ကြံ့ဖွံ့ ဆွေးနွေးပွဲပြီးလျှင် ရွေးကောက်ပွဲဆိုင်ရာဥပဒေများ ကြေညာကာ နအဖ သည် ဝန်ကြီးအဖွဲ့ဝင် အပြောင်းအလွဲများလုပ်နိုင်၏။

**နိုဝင်ဘာ ၂၊ Kukiforum ။ ။** K Campbell နှင့်အဖွဲ့သည် နအဖ ဒေါ်အောင်ဆန်းစုကြည်တို့နှင့်ဆွေးနွေးရာတွင် တိုင်းရင်းသားအဖွဲ့များ၏ သီးခြားအုပ်ချုပ်ပိုင်ခွင့် (ပြည်ထောင်စုစနစ်) အပါအဝင် တိုင်းရင်းသားများ၏ဆန္ဒကိုလည်း ကိုင်တွယ်ရမည်ဟု Nehginpao Kipgen မှ ဝေဖန်သုံးသပ်၏။

**နိုဝင်ဘာ ၄၊ France News 24 ။ ။** နေအိမ်အကျယ်ချုပ်ကျနေသော ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်ထိပ်သီးအရာရှိ Kurt Campbell သည် ယနေ့ ၂နာရီကြာ ရန်ကုန်ဟိုတယ်တခုတွင်တွေ့ဆုံဆွေးနွေးခွင့်ရခဲ့၏။

**နိုဝင်ဘာ ၄၊ DVB ။ ။** K Campbell သည် ယနေ့ဒေါ်အောင်ဆန်းစုကြည်နှင့်၎င်း၊ ရှမ်း၊ ရခိုင်၊ မွန်၊ ဇိုမီး စသည့် တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များနှင့်အသီးသီးတွေ့ခဲ့၏။

**နိုဝင်ဘာ ၄၊ Chinland Guardian ။ ။** ၂ ရက်တာအချက်အလက်ရှာဆွေးနွေးခဲ့သော်လည်း အမေရိကန်ထိပ်သီး၂ ဦးသည် မြန်မာတွင် သုံးပွင့်ဆိုင်ဆွေးနွေးရေးကို ထောက်ခံကြောင်း။

**နိုဝင်ဘာ ၄၊ DVB ။ ။** နအဖ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဦးဝင်းအောင် ဖ၅ သည် ယနေ့ အင်းစိန်ထောင်တွင်းသေဆုံးခဲ့၏။

**နိုဝင်ဘာ ၄၊ AFP ။ ။** ယနေ့စောစောပိုင်းတွင် Kurt Campbell နှင့် လက်ထောက် Scot Marciel သည် နအဖ ဝန်ကြီးချုပ်သိန်းစိန်နှင့် နေပြည်တော်တွင်တွေ့ခဲ့၏။ တွေ့ဆုံဆွေးနွေးပွဲသည် ဒီမိုကရေစီအဖွဲ့များ တိုင်းရင်းသားအဖွဲ့များ ပါရမည်ဟုဆို၏။

**နိုဝင်ဘာ ၅၊ DVB ။ ။** မြန်မာနိုင်ငံ နိုင်ရေးကပ်ပြေလည်ရေးဆွေးနွေးမှုများသည် နိုင်ငံရေးနှင့်တိုင်းရင်းသားအဖွဲ့စုံများ သာတူညီမျှပါဝင်မှုရှိရမည်ဖြစ်ပြီး နိုင်ငံရေးနည်းအရသာဖြေရှင်းခြင်းဖြစ်ရမည်ဟု K Campbell မှဆို၏။

**နိုဝင်ဘာ ၅၊ DVB ။ ။** ဦးဝင်းတင်၏အဆိုအရ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံခြေခံဥပဒေအား ပြင်ဆင်ရန် ဖိအားပေးရန်ကြိုးစားမှုသည် လက်ရှိအနေအထားအရ ဝါရှင်တန်နှင့် နအဖ ဆွေးနွေးရေးဖြစ်မြောက်ရေး၏ လွှမ်းမိုးမှုအောက်ရောက်နေကြောင်း အမေရိကန်အဖွဲ့မှဆိုကြောင်း။ အခြေခံဥပဒေပြင်ဆင်ရန် ဖိအားမအောင်မြင်သေးဟု ဆိုလို၏။

**နိုဝင်ဘာ ၅၊ Irrawaddy ။ ။** အမေရိကန်ထိပ်သီးသံမန် မြန်မာတိုင်းရင်းသားအဖွဲ့နှင့် ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့မှုသည် အထူးအလားအလာကောင်းကြောင်း အဖွဲ့အားလုံးမှ ၂၀၁၀ ရွေးကောက်ပွဲအပေါ်သံသယမကင်းခြင်း၊ သံသယစိတ်များရှိခြင်း၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအား မယုံကြည်ကြောင်းဖြင့်ဆို၏။

**နိုဝင်ဘာ ၅၊ DVB ။ ။** ပဲခူးတိုင်းမှရဲတပ်ဖွဲ့ဝင် ၇၄ ဦးအား ရန်ကုန်နှင့်မန္တလေးတိုင်းတို့ရှိ လုံထိန်းတပ်များသို့ လွှဲပြောင်းပို့လိုက်ကြောင်း။

**နိုဝင်ဘာ ၅၊ HK ။ ။** လူမှုအကျိုးဆောင်ဦးခင်မောင်ကြည်အား ထောင်၂ လနှင့် ခြေချုပ် ၁ နှစ်ချခြင်းသည် ဥပေဒနှင့်မညီဟု အာရှလူ့အခွင့်အရေးကော်မရှင် မှဆို၏။

**နိုဝင်ဘာ ၅၊ DVB ။ ။** တန်ဆောင်မုန်းလပြည့်နေ့တွင် စာပြင်ရွာမှကျောင်းအုပ်ဦးမြင့်သည် လူ ၈၀ခန့်လူအုပ်ထဲ လက်ပစ်ဗုံးသုံးလုံးပစ်၍ ၁၅ ဦးဒဏ်ရာရ တဦးခြေများ ပြတ်ရဖွယ်ရှိကြောင်း။

**နိုဝင်ဘာ ၅၊ CNN ။ ။** အမေရိကန်အာရှပစိဖိတ်ထိပ်သီး K Campbell နှင့် အာဆီယံဆိုင်ရာသံအမတ် Scot Marciel တို့သည် ၂ ရက်တာမြန်မာခရီးစဉ်တွင် နအဖ ထိပ်သီး ဗိုလ်ချုပ်သန်းရွှေနှင့်တွေ့ဆုံမှုမရှိခဲ့။

**နိုဝင်ဘာ ၅၊ IHT ။ ။** နအဖ တောင်းဆိုသလို ဝ တပ်သည် အပစ်အခတ်ရပ်စဲကာ နယ်ခြားတပ်အသွင်ပြောင်းမည်မဟုတ်ဘဲ ၂ ဖက်တိုက်ပွဲဖြစ်နိုင်ကြောင်း UWSA မှဆို၏။

**နိုဝင်ဘာ ၅၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်လွတ်ရေးတောင်းဆိုဆန္ဒပြ၍ နိုင်ငံရေးအကျဉ်းကျနေသူ ဗိုလ်ကြီးဟောင်းဇော်ညွန့်အား စက်တင်ဘာတွင်း ခန္တီးထောင်သို့ ပြောင်းပို့ခဲ့ကြောင်း။

**နိုဝင်ဘာ ၅၊ BKK ။ ။** မြန်မာ၂၀၁၀ ရွေးကောက်ပွဲသည် ညစ်မှုကင်းရှင်းမျှတ၍ ဒေါ်အောင်ဆန်းစုကြည်ဝင်ရွေးခွင့်ရှိရမည်ဟု အမေရိကန်အရာရှိ Scot Marciel မှဆို၏။

**နိုဝင်ဘာ ၆၊ WTN-AFP ။ ။** မြန်မာတွေ့ဆုံဆွေးနွေးရေးသည် နှစ်ဖက် သတိချပ်ကာ နှေးကွေးမည်ဟု မြန်မာတွင် ၂ ရက်တာသွားရောက်ခဲ့သူ Kurt Campbell နှင့် လက်ထောက် Scot Marciel မှဆို၏။ ပိတ်ပင်တားဆီး စိုင့်ရှင်များ ရုတ်တရက်ပျောက်သွားမည်ဟု တဖက်သတ်မျှော်လင့်မကြီးရန် နအဖ သို့သတိပေးခဲ့ကြောင်း။ ရွေးကောက်ပွဲနီးလာသည်နှင့် ဆွေးနွေးပွဲသည် ဆုံးညောင့်ခလုတ်ပိုများမည်ဟုဆို၏။

**နိုဝင်ဘာ ၆၊ Irrawaddy ။** နအဖ ဝန်ကြီးချုပ်သိန်းစိန်၏ ဂျပန်ခရီးစဉ်အား မြန်မာဒီမိုကရေစီအင်အားစု ၂၀၀ ခန့်မှ ဆန္ဒပြခဲ့၏။ ၂၀၁၀ ရွေးကောက်ပွဲကို အဓိကဦးတည်ခဲ့၏။

**နိုဝင်ဘာ ၆၊ TKY-AFP ။ ။** ဂျပန်သည် မဲခေါင်ဒေသသို့ သုံးနှစ်စီမံကိန်းကူညီငွေ ချေးငွေစုစုပေါင်း ဒေါ်လာ ၅ဒသမ၅ ဘီလီယံ ကတိပြုခဲ့၏။

**နိုဝင်ဘာ ၆၊ Monsters and Critics ။ ။** မြန်မာရောက် မြန်မာပြန်လည်ရင်ကြားစေ့ရေး အမေရိကန်ထိပ်သီးအဖွဲ့သည် ပဏာမခရီးစဉ်တွင် အစီးအစဉ်လုပ်ထားလျက် ကြံ့ဖွံ့ နှင့်တွေ့ဆုံခြင်းမရှိခဲ့ကြောင်း နအဖ မြန်မာ့အလင်းသတင်းစာမှဆို၏။

**နိုဝင်ဘာ ၆၊ DVB ။ ။** မြန်မာ ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရန် အမေရိကန်မှပြောမှု မရှိသေးကြောင်း ဦးချန်ထွန်းမှ စိုးရိမ်စွာထောက်ပြ၏။

**နိုဝင်ဘာ ၆၊ ND ။ ။** အမေရိကန်နိုင်ငံသားခံယူထားသူ ကျော်ဇောလွင်အပေါ် နိုင်ငံခြားငွေလဲလှယ်မှုဥပဒေအရ စွဲချက်တခုထပ်တိုးခဲ့ကြောင်းရှေ့နေဦးကြည်ဝင်းမှဆို၏။

**နိုဝင်ဘာ ၆၊ Mizzima ။ ။** နအဖ ၏ တိုးတက်ဟုခေါ်နေသောစီမံကိန်းများ၊ ဓာတ်ငွေ့လိုင်းများသည် ဒေသခံများအိမ်မြေစွန့်ပြေးရသူများအဖြစ် ဖန်တီးပြီ သဘာဝအား ထိခိုက်ကြောင်း BEWG မြန်မာပတ်ဝန်းကျင်ထိန်းသိမ်းလုပ်ကိုင်မှုအဖွဲ့ BWEG အစီရင်ခံစာမှဆို၏။

**နိုဝင်ဘာ ၆၊ DVB ။ ။** သရက်တွင်နိုင်ငံရေးအကျဉ်း ၅ နှစ်ကျနေသူ မနီမိုလှိုင် ၈၈ မျိုးဆက်သည် ၃ ပတ်ခန့် နေမကောင်းခဲ့သော်လည်း ဆုကုခွင့်မရခဲ့ကြောင်း မိသားစုဝင်မှဆို၏။

**နိုဝင်ဘာ ၆၊ Chinland guradian ။ ။** တတိယအကြိမ်မြောက် ချင်းပြည်နယ်စား နပ်ရိက္ခာရံပုံငွေရှာပွဲ ယနေ့ San Francisco တွင် ကျင်းပမည်။ **စာမျက်နှာ ၁၆ သို့**

# လောက်ကိုင် မူးယစ်ဆေးဝါး မီးရှို့ပွဲ အမေရိကန်ကို မျက်နှာလုပ်သလား

**DVB၊ နိုဝင်ဘာ ၁ ။** ။ မီးရှို့ဖျက်ဆီးခဲ့တဲ့ မူးယစ်ဆေးတွေအားလုံးဟာ ပြီးခဲ့တဲ့ ၂ လ အတွင်း လောက်ကိုင်ဒေသက ဖမ်းဆီးမိတဲ့ ပစ္စည်းတွေဖြစ်ကြောင်း ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ရှင်းပြသွားပါတယ်။

အဓိကကတော့ ကိုးကန့်ဒေသမှာ မူးယစ်ဆေးဝါး နှိမ်နင်းခဲ့တယ်ဆိုတာမျိုးကို သံတမန်တွေ၊ ကုလသမဂ္ဂဝန်ထမ်းတွေ၊ သတင်းထောက်တွေ ရှေ့မှာ ထင်ရှားပြသချင်တဲ့ အနေနဲ့ပြုလုပ်ခြင်းဖြစ်ပါတယ်၊ လောက်ကိုင်ဒေသမှာ ၂ လအတွင်း ဖမ်းဆီးရမိမှုဟာ ၂၀၀၉ ဇန်နဝါရီလ ၁ ရက်နေ့ကနေ ဩဂုတ်လကုန်အထိ တနိုင်ငံလုံးမှာ ဖမ်းမိတာတွေထက် ပိုများနေတယ်လို့ ပြောသွားပါတယ်။ တရုတ်–မြန်မာနယ်စပ် စစ်ရေး နိုင်ငံရေးစောင့်ကြည့်အကဲခတ်နေတဲ့ ဦးအောင်ကျော်ဇောကတော့ ဒီကိစ္စနဲ့ပတ်သက်လို့ ဖြစ်နိုင်တဲ့ အချက် ၂ ချက်ကို ထောက်ပြပါတယ်။

"မီးရှို့တာနဲ့ပတ်သက်လို့ အခိုင်အမာပြောနိုင်တာက ၂ ခု ရှိတယ်။ တခုကတော့ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး လာတဲ့အခါမှာ ပြဖို့နဲ့ ဒုတိယအချက်ကတော့ မြန်မာပြည်မှာ ဘိန်းပြဿနာတွေ ရှိနေတုန်းပဲ ဒါကြောင့် ငြိမ်းချမ်းရေး အဖွဲ့အစည်းတွေကို ဖြေရှင်းရတဲ့ ကိစ္စကငြိမ်းချမ်းရေးကို ဖျက်ချင်တာ မဟုတ်ဘူး၊ မူးယစ်ဆေးဝါးကိစ္စဆိုတာကို ထောက်ပြချင်တာဖြစ်ပါတယ်။"

ကိုးကန့်ဒေသမှာ အရင်က မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ငါးကြိမ်လုပ်ခဲ့ပါတယ်။ အခုတကြိမ်ကတော့ ၂၀၀၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် လုပ်ဖြစ်တယ်ဆိုတာမျိုး ထည့်ပြောသွားပါတယ်။ ကိုးကန့်အဖွဲ့ဟာ ၁၉၈၉ ခုနှစ်က စစ်အစိုးရနဲ့ ငြိမ်းချမ်းရေးယူခဲ့ပြီး ၂၀၀၃ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှုကို စွန့်လွှတ်ကြောင်း တရားဝင်ကြေညာခဲ့တဲ့ အဖွဲ့ဖြစ်ပါတယ်။ ၂၀၁၀ မတိုင်ခင် နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးနဲ့ပတ်သက်လို့ ကိုးကန့်ခေါင်းဆောင်တွေနဲ့ စစ်အစိုးရတို့ကြားမှာ သဘောတူညီမှု မရတဲ့နောက်ပိုင်းမှာ ကိုးကန့်ခေါင်းဆောင် ဦးဖုန်ကြားရှင်ကို ဖမ်းဆီးဖို့ကြိုးပမ်းခဲ့ပါတယ်။ မူးယစ်ဆေးဝါး အကြောင်းပြချက်ဟာ ဟန်ပြသက်သက်ပဲဖြစ်ပြီး အဓိက နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကိစ္စပါပဲလို့ ဦးအောင်ကျော်ဇောက အခိုင်အမာပြောပါတယ်။

"ဗမာပြည်မှာ ဘိန်းအထွက်တိုးလာတဲ့ နေရာတော်တော်များများက အစိုးရဒေသတွေမှာဖြစ်တယ်၊ နောက်တခုက ဘော်ဒါဂိတ်လက်ခံတယ်ဆိုတဲ့ အဖွဲ့အစည်းတွေက ထုတ်နေတာဖြစ်ပါတယ်။ သူတို့မွေးထားတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေမှာ ဒါတွေလုပ်နေတယ်။ တာချီလိတ်ဖက်မှာလည်း တကာစဖဆိုတဲ့ အဖွဲ့တွေ၊ အခုဖွဲ့ထားတဲ့ အစက ခွန်ဆာကြီးရဲ့ ဌာနချုပ်က မဟာဂျာတို့လည်း ဒါပဲလုပ်နေတာပဲ၊ ကိုးကန့်မှာ သူတို့ အသစ်တင်ထားတဲ့ ပိုင်စိုးချိန်ဆိုရင်လည်း ဘိန်းဘုရင်ဟောင်းပဲ။ အားလုံး သူတို့ လူတွေပဲ။ "

ဦးဖုန်ကြားရှင် ကိုးကန့်ဒေသကနေ တိမ်းရှောင်သွားတဲ့နောက်ပိုင်း သူ့ရဲ့နေရာမှာ အာဏာသိမ်းပြီး တက်လာတဲ့ ပိုင်စိုးချိန်ခေါင်းဆောင်တဲ့အဖွဲ့ဟာ အခုရက်ပိုင်းမှာပဲ စစ်အစိုးရရဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း နယ်ခြားစောင့်တပ်ဖွဲ့စည်းရေး သဘောတူခဲ့တယ်လို့ သတင်းတွေ ထွက်နေပါတယ်။ စနေနေ့ မူးယစ်ဆေးဝါး မီးရှို့ပွဲမတိုင်ခင် သောကြာနေ့တုန်းက စစ်အစိုးရ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်တိုင်လည်း ကိုးကန့်ဒေသကိုသွားရောက်ပြီး ပိုင်စိုးချိန်တို့အဖွဲ့နဲ့တွေ့ပြီး နယ်မြေတည်ငြိမ်ရေး၊ လုံခြုံရေး၊ တရုတ်နဲ့ ချစ်ကြည်စွာဆက်ဆံရေး၊ စတာတွေမှာကြားခဲ့တယ်လို့ ဒီကနေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ ရေးထားပါတယ်။

ဒါဟာ လွန်ခဲ့တဲ့တပတ်က ထိုင်းနိုင်ငံအစည်းအဝေးမှာ တရုတ်–ဝန်ကြီးချုပ် ဝမ်ကျားပေါင်နဲ့ ဗိုလ်ချုပ်သိန်းစိန်တို့ တွေ့တုန်း ဝမ်ကျားပေါင်ပြောတဲ့ နယ်စပ်ငြိမ်းချမ်းတည်ငြိမ်မှုရှိရေးဆိုတဲ့ တရုတ်ရဲ့ စိုးရိမ်သောကအပေါ် ချက်ချင်းအရေးတယူ ကိုင်တွယ်ပြလိုက်တဲ့ သဘောလို့လည်း ယူဆနိုင်ပါတယ်။ ဒါ့အပြင် လာမယ့်ရက်ပိုင်း မြန်မာပြည်ကိုရောက်လာမယ့် အမေရိကန် အရာရှိတွေကလည်း မူးယစ်ဆေးဝါးထုတ်လုပ်မှု လျော့အောင် ဆောင်ရွက်ရေးဆွေးနွေးဖို့ရှိနေတာကြောင့် အခု မီးရှို့ပွဲဟာ တချက်ခုတ် ၃ ချက်ပြတ် သဘောမျိုးအဖြစ် မယူဆနိုင်ဘူးလားလို့ စဉ်းစားစရာရှိပါတယ်။ စစ်အစိုးရက လာမယ့် ၂၀၁၄ မှာ မူးယစ်ဆေးဝါးပပျောက်အောင် ဆောင်ရွက်မယ်လို့ ဆိုထားပေမယ့် အခုထက်ထိတော့ ကမ္ဘာမှာ အာဖဂန်စ္စတန်ပြီးရင် မူးယစ်ဆေးဝါး အများဆုံးထုတ်လုပ်တဲ့ နိုင်ငံအဖြစ်တည်ရှိနေဆဲဖြစ်ပါတယ်။

# ပဲဈေးတက်ချိန် ပဲစိုက်ခွင့်မရဘဲ တောင်သူတွေ နွှေစပါးကိုသာ စိုက်နေကြရ

**DVB၊ နိုဝင်ဘာ ၄ ။** ။ ပဲခူးတိုင်း သာယာဝတီမြို့နယ်က လယ်သမားတွေ ပဲဈေးတက်ချိန်မှာ ပဲစိုက်ခွင့်မရဘဲ နွေးစပါးကို မဖြစ်မနေ စိုက်နေရတာကြောင့် စပါးမဖြစ်ထွန်းမှာကို လယ်သမားတွေ စိုးရိမ်ပူပန်နေကြပါတယ်။

မြို့နယ်အာဏာပိုင်တွေက စံမံကိန်းအရ ရှေ့လဆန်းမှာ သုံးဆယ်ဆည်ကနေ လွှတ်တဲ့ရေနဲ့ သာယာဝတီအရှေ့ခြမ်းမှာရှိတဲ့ လယ်တွေ နွှေစပါးစိုက်ပျိုးရမယ်လို့ ညွှန်ကြားထားတယ်လို့ လယ်သမားတွေ က ပြောပါတယ်။ နှစ်စဉ်ဆောင်းရာသီမှာ ပဲကို အဓိကထားစိုက်တဲ့ လယ်သမားတွေအဖို့ နွှေစပါးပြောင်းစိုက်ရမယ်ဆိုတာကြောင့် အခက်ကြုံနေရတာလို့ သာယာဝတီမြို့ခံ လယ်သမားတဦး က ပြောပါတယ်။

"အခုအချိန်မှာ ပဲ ပြန်လုပ်ရရင် ပဲဈေးက တတင်းကို ၃ သောင်း ဖိ ထောင်လောက် ဖြစ်နေပြီ။ ၃ သောင်းဖြစ်မယ်ဆိုတာ ကြိုသိထားတယ်၊ ပုံမှန်လည်း စိုက်နေကျ ၁၀ တင်းလောက်လည်း ထွက်နေကျဆိုတော့ ငွေ ၃ သိန်းလောက် ရနိုင်တယ်။ ဒါပေမယ့် ဒီနှစ်မှာ မဖြစ်မနေ နွှေစပါးစိုက်ပေးရမယ့်အချိန်မှာ ရေလွှတ်မှာဆိုတော့ ကိုယ့်လယ်ကို ရေရောက်မရောက်၊ ဘယ်အချိန်မှာ ရေရောက်မလဲဆိုတဲ့ အတွေ့အကြုံက မရှိသေးဘူး။ မြေတွေ အနိမ့်အမြင့်တွေရှိတယ်၊ မြောင်းတွေကောင်းမကောင်း၊ ကိုယ့်လယ်ထဲကို ရေရောက်နိုင် မရောက်နိုင်ဆိုတဲ့ပြဿနာအပေါ်မှာ ပဲ စိုက်ရမလိုလို၊ နွှေစပါးပဲ စိုက်ရမလိုလိုနဲ့ စိုးရိမ်နေရတယ်။"

ပဲစိုက်ရင် လုပ်အားခ သက်သာသလို ဝင်ငွေလည်းပိုများတဲ့အတွက် ပဲကို စိုက်ချင်နေကြပေမယ့် ဆည်ကရေလွှတ်ရင် ပဲခင်းတွေပျက်ကုန်မှာကိုလည်း စိုးရိမ်နေကြတယ်လို့ တခြားလယ်သမားဖြစ်တဲ့ ဦးထွန်းနိုင်က ပြောပါတယ်။

"တောင်သူတွေမှာ အခုပဲ နွှေစပါးစိုက်ရမလို၊ ပဲစိုက်ရမလိုနဲ့ အလုပ်တွေလည်း ကြန့်ကြာပြီး ဘာမှမလုပ်နိုင်ဘူး။ မတော်လို့ ဆုံးရှုံးနစ်နာသွားရင် မိသားစုက အများကြီး။ တောင်သူလယ်သမားဆိုတာ အကြွေးနဲ့မကင်းကြဘူး။ အဲ့ဒီအကြွေးတွေနဲ့ ဆုံးရှုံးနစ်နာမှုတွေ တအားများသွားရင် မိသားစုတွေ ဒုက္ခရောက်မှာ ပူပန်နေတာပေါ့။ ဘာဆက်လုပ်ရမှန်းကို မသိဘူး။"

လယ်သမားတွေအနေနဲ့ နွှေစပါးရာသီမှာ ရေအပြည့်အဝ မရမှာကို စိုးရိမ်နေကြသလို လုပ်ငန်းမကျွမ်းကျင်သေးတဲ့အတွက် နစ်နာဆုံးရှုံးမှာကိုလည်း စိုးရိမ်နေရတယ်လို့သူက ပြောပါတယ်။ တခြားနယ်တွေမှာလည်း အလားတူပြဿနာမျိုး ဖြစ်ပွားခဲ့ဖူးပြီး အများကြီး နစ်နာခဲ့ရတယ်လို့ ပြောပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ အာဏာပိုင်တွေအနေနဲ့ တောင်သူလယ်သမားတွေရဲ့ ဘဝကို နားလည်စာနာပြီး လယ်သမားနဲ့ ကိုက်ညီမယ့် လုပ်ငန်းစဉ်ကိုသာ လုပ်ဖို့ ဦးထွန်းနိုင်ကတောင်းဆိုသွားပါတယ်။

"တောင်သူလယ်သမားတွေဆိုတာက ရာသီအချိန်ခါမှာ စပါး၊ စပါးပြီးရင် ပဲ၊ ပဲ ပြီးရင် အခြားကြားညှပ် သီးနှံလေးတွေစိုက်မယ်လို့ ဟန်ပြင်ပြီး ကိုယ့်မိသားစုရဲ့စီးပွားရေးကို ကိုယ့်ဟာကိုယ် တွက်ချက်ပြီးတော့ လုပ်ကြရတာကိုး။ အခုကမောက်ကမတွေဖြစ်တော့ လယ်သမားတွေမှာ တဖြည်းဖြည်း နစ်မွန်းလာပြီး အကြွေးတွေထူ၊ စိတ်ဆင်းရဲမှုပေါင်းများစွာနဲ့ အများနဲ့ ဖြစ်နေတော့ သက်ဆိုင်ရာလူကြီးမင်းတွေအနေနဲ့ တောင်သူလယ်သမားတွေရဲ့ ဘဝကို နားလည်စာနာပြီး တောင်သူလယ်သမားတွေနဲ့ ကိုက်ညီမယ့် လုပ်ငန်းစဉ်တွေကို လုပ်ကြပါလို့ပြောချင်တယ်။"




## ကုလညျွကလီယားဆုံးဖြတ်ချက်မဲမပေး

ကုလသမဂ္ဂအထွေထွေညီလာခံမှာ ဂျပန်ကတင်သွင်းတဲ့ ညျူကလီယား မပြန့်ပွားရေးဆိုင်ရာဆုံးဖြတ်ချက်မူကြမ်းကို မဲပေးကြတဲ့အခါ နအဖက မဲမပေးပဲ နေခဲ့တယ်လို့ သိရပါတယ်။ အဖွဲ့ဝင် ၁၉၂ နိုင်ငံအနက် ၁၇၀ က ထောက်ခံမဲပေး ခဲ့ပြီး၊ ၂ နိုင်ငံက ကန့်ကွက်ခဲ့ကြပြီး ကျန်တဲ့နိုင်ငံတွေက မဲမပေးပဲနေခဲ့ကြပါတယ်။ ဂျပန်ဟာ ၁၉၉၈ ခုနှစ်ကတည်းကစပြီး အဲဒီလိုမျိုးဆုံးဖြတ်ချက်ကို နှစ်စဉ်တင် သွင်းနေခဲ့တာဖြစ်ပါတယ်။ **(DVB, 4.11.2009)**

## ရခိုင်မှသည်တရုတ်နိုင်ငံအထိ

တရုတ်နိုင်ငံပိုင် ရေနံလုပ်ငန်းကော်ပိုရေးရှင်းက အရှေ့အလယ်ပိုင်းက ရေနံတွေကို မြန်မာနိုင်ငံထဲဖြတ်ပြီး ပိုက်လိုင်းကနေတဆင့် ယူနန်ပြည်နယ်ထဲ အထိသယ်ပေးမယ့် စီမံကိန်းကို စတင်အကောင်အထည်ဖော်နေပြီလို့ ပြောဆို လိုက်ပါတယ်။ ၇၇၁ ကီလိုမီတာရှည်တဲ့ပိုက်လိုင်းဟာ အိန္ဒိယသမုဒ္ဒရာရှိ မြန်မာ ပိုင် မေဒေးကျွန်းကနေ ယူနန်ပြည်နယ်ရှုလီအထိသွားမယ့်ပိုက်လိုင်းဟာ မန္တလေး နားကနေဖြတ်သွားမှာဖြစ်ပါတယ်၊ တည်ဆောက်ရေးလုပ်ငန်းဘယ်တော့ ပြီးစီးမယ် ဘယ်အချိန်မှာ လုပ်ငန်းစနိုင်မယ်ဆိုတာ မသိရသေးပေမဲ့ ပိုက်လိုင်းဟာ တနေ့ကို ရေနံစည် ၈၄ သန်းကို သယ်ဆောင်ပေးနိုင်တယ်လို့ ဆိုပါတယ်။ **(AP, 3.11.2009)**

## ဓာတ်စခန်းတည်ဆောက်ရေးလိုင်စင်

ကမ္ဘာ့အကြီးဆုံးသင်္ဘောတည်ဆောက်ရေးလုပ်ငန်းကြီးဖြစ်တဲ့ တောင် ကိုရီးယားနိုင်ငံက ဟွန်ဒိုင်းကုမ္ပဏီဟာ ရခိုင်ပြည်နယ်ကမ်းလွန်ပင်လယ်ပြင်ထဲမှာ ဓာတ်ငွေ့ စခန်းတည်ဆောက်ရေးလုပ်ငန်းအတွက် လိုင်စင်ရလိုက်တယ်လို့ သိ ရပါတယ်။ ဒေါ်လာ ၁.၄ သန်းတန်ဖိုးရှိတဲ့ လုပ်ငန်းကို ကမ်းလွန်ဓာတ်ငွေ့လုပ်ငန်း မှာ ရင်းနှီးမြှုပ်နှံမှုလုပ်ထားတဲ့ ဒေဝူးကုမ္ပဏီကနေ ရတာလို့ သိရပါတယ်။ တနေ့ကို ဓာတ်ငွေ့ ၅၀၀ ကုဗသန်းလက်ခံသိုလှောင်ပေးနိုင်တဲ့စခန်းကနေ ဒေဝူးဟာ တရုတ် ပြည်ကို ၂၀၁၃ မေလကနေ စတင်ပေးပို့ရောင်းချနိုင်မှာဖြစ်ပါတယ်၊ နအဖက အတည်ပြုပြီးသွားရင် ဒီဇင်ဘာလမှာ စာချုပ်လက်မှတ်ရေးထိုးမယ်လို့ ဟွန်ဒိုင်းက ဆိုပါတယ်။ **(AFP, 2.11.2009)**

## ဂျပန်–မြန်မာစီးပွားရေးပူးပေါင်းရန်

မြန်မာနိုင်ငံက ကုန်သည်ကြီးများအသင်းနဲ့ ဂျပန်က ကုန်သည်ကြီးများ အသင်းတို့ဟာ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို တိုးချဲ့နိုင်ဖို့ဆွေးနွေးမှုတွေကို ရန်ကုန်မှာ ပြုလုပ်ခဲ့ပါတယ်။ မြန်မာ့စီးပွားရေးနဲ့ ဂျပန့်စီးပွားရေးအခြေအနေတွေကို ဆွေးနွေးခဲ့ကြပြီး ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးချဲ့ဖို့ဆုံးဖြတ်ခဲ့ကြတယ် လို့ သိရပါတယ်။ **(XINHUA, 3.11.2009)**

## ပြစ်ဒဏ်ခတ်မှုမရုပ်ပါ

မြန်မာနိုင်ငံကို လာရောက်ခဲ့တဲ့ အမေရိကန်ကိုယ်စားလှယ်အဖွဲ့ထဲမှာပါ တဲ့ အာဆီယံဆိုင်ရာအမေရိကန်သံအမတ် စကော့မာစီယဲလ်က မြန်မာစစ်အ စိုးရနဲ့ ဆက်ဆံမှုတွေလုပ်နေပေမဲ့လည်း ပြစ်ဒဏ်ခတ်အရေးယူမှုဟာ ထိရောက် တဲ့လက်နက်တခုဖြစ်တာမို့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် သိသာထင် ရှားတဲ့တိုးတက်မှုတွေရှိမှ ပြစ်ဒဏ်ခတ်မှုရုပ်သိမ်းရေးကို လုပ်ဆောင်မယ်လို့ ထိုင်း နိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်မှာ ပြုလုပ်တဲ့ဆွေးနွေးပွဲတခုမှာ ပြောလိုက်ပါ တယ်။ **(AP, 5.11.2009)**

## ဒေါ်စုနဲ့ အဲန်အဲလ်ဒီပါမှ ဖြစ်မှာနော်

အာဆီယံဆိုင်ရာအမေရိကန်သံအမတ် စကော့မာစီယဲလ် က နောင်နှစ် မှာပြုလုပ်မယ့်မြန်မာနိုင်ငံက ရွေးကောက်ပွဲမှာ ဒေါ်စုနဲ့ အဲန်အဲလ်ဒီဝင်ရောက်ယှဉ် ပြိုင်ခွင့်မရဘူးဆိုလို့ရှိရင် အမေရိကန်အနေနဲ့အသိ အမှတ်ပြုလက်ခံဖို့ဆိုတာ တော်တော့ကို ခက်ခဲလိမ့်မယ်လို့ ဘန်ကောက်မှာ သတင်းထောက်တွေကို ပြော ဆိုလိုက်ပါတယ်။ သံကိုယ်စားလှယ် အဖွဲ့မြန်မာပြည်ခရီးစဉ်အတွင်းမှာ နအဖအုပ် စုဟာ ဆွေးနွေးမှုတွေအတွင်းမှာ စကားသိပ်မပြောပဲ ကိုယ်စားလှယ်အဖွဲ့က ပြောတာတွေကို နားထောင်တာက များပါတယ်။ **(REUTERS, 5.11.2009)**

## အကျဉ်းထောင်တွင်းသေဆုံးခြင်း

အကျင့်ပျက်လာဘ်စားတယ်ဆိုပြီး ထောင်ချထားတဲ့ နအဖနိုင်ငံခြားရေး ဝန်ကြီးဟောင်း ဦးဝင်းအောင် (၄က်ပြောသီး) ဟာ နိုဝင်ဘာလ ၄ ရက်နေ့က ဦးဏှောက်သွေးယိုစီးမှုဖြစ်ပြီး အင်းစိန်ထောင်ထဲမှာ သေဆုံးသွားခဲ့တယ်လို့ သိရပါတယ်။ ၁၉၉၈ မှ ၂၀၀၄ အထိ နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့တဲ့ဦးဝင်းအောင်ဟာ ဗိုလ်ချုပ်ခင်ညွန့်ရဲ့လူဖြစ်ပြီး ဗိုလ်ချုပ်ခင်ညွန့်အဖြုတ်ခံရပြီးတဲ့နောက် နိုင်ငံခြားကနေ မော်တော်ကားတွေကို အခွန်မဲ့သွင်းခဲ့တဲ့စွဲချက်နဲ့ရာထူးကနေအဖြုတ်ခံခဲ့ရတာပါ။ **(MIZZIMA, VOB, 5.11.2009)**

## အခြေခံဥပဒေပြင်ဆင်ရေး

မြန်မာနိုင်ငံကိုလာရောက်ခဲ့တဲ့ အမေရိကန်ကိုယ်စားလှယ်အဖွဲ့ကို အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ်က စစ်အစိုးရနဲ့ဆွေးနွေးမှုတွေလုပ်တဲ့အခါ အမေရိကန် အနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စကို ဆွေးနွေးမယ့်အ ကြောင်းအရာတွေထဲမှာထည့်သွင်းဖို့တောင်းဆိုခဲ့ပါတယ်။ အခြေခံဥပဒေကို မပြင် ရင် လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲဖြစ်နိုင်မှာမဟုတ်သလို လူ့အခွင့် အရေးအခြေအနေလည်း တိုးတက်နိုင်မှာမဟုတ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက်လည်းစတင်နိုင်မှာမဟုတ်ဘူးလို့ပြောပါတယ်။ **(MIZZIMA, 4.11.2009)**

## မြန်မာများအတွက်ယာဉ်မောင်းလိုင်စင်

ထိုင်းအစိုးရက မြန်မာနိုင်ငံက ပြောင်းရွှေ့လုပ်သားတွေ ယာဉ်မောင်း လိုင်စင်လျှောက်ပါက ထုတ်ပေးမယ်လို့ သိရပါတယ်။ ယာယီနေထိုင်ခွင့်လက် မှတ်ရထားတဲ့သူတွေဟာ မော်တော်ကားတွေ မော်တော်ဆိုင်ကယ်တွေ ပိုင် ဆိုင်နိုင်တော့မှာဖြစ်ပါတယ်၊ ယာယီနေထိုင်ခွင့်လက်မှတ်မရှိသေးတဲ့သူတွေက တော့ သူတို့ရဲ့အလုပ်ရှင်တွေရဲ့ ထောက်ခံစာလိုအပ်မယ်လို့ သိရပါတယ်။ **(DVB, 4.11.2009)**

# အသက်မပြည့်သေးသူ ကလေးများ စစ်တပ်ထဲ အဓမ္မ ဖမ်းဆီးသွတ်သွင်းခံရ

**DVB၊ နိုဝင်ဘာ ၃။** ။ နအဖစစ်တပ်မတော် စစ်သားစုဆောင်းရေးက ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ်က ဂျူးနို (ခေါ်) မောင်ချစ်ဇော်နိုင်ကို အသက် ၁၈ နှစ် မပြည့်သေးပေမယ့် စစ်တပ်အတွင်း အတင်းသွတ်သွင်းခဲ့ပါတယ်။

တောင်ဒဂုံမှာနေထိုင်တဲ့ ဦးသက်နိုင်နဲ့ ဒေါ်ခင်ဝင်းမြင့်ရဲ့သား ဂျူးနို (ခေါ်) မောင်ချစ်ဇော်နိုင်ဟာ ပြီးခဲ့တဲ့ မေလက စစ်သားစုဆောင်းခြင်းခံခဲ့ရတာပါ။ အသက် ၁၆ နှစ်သာရှိသေးတဲ့ မောင်ချစ်ဇော်နိုင်ကို တပ်ကြပ်လှိုင်မိုးမင်းက သူ့တပ်ထဲအလည်ခေါ်သွားရာကနေ ပြန်မလွှတ်တော့ဘဲ စစ်သားအဖြစ် စုဆောင်းခံရတာလို့ မောင်ချစ်ဇော်နိုင်ရဲ့ အမေ ဒေါ်ခင်ဝင်းမြင့်က ပြောပါတယ်။

"သားက အိမ်ကနေထွက်သွားပြီး သူငယ်ချင်းတွေနဲ့ သွားနေရာက လှိုင်မိုးမင်းဆိုတဲ့ စစ်သားနဲ့တွေ့တယ်တဲ့။ သူ့တပ်ထဲကို လိုက်လည်ပါလားဆိုလို့ သားက သွားလိုက်လည်တော့ စစ်တပ်ထဲလည်းရောက်ရော သားကို တပ်ထဲထည့်ပြီး သူတို့နှစ်ယောက်က ပြန်တယ်တဲ့။ သူက ပြန်ထွက်ပြီး တပ်ဝအထိလိုက်ပို့မယ်လုပ်တော့ လိုက်ပို့တောင် မခံဘူးတဲ့။ သားကို ဘယ်မှ အထွက်မခံတော့ဘဲနဲ့ အဲ့ဒီမှာ ခေါ်ထားလိုက်တော့တယ်တဲ့။"

လက်ဖက်ရည်သွားသောက်ရင်း အိမ်ပြန်ရောက်မလာတဲ့ သားကို လပေါင်းများစွာ လိုက်လံစုံစမ်းခဲ့တယ်လို့ မိခင်ဖြစ်သူက ပြောပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလ ၁၅ ရက်နေ့က အခု သူ သထုံက တပ်မ ၄၄ လေ့ကျင့်ရေး ဇ မှာစစ်သင်တန်းတက်နေပြီး အမြန်လာခေါ်ပါ ဆိုတဲ့စာတစောင် ရောက်လာတယ်လို့ ဒေါ်ခင်ဝင်းမြင့်က ပြောပါတယ်။

"အခု သွားခေါ်မယ် ကြံပြန်တော့ ညီမတို့မှာ တနေ့လုပ် တနေ့စားတွေဆိုတော့ လမ်းစရိတ်ရှာနေရတာနဲ့ မသွားဖြစ်ဘူး။ သားက ၁၂ လပိုင်း ၄ ရက်နေ့ သင်တန်းဆင်းမယ်လို့ ကြားနေရတယ်။ စာအိတ်ကလည်း သူများသုံးပြီးသား စာအိတ်နဲ့ထည့်ရတယ်ဆိုတော့ ကျမသားလေး အရမ်းဒုက္ခရောက်နေတယ်ဆိုတာ ကျမတို့သိတယ်။ အဲဒါကြောင့် ပြန်ခေါ်ချင်တယ်။ သားက အသက်လည်း မပြည့်သေးလို့ ကျမပြန်ခေါ်ချင်တယ်။"

လာမယ့်ဒီဇင်ဘာ ၄ ရက်နေ့သင်တန်းမဆင်းခင် သူ့ကိုလာခေါ်ဖို့လည်း ရေးထားတဲ့အတွက် မိခင်တယောက်အနေနဲ့ ပိုပြီး စိတ်ပူတယ်လို့ပြောပါတယ်။

"သင်တန်းဆင်းပြီးသွားလို့ ကိုယ်ပိုင်နံပါတ်တွေရရင် ထုတ်ဖို့မလွယ်ဘူးဆိုတော့ ဘယ်လိုလုပ်ရမလဲ၊ ဘယ်သူနဲ့မှလည်းမသိဘူး၊ အဆက်အသွယ်လည်းမရှိဘူး။ ကျမကတော့ တွေ့သမျှလူကို သားလေး ဒီလိုဖြစ်သွားတာ ဘယ်လိုခေါ်ထုတ်ရင်ရမလဲလို့ အကူအညီ တောင်းကြည့်တာရှိပါတယ်။"

သထုံအခြေစိုက်တပ်မ ၄၄ ကို ဆက်သွယ်မေးမြန်းတော့ တပ်မ ၄၄ လက်အောက်ခံ တပ်ရင်းတိုင်းမှာ စစ်သားစုဆောင်းတာရှိတဲ့အတွက် ဘယ်တပ်က ဘယ်သူခေါ်လာတယ် ဆိုတာကိုမသိရဘူးလို့ တာဝန်ကျတပ်သားတဦးက ပြောပါတယ်။

"တပ်ရင်းအလိုက် စုဆောင်းတာတွေ ရှိတော့ရှိတယ်။ စုဆောင်းတဲ့ဆီက ရလာတာရှိတယ်၊ မရလာတာရှိတယ်။ တပ်မဟာ ၄၄ လက်အောက်ခံမှာ တပ်ရင်း ၁၀ ရင်းရှိတယ်။ အဲလိုမျိုးရှိတော့ ဘယ်တပ်ရင်းက ခေါ်လို့ ခေါ်သွားမှန်း မသိဘူး။ နာမည်တို့၊ အဆင့်တို့ မသိလို့ကတော့ လိုက်မေးနေလို့ ရမှာမဟုတ်ဘူး။"

လာမယ့်ဒီဇင်ဘာလကျမှ အသက် ၁၇ နှစ်ပြည့်မယ့် မောင်ချစ်ဇော်နိုင်ဟာ မောင်နှမ ၅ ယောက်မှာ ဒုတိယသားဖြစ်ပြီး အိမ်ရဲ့စီးပွားရေးအခက်အခဲကြောင့် ၈ တန်းနဲ့ ကျောင်းထွက်ထားရတာလို့ ဒေါ်ခင်ဝင်းမြင့်က ပြောပါတယ်။ စစ်တပ်ထဲရောက်နေတဲ့ အရွယ်မရောက်သေးတဲ့ သားငယ်ကို ပြန်ထုတ်ချင်ပေမယ့် ဘယ်နေရာကို ဘယ်လိုတိုင်ရမယ်ဆိုတာ အကူအညီပေးကြပါလို့လည်း ဒေါ်ခင်ဝင်းမြင့်က တောင်းဆိုသွားပါတယ်။

# ရွေးကောက်ပွဲဝင်သင့်ဟု ကျော်ကြီးအမတ် အပြောကို အမ်ပီယူ ဆန့်ကျင်

**DVB၊ နိုဝင်ဘာ ၂။** ။ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွက် အခွင့်လမ်းတခုအဖြစ် ကြိုဆိုလိုက်တဲ့ ပြည်ပရောက် မြန်မာလွှတ်တော်ကိုယ်စားလှယ်တဦးရဲ့ ပြောဆိုချက်အပေါ် ပြည်ပရောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ အမ်ပီယူက ပြစ်တင်လိုက်ပါတယ်။

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်အမတ် ၁၉၉၀ ကနေ ၁၉၉၆ အထိ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရမှာ ဝန်ကြီးဟောင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဦးကို သတင်းထောက်မင်းရွှေရဲ့မေးမြန်းချက်ကို ထိုင်းနိုင်ငံမှာ အင်္ဂလိပ်ဘာသာနဲ့ထုတ်ဝေတဲ့ ဘန်ကောက်ပို့စ်သတင်းစာမှာ ဖော်ပြထားတာပါ။ ဦးထွန်းဦးဟာ လက်ရှိ အမေရိကန်နိုင်ငံ အင်ဒီယားနားပြည်နယ် ဖို့ဒဝိန်းမြို့မှာနေထိုင်ပါတယ်။ ပြည်ပရောက် အတိုက်အခံအများစုက လာမယ့် ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်နေချိန်မှာ ဦးထွန်းဦးက ဒီရွေးကောက်ပွဲဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လုပ်ပိုင်ခွင့်ဟောင်းကို အားသစ်လောင်းဖို့အဖြစ် ရှုမြင်တယ်လို့ဆိုပြီး ရွေးကောက်ပွဲကို ဆန့်ကျင်ခြင်းဟာ မဲဆန္ဒရှင်တွေ ပူးပေါင်းပါဝင်တဲ့ ဒီမိုကရေစီကို ငြင်းပယ်တာလို့ရေးထားပါတယ်။

ဒီ မေးမြန်းခန်းမှာ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်တဲ့ အစိုးရက ၂၀၁၀ ရွေးကောက်ပွဲလုပ်မယ်ဆိုတာ လက်ခံလားဆိုတဲ့ မေးခွန်းကိုလည်း "ဟုတ်ကဲ့၊ ခင်ဗျားရဲ့ ရည်မှန်းချက် မပေါက်မြောက်ရင် တခြားရွေးချယ်နိုင်တယ်"လို့ ဖြေဆိုထားပါတယ်။ လွှတ်တော်အမတ် ဦးထွန်းဦးရဲ့ ဖြေဆိုချက်နဲ့ ပတ်သက်လို့ ပြည်ပရောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ ဒုဥက္ကဋ္ဌဒေါ်စန်းစန်းက မေးမြန်းသူနဲ့ဖြေဆိုသူတွေဟာ လာမယ့်ရွေးကောက်ပွဲအတွက် စစ်အစိုးရကို ကမ်းလှမ်းတာလို့ တုံ့ပြန်ပါတယ်။

"ကျမတို့ ရပ်တည်ချက်က ရွေးကောက်ပွဲကို ဆန့်ကျင်တယ်။ ကျမတို့ သည်းမခံနိုင်တာက လူတယောက်ဆိုတဲ့အနေနဲ့ မဟုတ်ဘဲ ကျောက်ကြီးမဲဆန္ဒနယ်က လူတယောက်၊ ဒီမဲဆန္ဒနယ်က လူတွေရဲ့သဘောထား၊ ကျမတို့တော်လှန်ရေးနယ်မြေရဲ့သဘောထား။ အဲဒါတွေကို ဘာမှလည်းမလေ့လာဘဲနဲ့ ကိုမင်းရွှေကလည်း သူမေးတာကို ဒီလူကတော့ ဒီလိုပဲဖြေမှာပဲဆိုတဲ့ သဘောကို သူသိနေလို့မေးတယ်။ သူကလည်း ဒီလိုပြောတယ်။ သူကလည်း ဟိုဘက်ကို ရွေးကောက်ပွဲသွားဝင်ချင်လို့ မျက်စပစ်တဲ့သဘောလို့ ကျမတို့က ထင်တယ်။"

ဦးထွန်းဦးက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဟာ ဒီမိုကရေစီနည်းလမ်းမကျတဲ့အချက်တွေ အများအပြားရှိတာမှန်ပေမယ့် ဘယ်နိုင်ငံက ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြီးပြည့်စုံတာမရှိဘူး၊ ဒါတွေကို နောင်ကျရင် ပြောင်းလဲ၊ ပြုပြင်နိုင်တယ်၊ ပြန်လည် စိစစ်နိုင်ပါတယ်လို့လည်း ဖြေဆိုထားပါတယ်။ ဒီပြောဆိုချက်ကို ဒေါ်စန်းစန်းက ၂၀၀၈ ဖွဲ့စည်းပုံဟာ ပြင်မရနိုင်တော့တဲ့ အခြေအနေတရပ် ဖန်တီးထားပြီးသားဖြစ်နေတာ၊ စစ်အာဏာရှင်တွေ အာဏာသက်ရှည်အောင် ဖန်တီးထားတာကို ဦးထွန်းဦး မသိ မလေ့လာဘဲ ပြောနေတာလို့ တုံ့ပြန်ပါတယ်။

"ဒါကလုံးဝပြင်လို့မရဘူး။ လွှတ်တော်ထဲမှာ ၇၅ ရာခိုင်နှုန်း ကျော်ကျော်လောက်က တောင်းဆိုရမယ်။ တောင်းဆိုပြီး ပြည်သူ့ဆန္ဒခံယူမယ်။ ပြည်သူ့ဆန္ဒမှာ ပြည်သူတွေအားလုံးကဆိုတဲ့ စကားလုံးပါတယ်။ အားလုံးကဆိုတော့ အားလုံးတယောက်မကျန် ဆိုတဲ့ဥစ္စာမှာ ပါနေတော့ ဘယ်လိုလုပ် ပြင်မလဲ။ လုံးဝ မပြင်နိုင်ဘူးဆိုတာ လူတိုင်းသဘောပေါက်နေတဲ့ အချိန်မှာ သူက တဖြည်းဖြည်းပြင်မယ်၊ ဘာပြင်မှာလဲ။ တဖြည်းဖြည်းပြင်တယ်ဆိုတာ ဘာလဲ။ လေးအသချေနဲ့ ကမ္ဘာတသိန်းဖြစ်သွားမယ်။"

ဦးထွန်းဦးက ၂၀၁၀ ရွေးကောက်ပွဲဟာ မျိုးဆက်သစ်တွေအတွက် ဒီမိုကရက်တစ်အခွင့်အရေးဖြစ်တယ်လို့ ပြောဆိုတဲ့အပေါ်မှာလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို အတွင်းအပြင် ပူးပေါင်းပြီး ဆန့်ကျင်တိုက်ဖျက်သွားမယ်လို့ ဒေါ်စန်းစန်းက တုံ့ပြန်သွားပါတယ်။

**စာမျက်နှာ ၈ မှ**

ဆောင်ကော်မတီဝင်များ၊ ထိန်းသိမ်းခံအတိုက်အခံခေါင်းဆောင်နှင့်လည်း တွေ့ဆုံခဲ့သည်။ တွေ့ဆုံသူတိုင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ၊ နောက်နှစ်တွင် ကျင်းပရန်စီစဉ်ထားသည့် ရွေးကောက်ပွဲကိစ္စရပ်များကို အဓိကထားဆွေးနွေးခဲ့သည်။

“ဒီခရီးစဉ်ဟာ စူးစမ်းလေ့လာရေးခရီးစဉ်တရပ်ဖြစ်ပြီးတော့ ကျနော်တို့နဲ့ တွေ့ဆုံခဲ့သူတွေကို အမေရိကန်နိုင်ငံရဲ့ရပ်တည်ချက်သဘောထား၊ ကျနော်တို့ရဲ့ မူဝါဒ ပြန်လည်သုံးသပ်နေမှုအကြောင်းတွေကို ရှင်းလင်းပြောပြနိုင်ခဲ့ပါတယ်။ သူတို့ ဆီကအမြင်တွေနဲ့ အယူအဆတွေကိုလည်း နားထောင်ခဲ့ပါတယ်။ ကျနော်တို့အဓိကလိုချင်တဲ့အချက်က မြန်မာနိုင်ငံအတွင်းမှာ အပေါင်းလက္ခဏာဆောင်တဲ့ ဖြစ်ထွန်းတိုးတက်မှုတွေ ဖော်ဆောင်နိုင်မယ့် ထိရောက်တဲ့နည်းလမ်းတွေကို ရှာဖွေဖို့ဘဲဖြစ်ပါတယ်။” ဟု Marciel ကပြောပါတယ်။

အဆိုပါ သံတမန်များက မြန်မာ့အရေးတွင် ဘာလုပ် ဘာကိုင်ရမည်ဟု ညွှန်ကြားပြောဆိုသည့် ချဉ်းကပ်မှုမျိုးကို အသုံးပြုမည်မဟုတ်ဘဲ မြန်မာနိုင်ငံတွင်း အပြောင်းအလဲသည် ပြင်ပမှအင်အားသုံးပြုလုပ်၍ ရမည်မဟုတ်ဘဲ ပြည်တွင်းမှသာ ပြုလုပ်နိုင်မည်ဟု သူတို့ကရှင်းလင်းပြောဆိုသည်။

“တစည်းတလုံးတည်းရှိတဲ့ မြန်မာနိုင်ငံဖြစ်ရေးကို ကျနော်တို့ထောက်ခံပါတယ်။ ဒါပေမယ့် ဝင်ရောက်စွက်ဖက်ဖို့တော့ ရည်ရွယ်ချက်မရှိပါဘူး။” ဟု Marciel ကရှင်းလင်းပြောဆိုသည်။

“ရွေးကောက်ပွဲနဲ့ပတ်သက်လို့ ဖွဲ့စည်းပုံဥပဒေမှာ အပြောင်းအလဲတွေလုပ်ဖို့ စတာတွေအပေါ်မှာ ကျနော်တို့ရပ်တည်ပြီးပြောနေတာမဟုတ်ပါဘူး၊ ဒီကိစ္စတွေအပေါ် ဆွေးနွေးငြင်းခုံမှုတွေအများအပြားရှိတယ်ဆိုတာကိုတော့ မှတ်သားထားပါတယ်။ ဒါပေမယ့် အစိုးရကိုတော့ ဒီပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းဖို့အတွက် အတိုက်အခံနဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ အတူထိုင်ပြီး ဖြေရှင်းဖို့ကိုတော့ အတင်းအကျပ် တိုက်တွန်းပြောဆိုခဲ့ပါတယ်။” ဟု သူကပြောပါတယ်။

“ဒီလိုမျိုးတွေ့ဆုံဆွေးနွေးမှုမရှိဘဲနဲ့ ရှေ့ဆက်သွားလို့မရပါဘူး။” လို့လည်း သူကအလေးအနက် ပြောဆိုပါတယ်။

အမေရိကန်ရဲ့ဤဆောင်ရွက်ချက်ကို အားလုံးကလက်ခံကြိုဆိုကြသည်။ စစ်မှန်သောဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်စေရန်အတွက် စစ်အစိုးရကို ချော့ပြောနိုင်မည့်နည်းလမ်းရှာရေးတွင် နိုင်ငံတကာအသိုင်းအဝိုင်းအတွက်လည်း အသက်ရှုချောင်စရာဖြစ်သည်။ သို့သော် သူတို့၏လတ်တလောကြိုးပမ်းမှုများအပေါ် မျှော်လင့်ချက်ထားနေခြင်းကိုလည်း သူတို့က သတိကြီးစွာတုံ့ပြန်ပြောဆိုသည်။

“မျက်စိကိုကျယ်ကျယ်ဖွင့်ပြီး ကျနော်တို့သွားခဲ့တာပါ။ အခိုင်အမာရလဒ်တခုခု မရမချင်း ကျနော်တို့မှာအဖြေတရပ်တွေ့ထားပြီလို့ မထင်ကြဖို့သာ နှိမ့်နှိမ့်ချချ ပြောလိုပါတယ်။” ဟု သူက မစ္စတာမကိုပြောပါတယ်။

ဤလုပ်ငန်းစဉ်အတွင်း နောက်တဆင့်၌ ဘာလုပ်မည်ဆိုသည်ကို နှစ်ဦးလုံးက ဖြေကြားရန်ငြင်းဆိုသော်လည်း အဆိုပါ သံတမန်နှစ်ဦးသည် လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း မြန်မာနိုင်ငံသို့ နောက်တကြိမ်သွားရောက်ဦးမည်။ နယူးယော့ခ်မြို့ ကုလသမဂ္ဂ၌ နှစ်နိုင်ငံအကြား ယခင်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့စဉ်ကလည်း ဤလုပ်ငန်းစဉ်ရှေ့ဆက်ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးပြောဆိုမည့်သူတဦး သတ်မှတ်ထားရှိရန် နှစ်ဘက်လုံးကသဘောတူညီခဲ့ကြသည်။

ဝါရှင်တန်၏ ဤချဉ်းကပ်မှုပုံစံသစ်ကိုခေါင်းဆောင်ရန် အထူးသံတမန်တဦးကို အမေရိကန်က လောလောဆယ်ရွေးချယ်နေဆဲဖြစ်သည်။ ထိုအထူးသံတမန်သည် (လက်ရှိ ယာယီကြားဖြတ်သံတမန်ဖြစ်သော) Campbell နှင့် Marciel တို့ နှစ်ဦးလုံးနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဟု နိုင်ငံခြားရေးဌာနအရာရှိများ၏ အပြောအရသိရသည်။ မြန်မာနိုင်ငံအတွက် အထူးသံတမန်အဖြစ်မူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နီးစပ်သူဟုကျော်ကြားသည့် အမာလိုင်းသမားဖြစ်သူ ဦးသောင်းကို ရွေးချယ်ထားသည်။

“နိုင်ငံစုံ အကျိုးတူ ထိပ်သီးဆွေးနွေးပွဲတွေဖြစ်တဲ့ APEC နဲ့ အမေရိကန် အာဆီယံထိပ်သီးစည်းဝေးပွဲ US-ASEAN တွေအပါအဝင် မြန်မာနိုင်ငံ၊ အမေရိကန်နဲ့ ကမ္ဘာအနှံ့မှာ အစည်းအဝေးတွေနဲ့ တွေ့ဆုံစကားပြောဆိုမှုတွေ မကြာမတင်ကာလအတွင်း ဆက်တိုက်ပေါ်ထွက်လာမှာဖြစ်ပါတယ်။” ဟု Marciel က မစ္စတာမကိုပြောသည်။ အမေရိကန် အာဆီယံ ထိပ်သီးအစည်းအဝေးမှာ တပတ်အတွင်း စင်ကာပူနိုင်ငံတွင်ပြုလုပ်မည်။

သို့သော် အဆိုပါအစည်းအဝေးပွဲများကာလအတွင်း အစည်းအဝေးပြင်ပ၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် မြန်မာဝန်ကြီးချုပ်သိန်းစိန်တို့ တွေ့ဆုံနိုင်သည်ဟူသော သတင်းကိုမူ သူကငြင်းဆိုသွားသည်။ သေချာသည်မှာမူ သံတမန်နှစ်ဦးစလုံး မြန်မာနိုင်ငံသို့ မကြာခင်ထပ်မံသွားရောက်ဦးမည်ဆိုသည့် သတင်းသာဖြစ်သည်ဟု ပြောသည်။

“ကျနော်တို့မကြာခင် ပြန်လာခဲ့ဦးမှာပါ။” ဟု သူတို့က သူတို့နှင့်ရန်ကုန်တွင် ဗုဒ္ဓဟူးနေ့ကတွေ့ဆုံခဲ့သော အဲန်အယ်လ်ဒီအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များကို ပြောဆိုခဲ့သည်ဟု ထိုအစည်းအဝေးများကို တက်ရောက်ခဲ့သူများ၏ အပြောအရသိရသည်။ သူတို့၏ ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် အမေရိကန်ဘက်မှ လိုလိုလားလားမပြောလိုဘဲ သူတို့အပေါ် မျှော်လင့်ချက်များသိပ်မထားရန် ပြောဆိုနေချိန်မှာပင် ကုလသမဂ္ဂနှင့်အာဆီယံကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း သူတို့၏ကြိုးပမ်းဆောင်ရွက်ချက်များကို လောလောဆယ် ရပ်ဆိုင်းထားကြပြီး ဝါရှင်တန်၏ချဉ်းကပ်မှုသစ်မှ တစုံတရာအဖြေထွက်ပေါ်လာသည်အထိ စောင့်ဆိုင်းနေကြသည်။

---

## အမေရိကန်သံအဖွဲ့ခရီးစဉ်အပေါ် စီအာရ်ပီပီသုံးသပ်

**RFA ၊ နိုဝင်ဘာ ၆ ။** ။ အမေရိကန်အစိုးရရဲ့ မြန်မာနိုင်ငံအပေါ်မူဝါဒသစ်နဲ့ ဆောင်ရွက်မှုတွေကြောင့် စစ်အစိုးရဘက်ကလည်း တစုံတရာလိုက်လျောမှုတွေရှိလာနိုင်တယ်လို့ CRPP ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်တွေက သုံးသပ်လိုက်ပါတယ်။

အမေရိကန်ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံပြောဆိုခဲ့တာတွေကို ပြန်လှန်သုံးသပ်တဲ့ ဒီကနေ့အစည်းအဝေးအပြီးမှာ CRPP ခေါင်းဆောင်တဦးဖြစ်တဲ့ ဗိုမီးတိုင်းရင်းသားခေါင်းဆောင် ဦးပုကျင့်ရှင်းထန်က အခုလိုပြောပါတယ်။

“ကျနော်တို့ဝိုင်းပြီးတော့ သဘောတူတာကတော့ ဘာဘဲဖြစ်ဖြစ် နောက်တော့ အကောင်းပေါ်မလား မပေါ်ဘူးလားဆိုတာ ပြောလို့မရသေးပေမယ့် ခါတိုင်းတွေ့ဆုံတာတွေထက် ချင့်ချိန်စဉ်းစားတဲ့အခါမှာ ဒီတခါတော့ ကောင်းတယ်လို့ အားလုံးသဘောတူကြတယ်။ အားလုံးလည်းဝမ်းသာကြတယ်။ မျှော်လင့်ချက်လည်းရှိကြတယ်ဗျ။

ဘာဖြစ်လို့လည်းဆိုတော့ အရင်တုန်းက ဂမ်ဘာရီတို့လာတယ်၊ ရာဇာလီအစ္စမေးလ်တို့လည်းလာတယ်၊ အဲဒီတုန်းက ကျနော်တို့တောင်မှ တွေ့ပါရစေဦးလို့ဆိုတဲ့နေရာမှာလည်း ဒီလိုဒီလိုအဖွဲ့အစည်းရှိတယ်ဆိုတာ လျှောက်တာတောင်မှ သူတို့ကပဟုတ်ပါတယ်၊ ကျနော်တို့လာတဲ့အခါမှာ တွေ့ပါမယ်ဆိုပြီးတော့ promise တွေ ကတိတွေ ဘာတွေလုပ်ထားခဲ့ဘူးတယ်။

တကယ်လာတဲ့အခါကျတော့ အစိုးရကလည်းကျနော်တို့ကို တွေ့ခွင့်မပေးဘူး။ ဒီတခါမှာတော့ နိုင်ငံရေးအဖွဲ့အစည်းအပြင် နိုင်ငံရေးအဖွဲ့အစည်းမဟုတ်တဲ့ NGO တို့ အမျိုးသမီးအဖွဲ့တို့ ကြံ့ဖွံ့တို့ ဘာတောင်မှ တွေ့ခိုင်းတယ်ဆိုတော့ ကျယ်ကျယ်ပြန့်ပြန့် အစိုးရကလက်ခံထားတဲ့ပုံမျိုး ရှိတဲ့အတွက်ကြောင့် ကျနော်တို့က နည်းနည်းလေးမျှော်လင့်ချက်ရှိတာပါ။”

အစည်းအဝေးပြုလုပ်ရတာကတော့ အမေရိကန်အစိုးရကိုယ်စားလှယ်တွေနဲ့ တွေ့ခဲ့ရတုန်းက တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ သီးသန့်တွေ့သလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ သီးသန့်တွေ့တဲ့အတွက် အဲဒီတွေ့ဆုံမှုတွေမှာ ကွဲပြားမှုရှိ မရှိ ပြန်လည်ပြောဆိုဆွေးနွေးကြတာလို့ ဆိုပါတယ်။ ဒီနေ့ CRPP အစည်းအဝေးကို ကျန်းမာရေးမကောင်းတဲ့ ခေါင်းဆောင်တွေကလွဲလို့ ကျန်ခေါင်းဆောင်တွေ အားလုံး တက်ရောက်ခဲ့ကြပါတယ်။

# အမေရိကန် အဆင့်မြင့် သံတမန်အဖွဲ့ မြန်မာနိုင်ငံခရီးစဉ်အပေါ် သုံးသပ်ချက်များ

**DVB ၊ နိုဝင်ဘာ ၅ ။** ။ အမေရိကန် အဆင့်မြင့် သံတမန်အဖွဲ့ရဲ့ ၂ ရက်ကြာ မြန်မာနိုင်ငံခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးမှုတွေနဲ့ သတင်းစာရှင်းလင်းပွဲက တဆင့် အမေရိကန်အစိုးရသဘောထား ထုတ်ဖော်ပြောဆိုချက်တွေအပေါ် ပြည်တွင်းနိုင်ငံရေး အင်အားစုတခုဖြစ်တဲ့ ဝါရင့်နိုင်ငံရေးသမားများအဖွဲ့က သခင်ချန်ထွန်းနဲ့ ပြည်ပအခြေစိုက် NCGUB ကုလသမဂ္ဂတာဝန်ခံ ဒေါက်တာသောင်းထွန်းတို့က ကြိုဆိုလိုက်ပါတယ်။

ဒီခရီးစဉ်နဲ့ပတ်သက်ပြီး အမေရိကန်ထိပ်တန်းအရာရှိ မြန်မာပြည်ကိုလာပြီး ဆွေးနွေးတာဟာ အင်မတန်ကောင်းမွန်တဲ့လုပ်ငန်းဖြစ်သလို ပြည်သူလူထုကလည်း ကျေနပ်တဲ့အပြင် အဆင့်အတန်းရှိရှိ လာတာဖြစ်တဲ့အတွက် ကမ္ဘာကလည်း တန်ဖိုးထားတယ်လို့ သခင်ချန်ထွန်းက ပြောပါတယ်။

"ဒီလို တွေ့တဲ့အတွက်လည်း အတွင်းရေးတွေ ဘာတွေကို အခြေအနေအမှန်ကို သူတို့ ပိုသိသွားလို့ ဝမ်းမြောက်တယ်။ အန်အယ်လ်ဒီလည်း တွေ့ချင်တဲ့နေရာ၊ တွေ့ခွင့်ရလာတာ တဆင့်တိုးတက်လာတယ်လို့ယူဆတယ်။ နည်းနည်းလိုက်လျောလာတဲ့ သဘောပေါ့။"

ဒီခရီးစဉ်ဟာ မစ္စတာဂမ်ဘာရီတို့ ပြောတဲ့အတိုင်း မြန်မာပြည်က ဒီမိုကရေစီခေါင်းဆောင်တွေ သဘောထား၊ လက်ရှိနိုင်ငံရေးနဲ့ ၂၀၁၀ အပေါ်မှာ အမြင်၊ နအဖခေါင်းဆောင်ပိုင်းရဲ့သဘောထားတွေကို သူတို့ စုံစမ်းလေ့လာဖို့သွားတဲ့ခရီးစဉ်ဖြစ်ကြောင်း အစောကြီးကတည်းက ပြောထားတာလို့ ဒေါက်တာသောင်းထွန်းက ပြောပါတယ်။

"အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာ နိုင်ငံရေးအဖြေတခုရဖို့ အချိန်တိုကာလအတွင်းမှာ စိုက်လိုက်မတ်တတ် ဆောင်ရွက်တယ်ဆိုတာ အမေရိကန်ရဲ့နိုင်ငံခြားရေးပေါ်လစီမှာ မြန်မာပြည်ရေးကိစ္စဟာ အရေးကြီးတဲ့ကဏ္ဍတခုအနေနဲ့ သဘောထားတာကို ပြသရာရောက်တယ်။ ဒီခရီးစဉ် တခုတည်းနဲ့ ချက်ချင်းဆိုသလို နိုင်ငံရေးအဖြေတခုရလိမ့်မယ်လို့ သူတို့ အစောကတည်းက မမျှော်လင့်ပါဘူး။ ဒါပေမယ့် ကျနော်တို့အနေနဲ့ ဒီခရီးစဉ်ကို ကြိုဆိုပါတယ်။"

၂၀၁၀ ရွေးကောက်ပွဲနဲ့ ၂၀၀၈ အခြေခံဥပဒေပေါ် အမေရိကန်အစိုးရရဲ့ပြောဆိုချက်တွေအပေါ်မှာတော့ သူတို့ ၂ ဦးရဲ့ အမြင်တွေက ကွဲပြားနေပြီး သခင်ချန်ထွန်းက သူ့အမြင်ကိုပြောပါတယ်။

"အမေရိကန်က တရားမျှတဲ့ ရွေးကောက်ပွဲတွေလုပ်ပါ ဆိုတာသာ တိုက်တွန်းနေတာ အခြေခံဥပဒေနဲ့ပတ်သက်ပြီး ပြန်ပြင်သင့်တယ်ဆိုတာ သူတို့ စကားတလုံးမှ အခုအထိ မထွက်သေးဘူး။ သူတို့က ၂၀၀၈ အခြေခံဥပဒေအရ ရွေးကောက်ပွဲကို ၂၀၁၀ မှာ လုပ်မယ်ဆိုတာ အခြေခံဥပဒေအနေနဲ့က တပ်မတော်ရဲ့ အောက်ကလွတ်ဖို့ သိပ်အကြောင်းမရှိဘူး။"

ရွေးကောက်ပွဲ အခြေခံဥပဒေနဲ့ ပတ်သက်တဲ့ အမေရိကန်အစိုးရရဲ့ ရပ်တည်ချက်ကို ဒေါက်တာသောင်းထွန်းက သူ့အမြင်ကိုပြောပါတယ်။

"သူတို့ဘက်ကတော့ ဖွဲ့စည်းပုံနဲ့ပတ်သက်လို့ရော၊ ရွေးကောက်ပွဲဝင်ရေးမဝင်ရေးကိစ္စဟာ ဗမာတွေအချင်းချင်းထဲမှာ ဆွေးနွေးဆုံးဖြတ်ရမယ်။ အမေရိကန်နိုင်ငံနဲ့ တခြားနိုင်ငံတကာ အဖွဲ့ဝင် နိုင်ငံတွေအနေနဲ့က မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးရေးတရပ် ပေါ်ထွန်းလာရေးကို အဓိကတွန်းအားပေးသွားမယ်၊ တွေ့ဆုံဆွေးနွေးပွဲမှာ ဖွဲ့စည်းပုံကိစ္စ၊ တိုင်းရင်းသားအရေးကိစ္စ၊ ၂၀၁၀ ရွေးကောက်ပွဲကိစ္စ၊ ဘယ်ကိစ္စမဆို ဆွေးနွေးလို့ရတယ်။ ဆွေးနွေးတဲ့ရလဒ်အပေါ်မှာ အခြေခံပြီး မြန်မာနိုင်ငံရေးအနာဂတ်ကို ဘယ်လိုစခန်းသွားကြမလဲဆိုတာကို ကာယကံရှင်တွေ ကိုယ်တိုင်ဆုံးဖြတ်ရမယ်ဆိုတဲ့ သဘောထားအမြင်ကို ရှင်းပြထားတာရှိပါတယ်။"

အမေရိကန်အစိုးရ အဆင့်မြင့် သံကိုယ်စားလှယ်အဖွဲ့ ခရီးစဉ်အပေါ် နအဖဘက်က တစုံတရာအတိုင်းအတာအထိလိုက်လျောမှုနဲ့ပတ်သက်တဲ့ဖြစ်နိုင်ချေသဘောထားကို သခင်ချန်ထွန်းက သူ့ရဲ့အတွေ့အကြုံအရ အခုလိုယူဆပါတယ်။

"ဆန်ရှင်က လျော့ပေးတာမှမဟုတ်ဘဲ။ အစိုးရကလည်း ဆန်ရှင်ကိုဖျက်စေချင်တာ၊ ဆန်ရှင်ဖျက်လည်း သူက သူလုပ်ချင်တာပဲ လုပ်သွားချင်တယ်။ ဆန်ရှင်ဖျက်လို့ အမေရိကန်အကြိုက်ကို လုပ်သွားမယ်လို့ တာဝန်မခံနိုင်ဘူး။ ဗမာအစိုးရကတော့ ထုံးစံအတိုင်း အရင်ကလည်း ဒီလိုပဲ။ သူ့ရဲ့ ယုံကြည်ချက်၊ ခံယူချက်အတိုင်းလုပ်သွားမှာပဲလို့မြင်တယ်။ အမေရိကန်က ပိတ်ဆို့မှုလုပ်မှာလည်း မကြောက်ဘူး။ သို့သော် ကမ္ဘာကသိအောင် သူက ရွေးကောက်ပွဲကိုတော့ လုပ်ပေးမယ်ဆိုတဲ့ သဘောမျိုး။ ဘယ်အာဏာရှင်နိုင်ငံမှ လွယ်လွယ်ကူကူနဲ့ မပြောင်းဘူး။ ဖိလစ်ပိုင်တို့ ဘာတို့လည်းဆန္ဒပြပြီး ပြောင်းရတာပဲ။"

အမေရိကန်နဲ့ နိုင်ငံတကာရဲ့ မြန်မာနိုင်ငံရေးပြောင်းလဲမှုအတွက် ကမ်းလှမ်းချက်ကို မြန်မာပြည်သူတွေ အကျိုးရှေးရှုပြီး နအဖအနေနဲ့ စဉ်းစားပေးဖို့ ဒေါက်တာသောင်းထွန်းက တိုက်တွန်းပါတယ်။

"နအဖအနေနဲ့ ဘယ်လိုရည်ရွယ်ချက်နဲ့ ဘယ်လိုအကျိုးစီးပွားတွေကို စဉ်းစားပြီး လုပ်သလဲ ကျနော်တို့လည်းမသိဘူး။ ဒီကမ်းလှမ်းချက်တွေ၊ တွေ့ဆုံဆွေးနွေးမှုတွေကို ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံမှာ တပ်မတော်ဘက်ဆိုင်ရာခေါင်းဆောင်တွေအပါအဝင် တိုင်းရင်းသားအင်အားစုတွေ၊ ဒီမိုကရေစီအင်အားစုတွေနဲ့ပူးတွဲပြီး ငြိမ်းချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတခုကို အမေရိကန်အပါအဝင် နိုင်ငံတကာကလိုလားတယ်။ အဲဒါမျိုး ဖြစ်ခဲ့မယ်ဆိုရင် အပြုသဘောနဲ့ကူညီဆောင်ရွက်ပေးဖို့ အဆင်သင့်ရှိတယ်ဆိုတာကို ပြသတယ်။ ဒါဟာ မြန်မာပြည်သူ လူထုအနေနဲ့ နိုင်ငံတကာဆက်ဆံရေးမှာ နိုင်ငံပေါင်းစုံနဲ့ အဆင်ပြေပြေဆက်ဆံရေးတွေ ပြန်လည်ထူထောင်နိုင်ပြီး မြန်မာပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ အကူအညီနဲ့လုပ်နိုင်တဲ့ အခွင့်အလမ်းတွေဖြစ်တယ်။ ဒီအခွင့်အလမ်းကို အမျိုးသားအကျိုးစီးပွားနဲ့ပြည်သူလူထုအကျိုးစီးပွားကို ဦးစားပေးပြီးတော့ စဉ်းစားသင့်တယ်လို့ ကျနော်တို့က ပြောချင်တယ်။"

# နအဖထိုးစစ်ကြောင့် အိမ်စွန့်ပြေးသူများ

**DVB ၊ နိုဝင်ဘာ ၁ ။** ။ နအဖ စစ်တပ်တွေရဲ့ ထိုးစစ်တွေကြောင့် ကေအန်ယူတပ်တွေ လှုပ်ရှားသွားလာနေတဲ့ ဒေသတွေမှာ ရွာသားများ ထွက်ပြေးတိမ်းရှောင် ပုန်းအောင်းနေရတာတွေ ဆက်လက်ရှိနေတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာလ နောက်ဆုံးအပါတ်အတွင်း စစ်အစိုးရ ထိုးစစ်တွေကြောင့် ကေအန်ယူအခြေစိုက် ဒေသအတွင်း ရှောင်တိမ်းနေရသူ စုစုပေါင်းဟာ တပတ်အတွင်းမှာ ရာနဲ့ချီရှိတယ်လို့ ကရင်အမျိုးသားအစည်းအရုံး ကေအန်ယူ တွဲဖက်အတွင်းရေးမှူး–၁ ဗိုလ်မှူး စောလှငွေက အခုလိုပြောပါတယ်။

"တပ်မဟာ ၃ မိုးဦးမြို့နယ်ဖက်မှာ ဆိုလို့ရှိရင် လှုပ်ရှားမှုတွေရှိလာသလို တပ်မဟာ ၂ ဖက်က မြို့နယ်အတော်များများမှာလည်း လှုပ်ရှားမှုတွေ ပိုမိုများပြားလာပြီး လူထုတွေ ထွက်ပြေးရှောင်တိမ်းနေရတာကြောင့် တောင်ယာတွေ မရိတ်နိုင်ဘဲ တောင်ယာစုတ်ကွက်တွေ ရာနဲ့ချီ ဆုံးရှုံးတာတွေဖြစ်နေပါတယ်။ တပ်မဟာ ၅ ဝှင်တွေမှာလည်း သူတို့တွေ ဝင်ရောက်ပြီး လှုပ်ရှားဟန်ပြနေတယ်။ တချို့နီးစပ်ရာတွေမှာ ပေါ်တာတွေဆွဲတာမျိုးတွေလုပ်နေပါတယ်၊ တချို့ရွာသားတွေ ရွာအလိုက် တော်တော်များများတခြားနေရာ ပြောင်းရွှေ့သွားတာမျိုးတွေရှိပြီး ပုန်းအောင်းရှောင်တိမ်းနေရတာကတော့ အောက်တိုဘာလ တတိယပတ်လောက်ကနေ အခုထိ ပမာဏအရ ပြောရရင်တော့ ရာနဲ့ချီပြီးရှိပါတယ်။"

နအဖစစ်အုပ်စုက ကေအန်ယူတပ်တွေကို ထိုးစစ်စင်တဲ့အခါတိုင်း ဒေသခံတွေဟာ နေရပ်ရင်းဒေသတွေကို စွန့်လွှတ်ထွက်ပြေးနေကြရပါတယ်။ အခုထိုးစစ်မှာလည်း ဒေသခံတွေဟာ သူတို့ရဲ့အိုးအိမ်တွေအပြင် ထွန်ယက်စိုက်ပျိုးခဲ့ကြတဲ့ တောင်ယာသီးနှံတွေကိုလည်း စွန့်လွှတ်ထွက်ပြေးနေကြရပါတယ်။

# ၈၈ မျိုးဆက်ကျောင်းသူ ခေါင်းဆောင် မနီမိုလှိုင် ကျန်းမာရေး အခြေအနေဆိုးဝါး

**DVB | နိုဝင်ဘာ ၅ ။** ။ မကွေးတိုင်း သရက်ထောင်က ၈၈ မျိုးဆက်ကျောင်းသူ မနီမိုလှိုင် ထောင်အတွင်း ကျန်းမာရေးဆိုးနေလို့ ထိထိရောက်ရောက် ဆေးကုသခွင့်ရချင်တယ်လို့ ထောင်ဝင်စာတွေ့ ပြန်လာတဲ့ မိသားစုဝင်တွေက ပြောပါတယ်။

မနီမိုလှိုင် အောက်တိုဘာ ၆ ရက်နေ့ကတည်းက နေမကောင်းဖြစ်နေတာလို့ မနီမိုလှိုင်ရဲ့ အစ်မ မစုစုလှိုင်က ပြောပါတယ်။ ပြီးခဲ့တဲ့အပတ် အင်္ဂါနေ့က ထောင်သံကြိုးစာရောက်လာလို့ ချက်ချင်းသွားတွေ့ခဲ့တဲ့အကြောင်း မစုစုလှိုင်က ပြောပါတယ်။

“နေမကောင်းတော်တော် ဖြစ်နေတာကို ၂၇ ရက်နေ့က သံကြိုးရလို့ အားချင်း သွားဖို့လုပ်ပြီး ၃၁ ရက်နေ့က သွားတွေ့တယ်။ တွေ့တဲ့အချိန်မှာ အတော်ကြီးကို ကတုန်ကရင်နဲ့ တကိုယ်လုံးဖြူဖွေးပြီး သွေးမရှိသလို တွေ့လိုက်တော့မှ ဘယ်လိုဖြစ်လဲလို့မေးကြည့်တော့ ၆ ရက်နေ့ကတည်းက ဖျားတာ ရက် ၂၀ ကျော်တဲ့အထိ အဖျားမကျဘူးတဲ့၊ မေမေနဲ့ တွေ့တဲ့အချိန်ကျမှ အဖျားကျသွားတာ နှစ်ရက်လောက်ပဲရှိသေးတယ်၊ ဘာရောဂါမှန်းလည်း သူ့ကိုယ်သူလည်း မသိဘူး။ အဖျားကျသွားတဲ့ အချိန်မှာ ဆရာဝန်နဲ့လုံးဝမတွေ့ရတော့ဘူး။ သူ ဘာဖြစ်သလဲ ဆိုတာလည်း မေးဖို့မရဘူး။”

ထောင်တွင်း ဆေးကုသမှုနဲ့ ပတ်သက်ပြီး မစုစုလှိုင် က ပြောပြတာက

“သူ စဖြစ်ဖြစ်ချင်းကို ဆရာဝန်နဲ့ပြတဲ့အခါကျတော့ ညပိုင်းဆိုတော့ သံတိုင်ကြားထဲကပဲ လက်ထုတ်ပြီးတော့ပဲ စမ်းလိုက်ရတယ်။ သေချာစမ်းသပ်လို့ မရဘူးပေါ့။ အဲ့ဒီအချိန်မှာ အဖျားပျောက်ဖို့နဲ့ အစာအိမ်ထင်လို့ အစာအိမ်ဆေးတွေ သောက်ရတယ်။ ၃ ရက်လောက်သောက်တဲ့အထိ မသက်သာတော့ ဆရာဝန်က နောက်ထပ်ဆေးပြောင်းပြီး တော့ အူရောင်ငန်းဖျားရောဂါ တိုက်ဖွိုက်လို့ ယူဆပြီးတော့ အဲဒီဆေး ၆ လုံးထိုးရတယ်ပြောတယ်။ အဲ့ဒါလည်း အဖျားမကျဘူး။ အဲ့ဒါနဲ့ ဆရာဝန်က သွေးဖောက်စစ်ပြီး ဆေးရုံတက်ဖို့ပြောတယ်။ နီမိုကကျတော့ ဆေးရုံတက်ရင် လုပ်ပေးမယ့်သူမရှိဘူး။ အိမ်ကလူလာရင် လူခွဲ မရှိဘူးပေါ့။ စရိတ်ကုန်မှာကိုတွက်ပြီး ဆေးရုံမတက်ဘဲ ထောင်ထဲမှာပဲ ကုမယ် ဆိုပြီး ကုလိုက်တာပေါ့။”

“ဒါပေမယ့် သူ့ကိုယ်သူ ဘာရောဂါမှန်းမသိဘူး။ ဆရာဝန်ကို သူဘာရောဂါဖြစ်တာလဲ မေးတော့ ဆရာဝန်က ဘာမှမပြောဘူး ထောင်ဝန်ထမ်းကိုပဲ သူ့အတွက် စိုးရိမ်ရတယ် စိတ်ပူရတယ်ပဲ ပြောတယ်တဲ့။ ကျန်တာ ဘာရောဂါ ဖြစ်တယ်ဆိုတာမပြောဘူး။ အခုက နလန်ထ ပုံစံတောင် မရှိသေးဘူး။ သူစကား ပြောတာတောင် မနည်းအားတင်းပြီး ပြောနေရတဲ့အချိန်လေ။”

ဒါကိုကြည့်ပြီး ထောင်ဝင်စာတွေ့ ပြန်လာတဲ့ မနီမိုလှိုင်ရဲ့ မိခင်အသက် ၆၅ နှစ်အရွယ် ဒေါ်စန်းစန်းမြင့်ဟာ စိတ်ထိခိုက် နေမကောင်းဖြစ်ပြီး ဆေးကုနေရတယ်လို့ မစုစုလှိုင်က ပြောပါတယ်။ မနီမိုလှိုင်မှာ လေးဘက်နာနဲ့ နှလုံးအားနည်းတဲ့ရောဂါအခံရှိလို့ မိသားစုတွေက ထိထိရောက်ရောက် ဆေးကုသခွင့်ရချင်တယ်လို့ ပြောပါတယ်။ ဒီလို ဆေးကုသခွင့်ရဖို့ သက်ဆိုင်ရာ အာဏာပိုင်တွေဆီ စာတင်မယ်ဆိုရင် မနီမိုလှိုင်အတွက် တခုခုထိခိုက်စရာ ဖြစ်လေမလားဆိုပြီးလည်း မိသားစုတွေက စိုးရိမ်ပူပန်နေပါတယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင် တဦးလည်းဖြစ်၊ ၈၈ မျိုးဆက်ကျောင်းသူတဦးလည်းဖြစ်တဲ့ မနီမိုလှိုင်ကို ၂၀၀၈ ခုနှစ် ၆ လပိုင်းမှာ အာဏာပိုင်တွေ ဖမ်းဆီးခဲ့ပါတယ်။ အဲဒီနောက် စက်တင်ဘာ သံဃာ့အရေးအခင်းနဲ့ဆက်စပ်ကာ နိုင်ငံတော်အကြည်ညိုပျက်စေမှုအပါအဝင် ပုဒ်မ ၄ ခုနဲ့ အာဏာပိုင်တွေက ထောင် ၅ နှစ် ချထားတာဖြစ်ပါတယ်။

# အင်အားကြီးတဲ့ တောင်ပိုင်းရှိ ဝ တပ်ဖွဲ့များကို နအဖစစ်အုပ်စုက ဖဲ့ထုတ်စည်းရုံးနေ

**DVB | နိုဝင်ဘာ ၄ ။** ။ နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် အသွင်ကူးပြောင်းဖို့ ငြင်းဆန်နေတဲ့ အပစ်ရပ်အဖွဲ့တွေထဲက အင်အားအကြီးဆုံး ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA တပ်ပြိုကွဲအောင် စစ်အုပ်စုက ဖဲ့ထုတ်စည်းရုံးနေတယ်လို့ သိရပါတယ်။

တောင်ပိုင်း ဝ တပ်ဖွဲ့တွေနဲ့ မြောက်ပိုင်း ဝ တပ်ဖွဲ့တွေ ကွဲသွားအောင် ဖဲ့ထုတ်စည်းရုံးဖို့ ပြီးခဲ့တဲ့လက နေပြည်တော်မှာ ဆုံးဖြတ်ခဲ့တာဖြစ်ပြီး အခုဗျူဟာမှူးအသစ်ဟာ စည်းရုံးရေးစနေပြီလို့ နယ်စပ်သတင်းရပ်ကွက်ကို ကိုးကားပြီး ရှမ်းသံတော်ဆင့်သတင်းက ရေးပါတယ်။ ဒီအကြောင်းကို ရှမ်းသံတော်ဆင့် သတင်းလက်ထောက်အယ်ဒီတာ ဦးစိန်ကြည်က ပြောပါတယ်။

“တောင်ပိုင်း ဝ တပ်ဖွဲ့ပေါ့။ ထိုင်းနယ်စပ်တလျှောက်မှာရှိတဲ့ ၁၇၁ စစ်ဒေသ ဝ တပ်ဖွဲ့ကို သူတို့က မြောက်ပိုင်း ဝ တပ်ဖွဲ့ထဲကနေ ခွဲထုတ်ပြီး သပ်သျှိုဖဲ့ထုတ်စည်းရုံးဖို့ မဖြစ်မနေလုပ်တဲ့ စီမံချက်ပါရှိတယ်။ အောက်တိုဘာလဆန်းလောက်ကစပြီး ဗျူဟာမှူးအသစ် ဗိုလ်မှူးကြီးအောင်ဝင်းဦး ရောက်လာတယ်။ သူက တော်တော်စည်းရုံးရေးကောင်းတယ်တဲ့။ စည်းရုံးဖို့၊ သိမ်းသွင်းဖို့၊ အောင်မြင်ဖို့အလားအလာရှိနေတယ်လို့ ဒေသတွင်းက သုံးသပ်သူတွေက ပြောနေကြတယ်။”

အမှတ် ၁၇၁ စစ်ဒေသတောင်ပိုင်း ဝ တပ်ဖွဲ့ တောင်ပိုင်း ဝ စစ်ဒေသမှာ တပ်မဟာငါးခုရှိပြီး တပ်မဟာတခုကို အနည်းဆုံး တပ်ရင်းသုံးရင်းစီအင်အားရှိနေတဲ့ ဝ တပ်ဖွဲ့ ဖြစ်ပါတယ်။ ဒီလို ဆုံးဖြတ်ခဲ့ပြီးတဲ့နောက် နအဖက အဲဒီဒေသမှာ အခြေစိုက်တဲ့ ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်သူရဲ့ နေရာမှာ ဆက်ဆံရေးကောင်းမွန်တဲ့ ဗိုလ်မှူးကြီးအောင်ဝင်းဦးကို ဗျူဟာမှူးအဖြစ် ဒီလ ၅ ရက်နေ့က ခန့်အပ်တာ တွေ့ရတယ်လို့ဆိုပါတယ်။ ဗျူဟာမှူးအသစ် ဗိုလ်မှူးကြီးအောင်ဝင်းဦးဟာ ဆက်ဆံရေးပြေပြစ်ပြီး အရင်ဗျူဟာမှူးလောက် သဘောထားမတင်းမာတဲ့ အတွက် ဒေသတွင်းမှာ လက်ခံသူ အရေအတွက် တိုးပွားလာနေတယ်လို့ဆိုပါတယ်။ မနေ့က တြိဂံတိုင်းစစ်ဌာနချုပ် တိုင်းမှူးနဲ့ ဝ တောင်ပိုင်းက ခေါင်းဆောင်တွေ တွေ့ဆုံခဲ့ကြတယ်လို့ ဦးစိန်ကြည်က ပြောပါတယ်။

“မနေ့က ကျိုင်းတုံက တြိဂံတိုင်းမှူးလာတယ်။ ၁၇၁ စစ်ဒေသ တပ်မှူးအဖြစ်တာဝန်ယူထားတဲ့ ဝေရှော်ကန်းရဲ့ညီ ဝေရှော်ယင်ကတော့ မလာဘူး။ အုပ်ချုပ်ရေးဖက်မှာ အဆင့်မြင့်ဆုံးပုဂ္ဂိုလ်ဖြစ်တဲ့ ရန်ကိုသုံး လာတယ်။ ဆွေးနွေးချက်အသေးစိတ် မသိရပေမယ့် နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းဖို့၊ မြန်မြန်ဆုံးဖြတ်ပါလို့ နအဖတိုင်းမှူးက ပြောတယ်။ ဝ တပ်ဖွဲ့ကလည်း သူတို့မှာ ဘာမှထုတ်ပြန်နိုင်ခွင့်မရှိဘူးပေါ့။ ပန်ဆန်းဌာနချုပ်ကလည်း အဲ့ဒီကိစ္စကို အခုအထိ ညွှန်ကြားလာတာ မရှိသေးဘူးပေါ့။ သူတို့က ပန်ဆန်းရဲ့ညွှန်ကြားချက် ပေါ်လစီအတိုင်းပဲ လိုက်နာဖို့ရှိတယ်၊ အဲ့လိုမျိုးပြောတယ်လို့ ကြားတယ်။”

မြောက်ပိုင်းဌာနချုပ် ပန်းဆန်းအောက်ကနေ တောင်ပိုင်း ဝ တပ်ဖွဲ့တွေကို ဖဲ့ထုတ်စည်းရုံးဖို့ မိုင်းတုံမြို့နယ် ပုံပါကျင်အခြေစိုက် ဗျူဟာမှူးဗိုလ်မှူးကြီးကျော်သူကို တြိဂံတိုင်း စစ်ဌာနချုပ်တိုင်းမှူးက အာဏာကုန်ပေးထားတာဟာ ဒီ နှစ်လည်ပိုင်းကတည်းက ဖြစ်ပါတယ်။ အဲဒီကတည်းက ဗိုလ်မှူးကြီးကျော်သူက ဝ တောင်ပိုင်းအမှတ် ၁၇၁ စစ်ဒေသရှိရာ ဟွေးဟော့စခန်းကို အကြိမ်ကြိမ်သွားရောက်ပေမယ့် ဝ တောင်ပိုင်းတပ်မှူးတွေက ပန်ဆန်းဌာနချုပ်အတိုင်း ဆက်လက်ရပ်တည်မယ်လို့ ထုတ်ပြောတာတွေရှိခဲ့ဖူးပါတယ်။ ဒါပေမယ့် ဝ တောင်ပိုင်းခေါင်းဆောင်ပိုင်းတချို့ဟာ လယ်ယာ ရာဘာခြံ မွေးမြူရေးလုပ်ငန်းတွေမှာ ထိုင်းဘတ်ငွေ သန်းနဲ့ချီ အမြောက်အများ ရင်းနှီးထားတာကို ထောက်ချင့်ပြီး စစ်အစိုးရက ဒီကိစ္စကို အခွင့်ကောင်းယူ ကိုင်တွယ်နိုင်တယ်လို့ သုံးသပ်နေကြပါတယ်။

# နစ်နာကြေးရရေး ထိုင်းနိုင်ငံရောက် မြန်မာ ရာနဲ့ချီပြီး စက်ရုံများကို တရားစွဲ

**DVB၊ နိုဝင်ဘာ ၅ ။** ။ ကရင်ပြည်နယ် မြဝတီတဘက်ကမ်းကနေ ထိုင်းဘက်ရှိ မဲဆောက်မြို့က အထည်ချုပ်စက်ရုံတွေ၊ သိုးမွေးစက်ရုံတွေက ရာနဲ့ချီတဲ့ မြန်မာနိုင်ငံသားတွေဟာ သူတို့အပေါ် ခေါင်းပုံဖြတ်ပြီး လုပ်ခမပေးတဲ့ အလုပ်ရှင်တွေကို တရားစွဲဆို အမှုရင်ဆိုင်နေကြပါတယ်။

မဲဆောက်မြို့ရှိ စက်ရုံ ၁၂ ရုံက မြန်မာအလုပ်သမား ၅၀၀ ခန့်ဟာ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနက သတ်မှတ်ထားတဲ့လုပ်ခအတိုင်း အလုပ်ရှင်တွေက မပေးတာကြောင့် သူတို့လုပ်ကိုင်နေတဲ့ စက်ရုံတွေကို တရားစွဲဆိုအမှုရင်ဆိုင်နေတာပါ။ ဒီအကြောင်းကို မြန်မာ့အလုပ်သမားအရေး ကူညီနေတဲ့ မက်စ်ဖောင်ဒေးရှင်းရဲ့ မဲဆောက်ဆိုင်ရာ အလုပ်သမားမန်နေဂျာကိုအေးက ပြောပါတယ်။

"စွဲတဲ့ စက်ရုံ ၁၂ ရုံမှာ ဒီတရုံဆိုရင် ၁၈၅ ယောက်၊ ၁၂၃ ယောက်၊ တရုံနဲ့တရုံ လူအရေအတွက် မတူဘူး။ အားလုံး ၅၀၀ ကျော်လောက်ရှိတယ်။ ၅၀၀ ဆိုတာ ဒီနှစ်ဟာကို တွက်ထားတာ။ ၂၀၀၁ က စပြီး ဒီနှစ်အထိအမှုပေါင်း ၁၃၈ မှုရှိတယ်၊ လူဦးရေက ၂,၀၇၇ ယောက် ရှိတယ်။ မိန်းကလေးက နဲနဲများတယ်။"

အရင်တုန်းကတည်းက အခုလို အလုပ်သမားတွေ နစ်နာချက်ရှိရင် အလုပ်သမားဆက်ဆံရေးရုံးနဲ့ တရားရုံးတွေမှာ တိုင်ကြားခဲ့သလို တချို့အမှုတွေမှာ တရားရုံးက နစ်နာကြေးပေးဖို့ ဆုံးဖြတ်ပေးခဲ့တာတွေ ရှိခဲ့ဖူးပါတယ်။ တကယ်လက်တွေ့မှာ အလုပ်ရှင်ဘက်က အပြည့်အဝ အကောင်အထည်မဖော်တဲ့အခါ ထပ်မံ တရားရင်ဆိုင်တာတွေလည်းရှိတယ်လို့ ကိုအေးကပြောပါတယ်၊ မဲဆောက်မှာ မက်စ်ဖောင်ဒေးရှင်းအပြင် တခြားအလုပ်သမားအဖွဲ့အစည်းတွေကလည်း အလုပ်သမားတွေကို ကူညီပေးနေပါတယ်။

မနေ့က ဟိုင်းအက် သိုးမွေးစက်ရုံတခုက အလုပ်သမားတွေက အလုပ်ရှင်တွေကို နစ်နာကြေးရလိုတဲ့အမှုတခုကို မဲဆောက်တရားရုံးမှာ စစ်ဆေးခဲ့ပါသေးတယ်။ အဲဒီအမှုက စက်ရုံက အလုပ်သမားတွေကို လုပ်ခမပေးတဲ့အတွက် အလုပ်သမားတွေက အလုပ်သမားဆက်ဆံရေးရုံးကို တိုင်တဲ့အခါ အစိုးရသတ်မှတ်တဲ့အတိုင်း ခြောက်လခွဲလောက်ကိုပေးပေမယ့် နောက်ပိုင်းမှာ စက်ရုံကိုရုတ်တရက် ပိတ်ချလိုက်တဲ့အတွက် အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်ကုန်တာကြောင့် နစ်နာကြေးတောင်းတာဖြစ်ပါတယ်။ ဒါ့အပြင် ဟိုးအရင်နှစ်တွေတုန်းက တရက်ကို ပျမ်းမျှ ဘတ်ငွေ ၁၅၀ သတ်မှတ်တဲ့ကာလမှာ ဘတ် ၅၀ ပဲ ပေးတာတွေအတွက်လည်း ပြန်ပေးဖို့တောင်းဆိုတာလို့ မနေ့က တရားရင်ဆိုင်ရာမှာ အလုပ်သမားတွေဘက်က ဦးဆောင်သူတဦးက ပြောပါတယ်။

"ဥပဒေအတိုင်း ပေးရမယ်လို့ သူတို့ ဥပဒေပြဌာန်းထားတယ်။ ဝပ်ပါမစ်လုပ်ထားတဲ့ ကုမ္ပဏီဝန်ထမ်းဆိုရင် သူတို့ မပေးခဲ့တာတွေ၊ တကယ်ပင်ပန်းထားတာတွေ၊ လုပ်အားခတွေ၊ အိုတီကြေးတွေ၊ တနင်္ဂနွေ လုပ်အားခတွေအတွက် တရားရုံးမှာ ပြန်ပြီးတော့ တောင်းဆိုထားတာ။ တရားရုံးရှေ့နေက နှစ်ယောက်ပြိုင်တူ မျက်နှာစုံညီမစစ်ဘူး။ တရားသူကြီးက တယောက်တလှည့်စီ သိတဲ့သဘောနဲ့မေးတယ်။ ဒါပေမယ့် နှစ်ဖက်ရှေ့နေတွေကတော့ နေလို့ရတယ်။"

သူတို့နစ်နာချက်ဟာ ထိုင်းဘတ်ငွေ ၁ သိန်း ဝန်းကျင်လောက်ရှိပေမယ့် ၃ သောင်းပေးရင် ကျေနပ်တယ်လို့ အလုပ်သမားတွေဘက်က တင်ပြခဲ့တာဖြစ်ပြီး ဒီအမှုကို လာမယ့် ဒီဇင်ဘာ ၂၁ ရက်နေ့ကို ရုံးပြန်ချိန်းခဲ့ပါတယ်။ မက်စ်ဖောင်ဒေးရှင်းဟာ သူတို့မှာရှိတဲ့ရှေ့နေတွေနဲ့ အလုပ်သမားအခွင့်အရေးရအောင် ဘယ်လိုလုပ်မလဲဆိုတာ အလုပ်သမားတွေနဲ့ ဆွေးနွေး ပညာပေးပါတယ်။ စက်ရုံထဲမှာ သူဌေးက အလုပ်သမားတွေကိုအပြစ်မရှိဘဲ မောင်းထုတ်တာ၊ ကြိုတင်အကြောင်းမကြားဘဲ စက်ရုံပိတ်ပစ်လိုက်တာမျိုးဖြစ်လာရင် ဘီအီး ၂,၅၄၁ ပြဌာန်းချက်ပါ အတိုင်း ခံစားခွင့်ရအောင် လိုက်ပါဆောင်ရွက်ပေးနေတာပါ။ ဒီလို ဆောင်ရွက်တဲ့အခါ အလုပ်သမားကာကွယ်ရေးရုံးကို တိုင်တာရှိသလို အလုပ်သမားတရားရုံးကို တိုင်တာလည်းရှိတယ်လို့ဆိုပါတယ်။

မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်က မြန်မာနိုင်ငံသား ၂ သန်းဝန်းကျင်ဟာ အိမ်နီးချင်း ထိုင်းနိုင်ငံကို နယ်စပ်ဖြတ် ကျော်ဝင်ရောက်ပြီး စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ လုပ်ကိုင်နေကြပါတယ်။ ထိုင်းအစိုးရက အနိမ့်ဆုံးလုပ်အားခကို သတ်မှတ်ပေးထားပေမယ့် သတ်မှတ်တဲ့အတိုင်း မရတဲ့ဖြစ်ရပ်တွေဟာ မဲဆောက်မြို့မှာသာမက တခြားနေရာတွေမှာပါ ဖြစ်နေတာလို့ အစိုးရမဟုတ်တဲ့ အဖွဲ့တွေရဲ့ စာရင်းကောက်ယူတင်ပြချက်အရ သိရပါတယ်။

## နအဖ ဗိအားပေးမှုတွေကိုမွန်လူငယ်က ဆန့်ကျင်ဖို့ဆုံးဖြတ်

**NEJ၊ နိုဝင်ဘာ ၆ ။** ။ ၂၀၁၀ ရွေးကောက်ပွဲနဲ့ နယ်ခြားစောင့်တပ်ဖွဲ့စည်းမှုကို လက်မခံတဲ့ မွန်ပြည်သစ်ပါတီရဲ့သဘောထားကို အပြည့်အဝထောက်ခံပြီး နအဖ စစ်အစိုးရရဲ့ ဗိအားများကို လူထုအခြေပြု လူ့အဖွဲ့အစည်းများနဲ့ပူးပေါင်းပြီး ဝိုင်းဝန်းဆန့်ကျင်သွားမယ်လို့ တိုးတက်သောမွန်လူငယ်များအစည်းအရုံးက ဆုံးဖြတ်လိုက်ပါတယ်။

"ကျနော်တို့ဆုံးဖြတ်တာက မြန်မာ့ဒီမိုကရေစီအရေးနဲ့ မွန်လူမျိုးတို့ရဲ့ တန်းတူအခွင့်အရေးတိုက်ပွဲကာလမှာ ကျနော်တို့လူငယ်အစည်းအရုံးက ဗိအားပေးအင်အားစုကဏ္ဍကနေ နိုင်ငံရေးပါတီတွေကို ဝန်းရံပြီးရပ်တည်သွားမယ်။ နိုင်ငံရေးပါတီတွေအပေါ် နအဖ ရဲ့ဗိအားတွေကို မွန်လူငယ်ထု၊ လူထုအခြေပြု Civil Society အဖွဲ့အစည်းနဲ့အတူ ဆန့်ကျင်သွားမယ်။" လို့ တိုးတက်သောမွန်လူငယ်များအစည်းအရုံး MYPO ရဲ့ဒု-ဥက္ကဋ္ဌ နိုင်ဉာဏ်စိုက်ရာမာန် ပြောပါတယ်။

MYPO ရဲ့ဒုတိယအကြိမ်ညီလာခံကို ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၃-၄ ရက်နေ့တွင် ထိုင်း-မြန်မာနယ်စပ်တနေရာတွင်ကျင်းပခဲ့ပြီး မွန်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေများကိုသုံးသပ်ကာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်သုံးသပ်ခြင်းမပြုဘဲ ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပပါက ရရှိသောရလဒ်သည် တိုင်းပြည်ရဲ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ တိုင်းရင်းသားတို့ရဲ့ တန်းတူအခွင့်အရေးကို ဖော်ဆောင်ပေးနိုင်မှာမဟုတ်ကြောင်း ၎င်းတို့ရဲ့ကြေညာချက်မှာဖော်ပြထားပါတယ်။

နိုင်ဉာဏ်စိုက်ရာမာန်က "ဒီ ၂၀၁၀ ရွေးကောက်ပွဲကို တတ်နိုင်တဲ့ဘက်ကနေ နည်းလမ်းပေါင်းစုံကနေ ကျနော်တို့လူငယ်အစည်းအရုံးက ဆန့်ကျင်သွားမယ်။ အသေးစိတ်ကိုတော့ ကျနော်တို့ဆက်လက်ချမှတ်သွားမယ်။ မွန်ပြည်သစ်နဲ့ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့တို့ရဲ့ ဦးဆောင်မှုအတိုင်း ကျနော်တို့ခံယူသွားမယ်။ ဝိုင်းရံသွားမယ်။" လို့ ခေတ်ပြိုင်ကိုပြောကြားပါတယ်။

ယခင်လကကျင်းပခဲ့တဲ့ မွန်လူငယ်များနီးနှောဖလှယ်ပွဲမှာ ရွေးကောက်ပွဲအပေါ် အမြင်သဘောထား၊ အပစ်ရပ်အဖွဲ့တို့ရဲ့အလားအလာတို့နဲ့ လူငယ်ထုအတွင်းညီညွတ်ရေး သေနင်္ဂဗျူဟာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။ ၂၀၀၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့တဲ့ တိုးတက်သောမွန်လူငယ်များအစည်းအရုံးကို ယခုကျင်းပခဲ့တဲ့ ဒုတိယအကြိမ်ညီလာခံတွင် ခေါင်းဆောင်ပိုင်းကို လူငယ်များနဲ့ပြန်လည်အစားထိုးခန့်အပ်ခဲ့ပါတယ်။

### ပြက္ခဒိန်မှ

**နိုဝင်ဘာ ၆၊ DVB ။** ။ ယနေ့ပြုလုပ်သည့် CRPP ဆွေးနွေးပွဲတွင် အမေရိကန်ထိပ်တန်း သံတမန်အဖွဲ့၏ မြန်မာ့ရေးစဉ်အပေါ်ဆွေးနွေးခဲ့၏။ အဲန်အဲလ်ဒီနှင့်တိုင်းရင်းအဖွဲ့များ၊ အမေရိကန်စသည်တို့မှ မည်သို့ခြေလှမ်းသော်လည်း နအဖ မပြုပြင်လိုစိတ်မရှိက ဆွေးနွေးပွဲများ မအောင်မြင်နိုင်ဟု ဦးအေးသာအောင် မှဆို၏။

**နိုဝင်ဘာ ၇၊ Nation-BKK ။** ။ မြန်မာအပေါ်ကုန်သွယ်ပိတ်ပင် စိုင့်ရှင်များကို ဆက်လက်ထားရှိခြင်းသည် တခုတည်းသောလုပ်ရပ်မှန်ဖြစ်၏။ အမေရိကန်၏ အာဆီယံဆိုင်ရာ သံ Scot Marciel ပြောသလို စစ်မှန်သောရင်ကြားစေ့မှုဖြစ်ပေါ်ပြီးမှသာ စိုင့်ရှင်များ ရုတ်သိမ်းသင့်ကြောင်း Sai Wansai မှ စာရေးသူအာဘော်မှ တိုက်တွန်းသတိပေး၏။

**နိုဝင်ဘာ ၇၊ Asia Times Online ။** ။ ဆွေးနွေးပွဲ၏အဓိကပြဿနာသည် ပါဝင်သင့်သည့်အဖွဲ့အားလုံး မပါဝင်မှုကြောင့်ဟု Scot Marciel မှဆို ၏။

# နိုင်ငံခြား အဝင်အထွက်သံဃာများ အထပ်ထပ်စစ်ဆေးခံရ

**RFA၊ နိုဝင်ဘာ ၄ ။** ။ သီတင်းဝါလ ကင်းလွတ်လာတာနဲ့ တပြိုင်နက် ပြည်ပမှာ ပညာဆည်းပူးနေတဲ့ သံဃာတော်တွေဟာ အမိမြေဖြစ်တဲ့မြန်မာပြည်ကို ပြန်ကြွကြသလို ပြည်တွင်းကသံဃာတော်တွေဟာလည်း ပညာရှာမှီးဖို့ နိုင်ငံရပ်ခြားထွက်ပြီး ပညာသင်ယူဖို့အပါအဝင် အကြောင်းအမျိုးမျိုးနဲ့ ခရီးသွားကြလေ့ရှိကြတာဟာ ဟိုးအရင်တုန်းကတည်းက အစဉ်အလာပါ။

ဒီလိုသံဃာတော်တွေ အဝင်အထွက်လုပ်ကြတဲ့အချိန်မှာ စစ်အစိုးရက ကိုယ့်တိုင်းပြည်ကိုယ်ပြန်ကြွလာကြတဲ့ သံဃာတော်တွေကို အဝင်မှာအထပ်ထပ် စစ်ဆေးနေသလို ပြည်ပကိုကြွမယ့် သံဃာတော်တွေကိုလည်း စိစစ်မှုတွေအမျိုးမျိုးလုပ်နေပါတယ်။ သီရိလင်္ကာကနေမြန်မာပြည်ကို ခေတ္တပြန်ကြွသွားတဲ့စာသင်သားဦးဇင်းတပါးက သူကြုံတွေ့ခဲ့ရပုံနဲ့ပတ်သက်ပြီး RFA ကို အခုလိုမိန့်ပါတယ်။

"ဦးဇင်းပြန်လာတုန်းက နောက်တနေ့ လိုက်လာတာပေ့ါနော်။ ဦးဇင်းတို့ ဝါဆိုတုန်းက ရှစ်စောင်လောက်ရှိမယ်၊ ဦးဇင်းတို့ကိုယ်ရေးအချက်အလက်တွေ ယူသွားတာပေ့ါ၊ တော်ကြာမြို့နယ်က တော်ကြာရပ်ကွက်က တော်ကြာ တိုင်းက တော်ကြာ စစ်ဌာနချုပ်က အဲဒါမျိုးတွေပေ့ါ။ ဦးဇင်းတို့ကတခါမှမကြုံဘူးတော့ ဘယ်နိုင်ငံမှလည်း ရှိမှမရှိဘူးတာ ဒကာကြီးရာ။ ဒီဝါတွင်းမှာမှ အဲဒါမျိုးဖြစ်တော့ စိတ်ကဘယ်ကြည်တော့မလဲဒကာကြီးရာ။ အထူးအားဖြင့် ဒကာကြီး ဦးဇင်းတို့ ပြည်ပကပြန်လာတဲ့သူတွေဆိုရင် သီရိလင်္ကာ၊ အိန္ဒိယ၊ ထိုင်းပေ့ါ စောင့်ကြည့်ခြင်းခံရတယ် ဒကာကြီးရ။ သူတို့စစ်ထောက်လှမ်းရေးကတော့ ကျောင်းပတ်ဝန်းကျင်မှာအမြဲတမ်းရှိတယ်။"

မြန်မာပြည်ကနေပြည်ပကို ပြန်ထွက်ကြတဲ့အခါမှာလည်း သာသနာရေးဝန်ကြီးဌာနကနေ ထောက်ခံစာပေးမှ သက်ဆိုင်ရာသံရုံးက ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးတယ်လို့ ဆိုပါတယ်။ အဲဒီထောက်ခံစာတစောင်အတွက် ကျပ် ၅ ထောင်ပေးရတယ်လို့လည်း မိန့်ပါတယ်။ ပြီးခဲ့တဲ့လတုန်းက အိန္ဒိယနိုင်ငံကို ဒေါက်တာဘွဲ့ယူဖို့ ထွက်လာတဲ့ ဆရာတော်တပါးကလည်း ဇာတိကျေးရွာအထိ လိုက်ပြီးမေးမြန်းစောင့်ကြည့်တာတွေ လုပ်ခံရပုံကိုအခုလိုမိန့်ပါတယ်။

"ပတ်စ်ပို့တွေကြည့်ပြီး နေရပ်လိပ်စာတွေတခါတည်းယူထားလိုက်တာပေ့ါနော်။ မသင်္ကာလို့ရှိရင် ဒီလူကျောင်းမှာတည်း မတည်း ချက်ကင် လိုက်လုပ်ကြတာပေ့ါ။ မသိမသာတမျိုး၊ သိသိသာသာတမျိုးလုပ်ကြတာပေ့ါ။ ရွာတွေရောက်ရင်တော့ ထောက်လှမ်းရေးကမလိုက်တော့ဘူးပေ့ါ။ ရယက ကဘဲလာမေးတယ်။ အမြဲတမ်းရှုဒိုးလိုက်နေတဲ့သဘောရှိတယ်။ ရန်ကုန်ကျောင်းကို ခဏခဏလာမေးလို့ရှိရင် ရန်ကုန်ကိုမပြန်ရဲဘဲနဲ့ နယ်တွေမှာနေရတာတို့ အဲလိုသဘောမျိုးရှိတာပေ့ါ။"

နာဂစ်လေဘေးဒုက္ခသည်တွေကို ကူညီကယ်ဆယ်ရေးတွေလုပ်နေတဲ့ ဦးဇင်း ဦးယောသိတဟာ ထိုင်ဝမ်နိုင်ငံကနေ မကြာခင်ကပြန်ကြွလာတာမှာ ဖမ်းဆီးခံလိုက်ရသလို စက်တင်ဘာလကုန်ပိုင်းကစပြီး ပြည်ပကနေ မြန်မာပြည်ကိုပြန်ကြွလာတဲ့ သံဃာတော် ၅ ပါးလောက် အဖမ်းခံထားရတယ်လို့ သံဃာ့တပ်ပေါင်းစု သတင်းရပ်ကွက်ကဆိုပါတယ်။

ဒီလိုသံဃာတော်တွေကို စစ်ဆေးမေးမြန်းမှုတွေလုပ်နေတာ ဥပဒေမဲ့ဖမ်းဆီးနေတာတွေဟာ သာသနာတော်အကာအကွယ်မဲ့နေပြီဆိုတဲ့သဘောကို ဆောင်နေတယ်လို့ သံဃာ့တပ်ပေါင်းစုရဲ့ နိုင်ငံခြားရေးရာတာဝန်ခံ ဆရာတော် ဦးကုဿလရိယ ကမိန့်ပါတယ်။

"သာသနာဟာ အကာအကွယ်မဲ့နေတယ်။ တာဝန်ရှိတဲ့ မဟာနတွေ သံဃာ့မဟာနာယကတွေက အဓမ္မကိုအားပေးနေကြတယ်။ စစ်ဗိုလ်ချုပ်ကြီးတွေနဲ့ ပေါင်းနေကြတယ်၊ စစ်ဗိုလ်ချုပ်ကြီးတွေလာလှူတာကို သဘောတွေကျပြီး ပြုံးနေတာ။ သတင်းစာတွေမှာ တွေ့နေတာ။ ဒါဟာအဓမ္မကိုအားပေးနေတယ်။ ဓမ္မဘက်မှာဘဲ အသက်ပေးပြီး အားလုံးကရဲရဲဝံ့ဝံ့ရပ်ကြမယ်ဆိုရင် မြန်မာနိုင်ငံမှာ ဓမ္မဝါဒီတွေ ပြန်လည်ထွန်းကားလာပါလိမ့်မယ်လို့ အဲဒါကို ပြောချင်ပါတယ်။"

လောလောဆယ် ပြည်ပကိုပြန်ထွက်ခွာကြရမယ့် သံဃာတော် တော်တော်များများဟာလည်း သက်ဆိုင်ရာနိုင်ငံတွေ၊ သက်ဆိုင်ရာရပ်ကွက်တွေနဲ့ မြို့နယ်တွေထံက ထောက်ခံစာအဆင့်ဆင့်မရသေးလို့ ကြန့်ကြာနေကြရတယ်လို့ စုံစမ်းသိရှိရပါတယ်။

# ပဲခူးတိုင်းရှိ မြို့နယ်ရဲ ၁၀၀ ခန့်ကို လုံထိန်းတပ်ရင်းများသို့ ပြောင်းရွှေ့

**DVB၊ နိုဝင်ဘာ ၅ ။** ။ ပဲခူးတိုင်း အရှေ့ခြမ်းမြို့နယ် ၁၀ မြို့နယ်မှာ တာဝန်ကျနေတဲ့ ရဲတပ်ဖွဲ့ဝင်တွေကို အောက်တိုဘာကတည်းက ရန်ကုန်နဲ့ မန္တလေးမြို့နယ်မှာရှိတဲ့ မြန်မာနိုင်ငံ ရဲတပ်ရင်းတွေဆီ ပြောင်းရွှေ့လိုက်တယ်လို့ ပြောင်းရွှေ့ခံရတဲ့ ရဲတပ်သားတချို့က ပြောပါတယ်။

အောက်ခြေအဆင့် ရဲတပ်သားနဲ့ နယ်ထိန်းအဆင့် အပါအဝင် အနည်းဆုံး ၇၄ ဦးကို လုံထိန်းတပ်လို့ လူသိများတဲ့ မြန်မာနိုင်ငံရဲတပ်ရင်းတွေဆီ ပြောင်းရွှေ့လိုက်တာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပဲခူးတိုင်းက အပြောင်းရွှေ့ခံ ရဲတပ်သားတယောက်က ပြောပါတယ်။

"မြို့နယ်ရဲတွေကို လုံထိန်းကို ရွှေ့ပစ်တာ၊ ရန်ကုန်၊ မန္တလေး မျှပြီးတော့။ တောင်ငူ၊ အုတ်တွင်း၊ ရေတာရှည်၊ ဖြူး၊ ကျောက်တံခါး၊ ညောင်လေးပင်၊ ပဲခူး၊ ဝေါ၊ သနပ်ပင်၊ ကဝ အကုန်လုံးပေါင်း ၇၄ ဦးအရွှေ့ခံရတယ်။ နယ်ထိန်းတို့ဘာတို့လည်းပါတာပေ့ါ။ ဖြူးကဆိုရင် ညီညီနိုင်၊ ညီညီအောင်၊ ကျော်ကျော်၊ ပြည့်ဖြိုး၊ ကျော်လွင်ဦး။ အုတ်ဖြတ်က ဆိုရင် ၂ ယောက်၊ ကညွတ်ကွင်းက ၁ ယောက်။"

အခုလို အစုလိုက်အပြုံလိုက် လုံးထိန်းတပ်ရင်းတွေဆီ ပြောင်းရွှေ့တာဟာ ပထမဆုံးအကြိမ်ဖြစ်ပြီး ဘာကြောင့် အခုလိုရွှေ့ပြောင်းရတယ်ဆိုတာကို အထက်အရာရှိတွေက အကြောင်းပြချက် မပေးဘူးလို့လည်းဆိုပါတယ်၊ မြို့နယ်က အောက်ခြေအဆင့် ရဲတပ်သားတွေဟာ စီးပွားရေးလုပ်ငန်းရှင်တွေဆီက မတရားသဖြင့် ကောက်ခံလို့ရတဲ့ ငွေကြေးကို အထက်အရာရှိ အဆင့်ဆင့်ထံ လစဉ်ရှာပေးရတယ်လို့လည်း ပြောပါတယ်။ လစဉ်ရှာမပေးနိုင်ရင် မိမိတို့ လစာထဲကနေ စိုက်ထည့်ပေးရတယ်လို့ အဲဒီရဲတပ်သားက ပြောပါတယ်။

"ဟိုလုပ် ဒီလုပ်တွေ ထွက်လုပ်ကြတာ သိပ်အဆင်မပြေကြဘူး။ အခုအကုန်လုံး ဒုက္ခရောက်ရတယ်။ မျက်နှာမကြည့်ဘဲ လုပ်တာပေ့ါ။ ကျနော်တို့မှာ ခွေးလို၊ နွားလို ရုန်းပြီး လုပ်လာခဲ့ရတဲ့ကိစ္စတွေ၊ ဥပမာ အထက်က တောင်းသမျှ ဖြတ်သမျှ ငွေကြေးတွေကို လစာထဲက ဖြည့်ထည့်နေရတာ။ အခုတော့ အကုန်လုံး ဆော်ပလော်တီး ထည့်လိုက်တာ။"

အခုလို ပြောင်းရွှေ့ခံလိုက်ရတဲ့အတွက် မိသားစုနဲ့ တကွဲတပြားစီဖြစ်နေရပြီး လစာမလုံလောက်လို့ စားဝတ်နေရေးပြဿနာပါကြုံတွေ့နေရတဲ့ အတွက် မကျေဘူးလို့ ပြောင်းရွှေ့ခံရဲတပ်သားတွေနဲ့ နီးစပ်သူတဦးက ပြောပါတယ်။

"ကျနော်တို့ ရဲစခန်းက အောက်ခြေအဆင့် တပ်သားလေး ၃ ယောက် ရဲတပ်ရင်းကို ပြောင်းရတယ်၊ ဒိုက်ဦးမှာ သူတို့ နေစတုန်းက သူတို့ရှာဖွေလို့ရတာ နယ်ထိန်းခေါင်းဆောင်အပ်၊ လူကြီးတွေအတွက် ရှာပေးနေရတာ။ သက်ဆိုင်ရာ မြို့နယ်မှူးအဆင့်၊ ဒါမှမဟုတ် မြို့နယ်မှူးရုံးက သူတို့နဲ့သိပ်အဆင်မပြေတဲ့ သူတွေကို စာရင်းပေးတဲ့အတွက် ရဲတပ်ရင်းသွားရရင် လောလောဆယ် မိသားစုက ဒီမှာကျန်နေခဲ့တယ်။ သူက ဟိုကိုရောက်လို့ စရိတ်ခွဲပြီး ကုန်ကျတာရယ်၊ ကိုယ့်နယ်မြေထဲမှာလို တခြားဝင်ငွေ မရတော့တာရယ်၊ နောက်လာမယ့် ကာလမှာ လုံထိန်းအဖြစ် အသုံးချခံရမယ့်ကိစ္စတွေရယ်ကြောင့် သူတို့စိတ်ထဲမှာ နည်းနည်းတော့ နာကြည်းတာပေ့ါ။"

၁၉၈၈ လူထုအရေးတော်ပုံကြီးမှာ အကြမ်းဖက်နှိမ်နင်းခဲ့တဲ့ လုံထိန်းတပ်ရင်းတွေကို လူထုက မုန်းတီးတဲ့အတွက် မြန်မာနိုင်ငံရဲတပ်ရင်းလို့ နာမည်ပြောင်းခဲ့တာပါ။ ရဲတပ်ရင်းတွေမှာလည်း ဖွဲ့စည်းပုံပြည့် တပ်အင်းအားမရှိဘူးလို့ ကြားသိရပါတယ်။ အခုလို ရဲတပ်ရင်းတွေဆီ ရွှေ့ပြောင်းရတာလည်း လာမယ့် ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် ဆန္ဒပြပွဲတွေကြုံလာရင် နှိမ်နင်းနိုင်အောင် အင်အားဖြည့်တာလည်းဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလာတဲ့ သတင်းတွေ အရသိရပါတယ်။

# ဒေါ်စုနှင့်ဟိုအလုပ်အမှုဆောင်တွေ့ဆုံခွင့် ဦးတင်ဦးမပါဝင်တဲ့အပေါ် အဖွဲ့ချုပ်ဝေဖန်

**RFA | နိုဝင်ဘာ ၅ ။** ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ တွေ့ဆုံခွင့်မှာ ပါတီဒု–ဥက္ကဋ္ဌဦးတင်ဦးကို ပါဝင်ခွင့်မပေးတဲ့ကိစ္စအပေါ် NLD ပါတီက ဥပဒေမဲ့လုပ်ရပ်အဖြစ်ရှုမြင်ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကပြောပါတယ်။

မြန်မာနိုင်ငံကိုလာရောက်ခဲ့တဲ့ အမေရိကန်ကိုယ်စားလှယ်အဖွဲ့နဲ့ ဒေါ်အောင်ဆန်းစုကြည်မတွေ့ဆုံခင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နဲ့ တွေ့ဆုံခွင့်ကို ပါတီက လွန်ခဲ့တဲ့ ၂ ပတ်က အာဏာပိုင်တွေထံတောင်းခံခဲ့တာပါ။ ဒီတောင်းခံချက်ကို နိုဝင်ဘာလ ၃ ရက်နေ့က ခွင့်ပြုခဲ့ပေမယ့် ဒေါ်အောင်ဆန်းစုကြည်က ငြင်းပယ်ခဲ့တာဖြစ်တယ်လို့ စစ်အစိုးရသတင်းတွေမှာ ဖော်ပြပါတယ်။ ဒ့ါအပြင် နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ ပါတီဒု–ဥက္ကဋ္ဌဦးတင်ဦးကို ပါဝင်ခွင့်မပေးခဲ့တာကြောင့် ဒေါ်အောင်ဆန်းစုကြည်က ငြင်းပယ်တာဖြစ်တယ်လို့ဆိုပါတယ်။ NLD ပါတီပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်းက အခုလိုပြောပါတယ်။

"ကျနော်တို့ယူဆတာကတော့ ဒီဥစ္စာဟာ ဘယ်သူကကန့်သတ်လည်းတော့ကျနော်တို့မသိဘူး။ ဒါကတော့ ဥပဒေမဲ့ကန့်သတ်တာဘဲ။ CEC အဖွဲ့လို့ဆိုရင် ဦးတင်ဦးက ဒုတိယဥက္ကဋ္ဌဘဲ ပါကိုပါရမှာပါ။"

အခုလို ဦးတင်ဦးကို ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခွင့်မပေးတာနဲ့ပတ်သက်ပြီး အာဏာပိုင်တွေဘက်က ပါတီကိုဘာအကြောင်းပြချက်မှ မပေးခဲ့ဖူးပါဘူး။ ပြီးခဲ့တဲ့ ဂျန်နဝါရီလက ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ပထမဆုံးအကြိမ် တွေ့ဆုံခွင့်ရခဲ့ပေမယ့် ဦးတင်ဦးတော့ပါဝင်ခြင်းမရှိပါဘူး။ ဒီကိစ္စအပေါ်မှာလည်း ဒေါ်အောင်ဆန်းစုကြည်က မကျေနပ်ဖူးလို့ဆိုပါတယ်။

"ဂျန်နဝါရီလမှာ ကျနော်တို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ CEC အဖွဲ့တွေ့ပါတယ်။ အဲဒီလိုတွေ့တဲ့အချိန်မှာ ကျနော်လည်းရှိပါတယ်။ ဒါပေမယ်လို့ အဲဒီတွေ့ဆုံပွဲမှာ ဗိုလ်ချုပ်ကြီးတင်ဦးမပါဘူး။ အဲဒီတော့ ဒီမပါတာနဲ့ပတ်သက်ပြီးတော့ အဲဒီတုန်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ပြောကြားချက်အရ ဘာကြောင့် မပါသလဲဆိုတာ ဘယ်သူမှလည်းမပြောဘူး သူလည်းနားမလည်ဘူးလို့ အဲဒီလိုဘဲပြောခဲ့ဘူးတယ်။

အဲဒီနောက်ပိုင်းမှာ ဦးခင်မောင်ဆွေ၊ ဦးဝင်းတင်တို့ကလည်း လွတ်မြောက်လာပြီးနောက်ပိုင်းမှာ နေပြည်တော်မှာ မစ္စတာဘန်ကီမွန်းနဲ့တွေ့ဖို့ကိစ္စတွေ ဘာတွေပေါ်တဲ့အခါ ဦးဝင်းတင်နဲ့ဦးခင်မောင်ဆွေမပါဘဲနဲ့ သူတို့က အစိုးရအစီအစဉ်နဲ့ပေ့ါ တွေ့တဲ့အခါမှာ အဲဒီနှစ်ယောက်မပါဘဲနဲ့ဖြစ်ခဲ့တယ်။"

NLD ပြောခွင့်ရပုဂ္ဂိုလ်တဦးဖြစ်တဲ့ ဦးဉာဏ်ဝင်းပြောပြသွားတာပါ။ NLD ပါတီဒုဥက္ကဋ္ဌဦးတင်ဦးအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် NLD ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေနဲ့ နေအိမ်အကျယ်ချုပ်ချထားခံရတဲ့ ၂၀၀၃ ခုနှစ်နောက်ပိုင်း တကြိမ်တခါမှ တွေ့ဆုံခွင့်မရသေးဘူးလို့ သိရပါတယ်။

---

# ဘိန်းအတုအစားထိုး ဖျက်ဆီး၍ဖမ်းဆီး

**DVB | နိုဝင်ဘာ ၃ ။** ။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဖမ်းဆီးရမိတဲ့ မူးယစ်ဆေး ဝါးတွေကို မီးရှို့ဖျက်ဆီးရာမှာ အတုနဲ့အစားထိုး မီးရှို့ဖျက်ဆီးခဲ့တဲ့အတွက် ရှမ်းပြည်နယ်တောင်ကြီးမြို့က မူးယစ်အထူးရဲတပ်ဖွဲ့ ဝင် ၁၅ ဦးခန့်အဖမ်းခံနေရတယ်လို့ အာဏာပိုင်တွေနဲ့နီးစပ်သူတွေက ပြောပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာလကုန်တုန်းကလည်း မူးယစ်ဆေးဝါး ဖမ်းဆီးရမှုကို ရုံးတင် စစ်ဆေးရာမှာ အဂတိလိုက်စားမှုတွေရှိခဲ့တဲ့အတွက် တောင်ကြီးမြို့က ပြည်နယ်နဲ့ ခရိုင်အဆင့် တရားသူကြီး ၃ ဦးကို နေပြည်တော်ခေါ်ပြီး အလုပ်ဖြုတ်ခဲ့ပါတယ်။ အဲဒီအမှုနဲ့ ဆက်စပ်ပြီး တောင်ကြီးအခြေစိုက် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုဗိုလ်မှူးကြီး မောင်မောင်မြင့်ရဲ့ဇနီး ကိုယ့်ကိုယ်ကိုယ် သတ်သေမှုဖြစ်ပွားခဲ့သလို ဒုဗိုလ်မှူးကြီး မောင်မောင်မြင့်လည်း အလုပ်ပြုတ်သွားတယ်လို့ စစ်တပ်အရာရှိတဦး က ပြောပါတယ်။ အဲဒီ ၁၅ ဦးကို ပြီးခဲ့တဲ့ အောက်တိုဘာ လဆန်းပိုင်းလောက်ကတည်းက ဖမ်းဆီးထားတာဖြစ်ပြီး ရဲအထူးသတင်းတပ်ဖွဲ့က နှစ်ကြိမ်စစ်ပြီးပြီလို့ အမည်မဖော်လိုတဲ့ တောင်ကြီးမြို့ရဲတပ်ဖွဲ့ဝင်တဦးက ပြောပါတယ်။

မီးရှို့ဖျက်ဆီးရာမှာ မူးယစ်ဆေးဝါးအတု တော်တော်များများကိုအစားထိုး ဖျက်ဆီးခဲ့ပေမယ့် ဘယ်လောက်အထိ အစားထိုးခဲ့တယ်ဆိုတာ အတိအကျမသိရဘူးလို့လည်း အဲဒီရဲတပ်ဖွဲ့ဝင်က ပြောပါတယ်။ အရင် မီးရှို့ဖျက်ဆီးမှုတွေတုန်းက အလာတူဖြစ်ရပ်မျိုးတွေ ကြားသိရပေမယ့် ဖမ်းဆီးစစ်ဆေးတယ်ဆိုတာ တခါမှ မကြားရဘူးလို့ တောင်ကြီး မြို့ခံတချို့က ပြောပါတယ်။ ဒီအမှုနဲ့ဆက်စပ်ပြီး လွန်ခဲ့တဲ့ တနှစ်ကျော်က ရန်ကုန်ကို ပြောင်းသွားတဲ့ တောင်ကြီး မူးယစ်အထူးတပ်ဖွဲ့က ရဲမှူးကြီးဦးခင်မောင်လွင်ကို စစ်ဆေးနေတယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေတယ်လို့လည်း တောင်ကြီးမြို့ခံတွေက ပြောပါတယ်။

တိုင်းရင်းသား ဒေသတွေကနေ မူးယစ်ဆေးဝါးထွက်ရှိနေတယ်ဆိုတာကို အမေရိကန် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အစီရင်ခံစာတွေမှာ ဖော်ပြခဲ့ပေမယ့် စစ်အစိုးရက ဒါကို အရင်က ငြင်းဆန်ခဲ့ပါတယ်။ ဒါပေမယ့် မကြာသေးခင်က တိုက်ပွဲဖြစ်ခဲ့တဲ့ ကိုးကန့်ဒေသအတွင်း မူးယစ်ဆေးဝါးတွေ အများအပြား ဖမ်းဆီးရမိခဲ့ပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း စစ်အစိုးရသတင်းစာမှာ ဖော်ပြခဲ့ပါတယ်။ ဒီနေ့ မြန်မာပြည်ကို ရောက်ရှိနေတဲ့ အမေရိကန်အစိုးရအရာရှိတွေကလည်း မူးယစ်ဆေးဝါးထုတ်လုပ်မှုလျော့အောင် ဆောင်ရွက်ရေးဆွေးနွေးဖို့ရှိတယ်လို့လည်း သိရှိရပါတယ်။

---

# ရန်ကုန် တန်ဆောင်တိုင်ပွဲ မစည်ကား

**DVB | နိုဝင်ဘာ ၁ ။** ။ ရန်ကုန်မြို့မှာ နှစ်စဉ်ကျင်းပနေကြ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို ဒီကနေ့ စတင်ကျင်းပတယ်လို့ သိရပါတယ်။

ရိုးရာပွဲတော် တခုဖြစ်တဲ့ တန်းဆောင်တိုင်ပွဲတော်ဟာ တနှစ်ထက်တနှစ်ခြောက်ကပ်လာတယ်လို့ ဒေသခံတွေက ပြောပါတယ်။ အရင်လို ရုပ်ရှင်ပြတာတွေ၊ တေးဂီတဖျော်ဖြေပွဲတွေ မပါဘဲ ဈေးဆိုင်ခန်းတွေ ဖွင့်ထားရုံသာ တွေ့ရတယ်လို့ လမ်းမတော်မြို့နယ်က အမျိုးသမီးတဦး ပြောပြသွားပါတယ်။

"ဆိုင်ခန်းကြီးတွေတောင် မလုပ်ဘူး၊ လမ်းဘေး ဈေးတွေလောက်ပဲ ရှိပါတယ်။ စတိတ်ရှိုး၊ ကာတွန်း ဦးဗဂျမ်းပြပွဲတွေလည်း မလုပ်တော့ဘူး၊ မနှစ်ကလည်း မလုပ်ဘူး၊ အရင်တုန်းက ၁၃ လမ်းမှာလုပ်တယ်လေ။"

တချိန်ကတော့ လမ်းမတော် တန်ဆောင်တိုင် မီးထွန်းပွဲဟာ ရန်ကုန်က အစည်ကားဆုံး မီးထွန်းပွဲဖြစ်ခဲ့ပေမယ့် စင်မြင့်ဖျော်ဖြေပွဲတွေနဲ့ ဝေးခဲ့ရတာ နှစ်ပေါင်းကြာမြင့်ခဲ့ပါပြီ။ လမ်းမတော်မှာ မစည်ကားလို့တခြားမြို့နယ်တွေမှာ မစည်းကားပါဘူး။ လှည်းတန်းသားတဦးကလည်း အခုနောက်ပိုင်း ကြုံကြိုက်ရတဲ့ တန်ဆောင်တိုင်ပွဲတွေဟာ မစည်ကားတော့ဘူးလို့ အခုလိုပြောပါတယ်။

"အရင်ကဆိုရင် လှည်းတန်းကနေ အလုံထိက တပိုက်ကြီး တွေ့နေရတယ်။ မြို့ထဲဆိုရင်လည်း အရမ်းစည်တာပဲလေ၊ အခုတော့ ဘာမှ မရှိတော့ဘူး။"

တာမွေက လူငယ်တဦးကတော့ တာမွေ ကျောက်မြောင်းက ကျားကွက်သစ်ဖက်မှာတော့ စည်တယ်၊ စည်ကားတယ်ဆိုပေမယ့် လူတွေ လမ်းလျှောက်နေကြတာကလွဲလို့ ဘာပွဲမှမရှိဘူးလို့ပြောပါတယ်။ မီထွန်းပွဲလုပ်တဲ့နေရာမှာလည်း မီးလုံး အနည်းငယ်လောက် ချိတ်ဆွဲထားတာကို တွေ့ရလို့ ငယ်ငယ်က ကြုံခဲ့ဖူးတဲ့ တန်ဆောင်တိုင်တွေကို လွမ်းတယ်လို့ပြောပါတယ်။

မြန်မာပြည်သူတွေ စီးပွားရေးကျပ်တည်းကြလို့ အရင်လို ပွဲလန်းသဘင်တွေ မဆင်နွဲနိုင်ပေမယ့် အိမ်နီးချင်း ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာတော့ ညနေချိန်နေဝင်တာနဲ့ လမ်းတွေမှာ မီးတွေပုံမှန်ထက် ထိန်ထိန်လင်းကာ တိုက်တာ အိမ်ယာတွေမှာ ရောင်စုံမီးပုံးတွေ ဆွဲချိတ်ထားတာကို တွေ့နေရပြီး ပျောက်ဖောက်သံတွေကို နေရာတိုင်းမှာ ကြားနေရတယ်။ ကောင်းကင်ကို မော့ကြည့်လိုက်ရင်လည်း မီးပုံးပျံတွေ ဝေ့ဝဲနေတာကို တွေ့မြင်ပါတယ်။

# ကမ်ပ်ဘဲလ်နဲ့တွေ့ပါက မြန်မာ့နိုင်ငံရေးအလေးပေးဆွေးနွေးမယ်လို့စီအာရ်ပီပီပြော

**NEJ | နိုဝင်ဘာ ၂ ။** ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Campbell နှင့် တွေ့ဆုံဖြစ်ပါက ဒီမိုကရေစီစံနှုန်းများနဲ့ သွေဖည်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်အလက် များကိုထောက်ပြကာ အနာဂတ်မြန်မာ့နိုင်ငံရေးကို အလေးထား ဆွေးနွေးသွားမယ် လို့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP အဖွဲ့ဝင် တိုင်းရင်းသားပါတီများက ပြောပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအတွင်းရေးမှူးဦးအေးသာအောင်က "အဓိက ကတော့ ဖွဲ့စည်းပုံပြင်ဖို့ပါ။ အခုန နအဖ ဘက်က တဖက်သတ်ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ တိုင်းရင်းသားပါတီတွေက လက်မခံနိုင်သလို နယ်စပ်မှာရှိနေတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေကို နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းခိုင်းတာတွေလည်း အဆင်မပြေဘူးဆိုတော့ စစ်မှန်တဲ့ပြည်တွင်းငြိမ်းချမ်းရေးကို ရေရှည်မှာဖော်ဆောင်နိုင်မယ်မဟုတ်ဘူး။ ဒါကြောင့် တိုင်းရင်းသားအားလုံး လက်ခံနိုင်အောင် ဖွဲ့စည်းပုံကိုပြင်ဖို့လိုတယ်။ မပြင်ဘူးဆိုရင်တော့ ၂၀၁၀ ရွေးကောက်ပွဲပြီးသွားတဲ့ ဟိုဘက်မှာလည်း တိုင်းပြည်အခြေအနေက ကောင်းနိုင်ဖွယ်မရှိဘူးဆိုတာကို ပြောပြသွားမယ်။" လို့ ပြောပါတယ်။

အမေရိကန်အစိုးရရဲ့ မြန်မာနိုင်ငံဆိုင်ရာမူဝါဒသစ်အရ Mr. Campbell ဦးဆောင်တဲ့ အမေရိကန်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ဒီကနေ့သွားရောက်ကာ စစ်အစိုးရတာဝန်ရှိသူတွေနဲ့ တွေ့ဆုံသွားမှာဖြစ်သလို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ဆုံသွားမှာဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားပါတယ်။

Mr. Campbell ရဲ့ခရီးစဉ်အတွင်း နိုဝင်ဘာ ၄ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များနဲ့လည်း တွေ့ဆုံမှာဖြစ်ပြီး တိုင်းရင်းသားပါတီများနဲ့လည်း တွေ့ဆုံလိမ့်မယ်လို့ ရန်ကုန်နိုင်ငံရေးအသိုင်းအဝိုင်းက ပြောဆိုပါတယ်။

"အကြောင်းကြားမှုတွေတော့ရှိပါတယ်။ ဒါပေမယ့် ဘယ်နေရာ ဘယ်မှာတွေ့ကြမယ်ဆိုတဲ့ အသေးစိတ်ကိုတော့ သူတို့ဘက်ကမပြောသေးပါဘူး။ အရင်တခါတုန်းက ကျနော်တို့အဖွဲ့တွေနဲ့တွေ့လို့မဖြစ်ဘူးဆိုတဲ့ အစိုးရဘက်က ကန့်သတ်မှုတွေလည်း ရှိခဲ့ဘူးတယ်ဆိုတော့ အခုတွေ့ဆုံမှုကလည်း ဖြစ် မဖြစ် မပြောတတ်သေးဘူး။" လို့ ၁၉၉၀ ရွေးကောက်ပွဲမှာအနိုင်ရရှိခဲ့ပြီး စစ်အစိုးရရဲ့ ဖျက်သိမ်းခြင်းခံခဲ့ရတဲ့ ဇိုမီးအမျိုးသားကွန်ဂရက်ပါတီဥက္ကဋ္ဌ ဦးပုကျင့်ရှင်းထန်က ပြောပါတယ်။

အကယ်၍ တွေ့ဆုံနိုင်ခဲ့ပါက သူတို့တိုင်းရင်းသားပါတီအနေနဲ့လည်း ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေး ကိစ္စရပ်ကိုသာ အဓိကထားဆွေးနွေးသွားမယ်လို့ ဦးပုကျင့်ရှင်းထန်ကပြောပါတယ်။ Mr. Campbell နဲ့ သူ့ရဲ့ဒု–လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Scott Marciel တို့ရဲ့ခရီးစဉ်အတွင်း မြန်မာ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနဲ့စပ်လျဉ်းတဲ့ အချက်အလက်များကို စုဆောင်းသွားမှာဖြစ်ကာ စစ်အစိုးရနဲ့အတိုက်အခံအကြား တွေ့ဆုံဆွေးနွေးရေးတွေ ဖြစ်ပေါ်လာစေရေးကိုလည်း တွန်းအားပေးသွားမှာဖြစ်ကြောင်း သိရပါတယ်။

Mr. Campbell ရဲ့ခရီးစဉ်အပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးတိုးတက်ပြောင်းလဲမှုများရှိလာမယ်လို့ မိမိတို့ယူဆမထားကြောင်း ဦးအေးသာအောင်နဲ့ဦးပုကျင့်ရှင်းထန်တို့က ပြောဆိုကြပါတယ်။

"သိပ်အများကြီးမျှော်လင့်ထားလို့တော့မရပါဘူး။ အစိုးရနဲ့ဒီမိုကရေစီရေး လှုပ်ရှားနေသူတွေအကြား စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးပွဲတွေ ဖြစ်လာရင်တော့ ကောင်းပါတယ်။ ဒါပေမယ့် နအဖ အစိုးရက အမေရိကန်နဲ့တွေ့ဆုံရေးကို အားသန်တယ်။ ပိတ်ဆို့မှုရုပ်သိမ်းပေးရေးကို အားသန်တယ်။ ကျန်တဲ့ နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲဖို့ဆန္ဒမရှိဘူး။ တိုင်းရင်းသားတွေ ဒီမိုကရေစီရေးဆောင်ရွက်နေသူတွေနဲ့ တွေ့ဆုံဆွေးနွေးလိုစိတ် မရှိဘူးလို့ထင်တယ်။ ဒါကြောင့် အမေရိကန် ရဲ့ဆောင်ရွက်ချက်တွေဟာ အောင်မြင်မယ်လို့မျှော်လင့်မထားဘူး။" လို့ ဦးအေး သာအောင်က ပြောပါတယ်။

ပိတ်ဆို့အရေးယူမှုများနဲ့အတူ စစ်အစိုးရကို တိုက်ရိုက်ထိတွေ့ဆက်ဆံသွားမယ်ဆိုတဲ့ အမေရိကန်မူဝါဒသစ် ပေါ်ထွက်လာပြီးနောက် Mr. Campbell က စက်တင်ဘာလ ၂၉ ရက်တွင် နယူးယောခ်မြို့မှာ မြန်မာစစ်အစိုးရသိပ္ပံနဲ့နည်းပညာဝန်ကြီး ဦးအောင်သောင်းနဲ့တွေ့ဆုံခဲ့ဘူးပါတယ်။ Mr. Campbell ရဲ့ ပထမအကြိမ်မြန်မာနိုင်ငံခရီးစဉ်အတွင်း နအဖ စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ဆုံနိုင်ခြင်း ရှိ မရှိဆိုတာကိုတော့ မသေချာသေးကြောင်း သိရပါတယ်။

# ၈၈ မျိုးဆက်ကျောင်းသူ မမီးမီး အင်းစိန်ထောင်ကို ပြောင်းရွှေ့

**Mizzima | နိုဝင်ဘာ ၆ ။** ။ ဧရာဝတီတိုင်း၊ ပုသိမ်ထောင်မှာ ထောင် ဒဏ် ၆၅ နှစ်ကျခံနေရသူ ၈၈ မျိုးဆက်ကျောင်းသူ မမီးမီးသည် အင်းစိန်ထောင်သို့ ယနေ့ရောက်ရှိလာပြီဖြစ်ကြောင်း မျက်မြင်တဦးကပြောပါတယ်။

မမီးမီး (ခ) မသင်းသင်းအေးသည် ယနေ့မွန်းလွဲပိုင်းတွင် အင်းစိန်ထောင်ကိုရောက်ရှိလာခြင်းဖြစ်ပါတယ်။ "၁၂ နာရီ ၄၀ မှာ အင်းစိန်ရှေ့ကိုထောင်ကားလာရပ်တယ်။ ကားရပ်ထားတုန်း သူ့အမျိုးသားနဲ့ခဏလေးစကားပြောလိုက်ရတယ်။ မမီးမီးက သူ့ကိုဘာကြောင့်ခေါ်လာတယ်ဆိုတာ မသိဘူး။ အထုတ်အပိုးတွေလည်းပါလာတယ်လို့ ပြောတယ်တဲ့။" လို့ မဇ္ဈိမကိုပြောပါတယ်။

၈၈ မျိုးဆက်ကျောင်းသားများသည် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလအတွင်း လောင်စာဆီဈေးနှင့် ကုန်ဈေးနှုန်းကျဆင်းရေးအတွက် ရန်ကုန်တွင်လမ်းလျှောက်ဆန္ဒပြခဲ့သဖြင့် ဖမ်းဆီးခံကြရပြီး အောက်တိုဘာလတွင် မမီးမီးလည်းဖမ်းဆီးခံလိုက်ရပါတယ်။ အင်းစိန်ထောင်မှာတနှစ်ကျော်ကြာ ထိန်းသိမ်းပြီးနောက် ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်နေ့တွင် တရားမဝင်အဖွဲ့ ဖွဲ့စည်းမှု၊ နိုင်ငံတော်တည်ငြိမ်ရေးကိုပျက်ပြားစေမှု၊ အီလက်ထရောနစ်ပုဒ်မတို့အပါအဝင် ပုဒ်မအနည်းဆုံး ၅ ခုဖြင့် ထောင်ဒဏ် ၆၅ နှစ် ချမှတ်ခံခဲ့ရပါတယ်။

၁၉၉၆ ခုနှစ်ကလည်း အာဏာပိုင်တွေရဲ့ဖမ်းဆီးထောင်ချခြင်းကိုခံခဲ့ရပြီး သာယာဝတီထောင်မှာ ၇ နှစ်ခန့်နေခဲ့ရစဉ်ကစပြီး ဂုတ် ကျိုးပေါင်းနှင့်လေးဘက်နာရောဂါများ ခံစားနေရကြောင်းသိရပါတယ်။ ခင်ပွန်းဖြစ်သူကိုလှမိုးက "သူတို့စိတ်တိုင်းကျအမိန့်ချ၊ ထောင်တွေပြောင်း လုပ်ချင်သလိုလုပ်နေတာ ဘာထူးမှာလဲ။ ကျနော်တို့မိသားစုတွေမှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်တယ်။ သူ့အတွက်လည်း ကျန်းမာရေးက စိတ်ပူရတာပေါ့။" လို့ မမီးမီးနဲ့မတွေ့ဆုံမီ အချိန်ပိုင်းအလိုမှာ အဆက်အသွယ်ရခဲ့စဉ် မဇ္ဈိမကိုပြောသွားခဲ့တာပါ။

၈၈ မျိုးဆက်ကျောင်းသူ မမာမာဦးကိုလည်း ပြီးခဲ့တဲ့ စက်တင်ဘာလ ၂၅ ရက်နေ့တွင် သာယာဝတီထောင်မှ အင်းစိန်ထောင်ကိုခေါ်ယူကာ ထပ်တိုးထောင်ဒဏ် ၅ နှစ်ချမှတ်လိုက်တဲ့အတွက် စုစုပေါင်းထောင်ဒဏ် နှစ် ၇၀ ဖြစ်သွားပါတယ်။ သူ့ကိုလည်း ကျချင်ပြည်နယ် ဗန်းမော်ထောင်ကိုပြောင်းရွှေ့ခဲ့ကြောင်း ရန်ကုန်မြို့ခံနိုင်ငံရေးအကျဉ်းသားဟောင်းတဦးက ပြောပါတယ်။

ကချင်ပြည်နယ်၊ မြစ်ကြီးနားထောင်မှာ ထောင်ဒဏ် ၆၅ နှစ်ကျခံနေရကာ မျက်စိတဘက်အရေးပေါ်ခွဲစိတ်ကုသရန် လိုအပ်နေတဲ့ ၈၈ ကျောင်းသားခေါင်းဆောင် ကိုလှမျိုးနောင်ကိုလည်း မန္တလေးထောင်ကိုပြီးခဲ့တဲ့လ ၃၀ ရက်နေ့မှာ ပြောင်းရွှေ့လိုက်ပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးအတွက် အင်းစိန်ထောင်ရှေ့မှာ ယခုနှစ် စက်တင်ဘာတွင် တကိုယ်တော်ဆန္ဒပြခဲ့သဖြင့် ထောင်ဒဏ် ၂ နှစ်ချခံရသူ လေတပ်အငြိမ်းစား ဗိုလ်ကြီးဦးဇော်ညွှန့်လည်း အင်းစိန်ထောင်ကနေ စစ်ကိုင်းတိုင်း ခန္တီးထောင်ကိုပြောင်းရွှေ့လိုက်ပြီဖြစ်ကြောင်း ခန္တီးထောင်ကိုထောင်ဝင်စာသွားတွေ့ခဲ့သူများထံမှ သိရှိရပါတယ်။

# အမေရိကန် အဆင့်မြင့်သံတမန်အဖွဲ့ ခရီးစဉ် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်

**DVB၊ နိုဝင်ဘာ ၅။** ။ မြန်မာနိုင်ငံခရီးစဉ်ကို ဦးဆောင်တဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ့်ဘဲလ်က သူရဲ့ ၂ ရက်ကြာ မြန်မာခရီးစဉ်နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံကအပြန် ရန်ကုန်လေဆိပ်မှာ မနေ့က သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပါတယ်။

ဒီသတင်းစာရှင်းလင်းပွဲနဲ့ ပတ်သက်ပြီး ရန်ကုန်အခြေစိုက် အမေရိကန်သံရုံးက မနေ့က ရက်စွဲနဲ့ ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ပါတယ်။ ဒီကြေညာချက်မှာ အမေရိကန်အဆင့်မြင့် သံတမန်အဖွဲ့ အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ၂ နာရီကြာ တွေ့ဆုံခွင့်ရခဲ့ပြီး အဲဒီအချိန်တွင်း နအဖ၊ အတိုက်အခံနဲ့ တိုင်းရင်းသားအင်အားစုတွေအကြား တွေ့ဆုံဆွေးနွေးပွဲဖြစ်ဖို့ သူတို့ရဲ့ကြိုးပမ်းမှုကို အခိုင်အမာပြောပြခဲ့ကြောင်း၊ မြန်မာနိုင်ငံမှာ တွေ့ဆုံဆွေးနွေးရေး ပန်းတိုင်ကသာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည့်စုံတဲ့နိုင်ငံရေးဖြစ်စဉ်တခုဖြစ်ကြောင်းကြေညာချက်မှာဖော်ပြထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ သူရဲ့ပါတီခေါင်းဆောင်တွေကြား မကြာခဏတွေ့ဆုံခွင့်ပေးဖို့ သူတို့ အနေနဲ့ နအဖအစိုးရကို တိုက်တွန်းခဲ့ကြောင်း၊ အမေရိကန်–မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်ဖို့ ခြေလှမ်းတွေကို ပြင်ဆင်ထားပေမယ့် ဒီဆက်ဆံရေးလုပ်ငန်းစဉ်တွေက နအဖဘက်က တိုးတက်မှုအပေါ်အခြေခံသွားမှာဖြစ်တယ်လို့ နအဖကို ရှင်းရှင်းလင်းလင်းပြောပြခဲ့ကြောင်း၊ တဘက်မှာလည်း နာဂစ်မုန်တိုင်းသင့် ပြန်လည်ထူထောင်ရေးနဲ့ ရောဂါတိုက်ဖျက်ရေးတွေအတွက် ဆက်လက် ထောက်ပံ့ကူညီသွားမှာဖြစ်ကြောင်း ကာ့တ်ကမ်းဘဲလ်က မနေ့က သူ့ရဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုခဲ့တယ်လို့ ဖော်ပြထားပါတယ်။

ဝါရှင်တန်အစိုးရအနေနဲ့ မြန်မာအစိုးရနဲ့ ၂ နိုင်ငံ တိုးမြှင့်ဆက်ဆံရေးအတွက် အဆင့်သင့်ဖြစ်နေပေမယ့် ဒီမိုကရေစီပြုပြင်တိုးတက်မှုတွေရှိလာတဲ့အထိအရေးယူပိတ်ဆို့မှုတွေကို လျှော့ချသွားမှာမဟုတ်ဘူးလို့ အမေရိကန်နိုင်ငံခြားရေးအရာရှိ စကော့မာဆီယယ်က ရှင်းပြခဲ့ကြောင်း အေဂျင်စီသတင်းတွေမှာပါရှိပါတယ်။ ပထမအကြိမ် နအဖနဲ့တွေ့ခဲ့ပြီး နောက်ပိုင်း နအဖဘက်က ဘယ်လိုတုံ့ပြန်လုပ်ဆောင်လာမယ်ဆိုတာကို မြင်ရဖို့ သူတို့အနေနဲ့အချိန်ယူစောင့်ကြည့်ရမှာဖြစ်တယ်လို့ မြန်မာနိုင်ငံကို ၂ ရက်ကြာ သွားရောက်ခဲ့တဲ့ အမေရိကန်အဆင့်မြင့် သံတမန်အဖွဲ့ဝင် လက်ထောက်အရာရှိ မစ္စတာစကော့မာဆီယယ်က ဒီနေ့ဘန်ကောက်မှာ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ရှင်းပြပြောဆိုခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်က မလွှတ်ပေးဘဲ၊ သူ့ကိုပါဝင်ခွင့် မပေးဘူးဆိုရင် ၂၀၁၀ ရွေးကောက်ပွဲဟာ ယုံကြည်နိုင်လောက်တဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲအဖြစ်ပြောဆိုဖို့က တော်တော်ခက်ခဲပါလိမ့်မယ်လို့ သတင်းထောက်တွေရဲ့ အမေးကို စကော့မာဆီယယ်က ဖြေဆိုခဲ့ပါတယ်။ တိုင်းပြည်အပြောင်းအလဲအတွက် ဒီမိုကရေစီအခြေခံကျတဲ့ ရွေးကောက်ပွဲဖြစ်ပါတယ်လို့ ယုံကြည်စေချင်တယ်ဆိုရင် အတိုက်အခံအင်အားစုအားလုံးနဲ့ တွေ့ဆုံဆွေးနွေးမှု၊ ပါဝင်လှုပ်ရှားရမှုတွေ ရှိရမယ်လို့ မာဆီယယ်က ဖြေဆိုခဲ့ပါတယ်။

အမေရိကန်အဆင့်မြင့် သံအဖွဲ့နဲ့ နအဖအစိုးရအကြား ဆွေးနွေးမှုနဲ့ ပတ်သက်ပြီး အမေရိကန်အစိုးရအနေနဲ့ အရေးယူပိတ်ဆို့မှုဟာ အသုံးဝင်ဆဲကိရိယာဖြစ်သလို မြန်မာအစိုးရဘက်က ပြုပြင်ပြောင်းလဲမှုတွေ ရှိလာမယ်ဆိုရင် အမေရိကန်အနေနဲ့ ပိတ်ဆို့မှုတွေကို လျှော့ပေါ့သွားဖို့ စဉ်းစားထားကြောင်း၊ ဒါပေမယ့် သူတို့အနေနဲ့မြန်မာအစိုးရနဲ့ပြောဆိုတဲ့အခါမှာ အမေရိကန်အစိုးရဘက်က လုပ်နိုင်တဲ့ အတိုင်းအတာကိုပဲ ပြောခဲ့ကြောင်း၊ နအဖဘက်က ဒီအချက်ကိုလုပ်ပေးရင် အမေရိကန်ဘက်က ဒီအချက်ကို ပြန်လုပ်ပေးမယ်ဆိုတဲ့ အပေးအယူစကားမပြောခဲ့ကြောင်း စကော့မာဆီယယ်ရဲ့ ပြောဆိုချက်ကို ကိုးကားပြီး ဒီနေ့ အေအက်ပီသတင်းမှာ ဖော်ပြထားပါတယ်။

Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှ စတင်၍ အပတ်စဉ်ထုတ်ဝေသည်

To

AIR MAIL

PRINTED MATTER